www.dhammaransi.com

တက္ကသိုလ် သျှင်သိရိ
ဓမ္မာစရိယ၊ ဘီအေ

# နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ



www.dhammaransi.com

- ကောင်းမှုပြုလိုနိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်ဆီ ဆည်းနိုင်ကြသူများအတွက် —
- အသင်းသင်း အစုစု၊ မှတ်တမ်း အမှုမှုတို့ဖြင့် တန်ဆာဆင် ခြယ်မှုနှိုး၍ —
- စာရှုသူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား အထက် ခြောက်ဆွာ နတ်နန်းဘုံအရောက် အမှန်တကယ် သေမြဲပြဆောင် ပေးပြီး အကျိုးထူး ရှိစေမည့် စာအုပ်ကောင်းတစ်အုပ် —

# နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)
ပြုစုသည်

---

ဖြန့်ချိရေး > မိုးတိမ်ပန်းရဂုံစာပေ၊ ၈၂/၉၁၉၊ ၈ရပ် ၆–လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် • ၄၈/၉၈ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၆/၉၈ (၉)

ပုံနှိပ်ခြင်း ➡ ပထမအကြိမ်
၁၉၉၈-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀

မျက်နှာဖုံးပန်းချီ ➡ ရွှေစိုးဟန်

ထုတ်ဝေသူ ➡ ဦးမြသန်း (မြ-၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ
အမှတ်-၃၅၊ သမာဓိလမ်း၊ ဖွဲ့ဆုံရပ်
မရမ်းကုန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ➡ ဦးကျော်ငွေး (၀၂၇၇၃)
ရွှေဇင်ကျော်ပုံနှိပ်တိုက်၊ ၆၄/၄၆၇
စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်။

မျက်နှာဖုံးပုံနှိပ်သူ ➡ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁/၃၃-လမ်း
ရန်ကုန်မြို့။

ကွန်ပျူတာစာစီ ➡ မျိုးမော်ကွန်ပျူတာ၊ ဖုန်း - ၂၅၃၃၅၂
(၃၀၂) မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်။

တန်ဖိုး ➡

www.dhammaransi.com

# အမှာစာ

ဤစာရေးသူသည် လွန်ခဲ့သော (၅)နှစ်လောက်က **သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ**ဟူသော စာအုပ်ကို ကံ,ကံ၏ အကျိုးပေးပုံ၊ သေခါနီးမှာ အရေးကြီးပုံ၊ ဘဝကူးရာတွင် ဒါန, သီလသည် မည်မျှ ဘဝကူးကောင်းရေးကို အထောက်အကူပြုသည် စသည်တို့ကို သိစေလိုသော စေတနာဖြင့် ရေးသားခဲ့ပါသည်။

ထိုစာအုပ်ကို ဗုဒ္ဓဘာသာဝင်တွေရော၊ အခြားဘာသာဝင်တွေကပါ အတော်များများ နှစ်သက်လက်ခံပြီး အကြိမ်ကြိမ် ရိုက်နှိပ်ယုတ်ဝေခဲ့ရပါသည်။ ထိုစာအုပ်ပါ ဇာတ်လမ်းများကို တင်မော်(ဓာတု)က ရုပ်ပြဆွဲပြီး ဖိုးထူးစာပေက ထုတ်ဝေလိုက်သောအခါ လူငယ်လောက်ပါ စိတ်ဝင်စား လက်ခံလာပါသည်။ ဖတ်ရှုလေ့လာကြပါသည်။ မရှင်းလင်းသောအချက်များ၊ သံသယသောအချက်များကို မေးမြန်းစုံစမ်းလာကြပါသည်။

စာရေးသူသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်တွင်းသာသနာပြု ဌာနခွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေပြီး လုပ်ငန်းတာဝန်အရ ပြည်နယ်အသီးသီးသို့ သာသနာပြုသင်တန်းများ လိုက်လံပို့ချပေးရပါသည်။ ရုပ်ပြဇာတ်လမ်းများကို ဖတ်ရှု

www.dhammaransi.com

ပြီးသော ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ် လူလတ်လူကြီးအားလုံး တို့သည်လည်းကောင်း၊ အခြားဘာသာဝင်လူငယ်လူလတ် လူရွယ် တို့သည်လည်းကောင်း ထိုစာအုပ်များကို ဖတ်ရှုပြီးကြ၍ စာရေး သူတို့ မြို့နယ်များသို့ ရောက်လာမှန်းသိကာ ထိုကိစ္စကို လာ ရောက် ဆွေးနွေးမေးမြန်း စုံစမ်းကြသည်။ မေးလာသော မေးခွန်းအများအပြားထဲတွင်–

- သေရွာပြန်တွေ သတိရလာလျှင် ပထမဦးစွာ ဘာပြုလို့ အစားအစာကို မတောင်းဘဲ ရေကိုအရင်တောင်းသောက် ရပါသလဲ၊
- နတ်ပြည်က ပြန်လာသော သေရွာပြန်တွေကော မရှိ ဘူးလား၊
- လူ့ပြည်ပြန်ရောက်တဲ့ သေရွာပြန်တွေကော မရှိဘူးလား ဟူသော မေးခွန်းများကို မေးကြပါသည်။

ဤမေးခွန်း (၃)ရပ်ကို စာရေးသူ သင်တန်းသွားရောက် ပို့ချခဲ့ရသော ကယားပြည်နယ်၊ လွိုင်ကော် ဗုဒ္ဓဘာသာတရားတော် အဆင့်မြင့်သင်တန်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ လူသာသနာပြု သင်တန်း၊ စစ်ကိုင်းတိုင်း ခန္တီးမြို့ လူသာသနာပြုသင်တန်း များတွင် ထပ်တူညီမျှ အမေးခံ ဆွေးနွေးခံခဲ့ရပါသည်။

ထိုမေးခွန်း (၃)ရပ်ထဲတွင် စာရေးသူက သေရွာပြန်များ အစားအစာကို မတောင်းဘဲ ရေကိုဘာပြုလို့ အရင်တောင်း

www.dhammaransi.com

သောက်ရပါသလဲဟူသော မေးခွန်းနှင့် ပတ်သက်၍ ခင်ဗျားတို့ တစ်တွေ မောမောပန်းပန်း ခရီးလမ်းက ပြန်လာလို့ အိမ်ပြန် ရောက်လျှင် အစာကို အရင်စားမိသလား၊ ရေကိုအရင်သောက်မိ သလားဟု မေးမိပါသည်။ ထိုအခါ သူတို့က ပြုံးရွှင်စွာနှင့် ရေကိုအရင်သောက်မိပါတယ်ဆရာဟု အဖြေပေးကြပါသည်။

"အဲဒီလိုပဲ၊ တမလွန်ခရီးကို ခဏလိုက်ပါသွားရတဲ့သူတွေ ဟာ ကြောက်လန့်ဖွယ်ရာ ခရီးဝေးက ပြန်အလာ မောဟိုက် ပင်ပန်းလာသည့်အတွက် ရေကို အရင်တောင်းသောက်ခြင်း ဖြစ်ပါသည်"

ဟု အဖြေပေးခဲ့ပါသည်။ အားလုံးကလည်း လက်ခံ နှစ်သက်ကြပါသည်။ ဒုတိယအချက် မေးခွန်းနှင့် ပတ်သက်၍ အရှင်လတ်လတ် နတ်ပြည်ရောက်သူများတောင် ရှိပါသည်။ ဘဝကို မေ့ပြီး နတ်ပြည်ရောက်သူများလည်း ရှိပါသည်။ ယခု **သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ** စာအုပ်ထဲမှာ ဒေါ်ကုလားမ နေရမည့် ဘုံဗိမာန်ကို မြင်ခဲ့ရတဲ့ ဆရာတော်ဟာ နတ်ပြည်ရောက်ခဲ့သူ ဖြစ်ပါသည်ဟု အဖြေပေးခဲ့ပါသည်။

"အဲဒီအကြောင်းတွေကိုလည်း ဆရာ့အနေနှင့် ရေးပြပေး စေလိုပါသည်"ဟု ဆိုကြသည်။ စာရေးသူကလည်း တစ်နေ့ ကျရင် ရေးပြပါမည်ဟု ဝန်ခံပါသည်။

အလားတူပင် လူ့ပြည်ရောက် သေရွာပြန်နှင့် ပတ်သက်၍ လူ့ပြည်လူဝင်စားများရှိကြောင်း ပြောပြခဲ့ပါသည်။ ထိုအကြောင်း

www.dhammaransi.com

များကိုလည်း ရေးပြပေးပါရန် မေတ္တာရပ်ခံကြပါသည်။ စာရေးသူကလည်း တစ်နေ့ ရေးပြပါမည်ဟု ထုံးစံအတိုင်း ဝန်ခံခဲ့ပါသည်။

စာရေးသူသည် သင်တန်းမှ ပြန်ရောက်၍ ထိုမေးခွန်းများကိစ္စနှင့် ပတ်သက်၍ မြတ်ပန်းရဂုံစာပေတိုက်မှ ဆရာ ဦးခင်မောင်ဦး၊ ဦးအောင်ကျော်ထူးတို့နှင့် ဆွေးနွေးမိပါသည်။ သူတို့ကလည်း–

"ဆရာ ရေးသာရေးပါ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက် အကျိုးရှိမယ့် ကိစ္စ၊ ဘာသာ သာသနာအတွက်အထောက်အပံ့ဖြစ်မယ့်ကိစ္စဆိုတော့ မဖြစ်မနေ ထုတ်ဝေဖြန့်ချိပါမယ်။ အရှုံးအမြတ် ပဓာနမထားပါဘူး"

ဟု ဆိုကြပါသည်။

သို့အတွက် စာရေးသူသည် စာဖတ်သူများ၊ ဗုဒ္ဓဘာသာ၏ကံ, ကံ၏အကျိုးကို လေ့လာလိုက်စားသူများ၊ လက်ခံသူများအတွက် ဤ(**နတ်ပြည်ရောက် လူသားတို့၏ ဘဝအတွေ့အကြုံများ**)စာအုပ်ကို ကြိုးစား၍ ရေးသားရပါသည်။

ဆက်လက်၍လည်း လူဝင်စားများနှင့် ပတ်သက်၍ (လူ့ဘဝခန္ဓာအိမ် ဒုတိယအကြိမ် ပြန်လာသူများ)**လူဝင်စား** ဟူ၍ ကြိုးစားရေးသားပါမည့်အကြောင်း ကြိုတင် သတင်းပေးထားအပ်ပါသည်။(ဤစာအုပ် ရိုက်နှိပ်သည့်အချိန်တွင် **လူဝင်စား** စာအုပ်မှာ ဦးစွာ ရိုက်နှိပ်ဖြန့်ချိပြီး ဖြစ်နေပါသည်။)

www.dhammaransi.com

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မေးခွန်းမေးကြသူ၊ ဆွေးနွေးကြသူများ၊ စာအုပ်ဖြစ်ရေးအတွက် ဝိုင်းဝန်းကူညီပေးသော သမီးလတ် ခင်သူဇာမြင့်၊ သမီးငယ် မစန္ဒာမြင့်နှင့် စာအုပ်ဖြစ်အောင် စီစဉ်ဖြန့်ချိပေးသူ မြတ်ပန်းပန်းရဂုံစာပေတိုက်မှ ဦးခင်မောင်ဦး၊ ဦးအောင်ကျော်ထူးနှင့် ဦးသိန်းဇော် ညီအစ်ကိုတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ
(မဟာစရိယ၊ ဘီ-အေ)

ဦးကိုကိုမြိုင်
အမှတ် စ/၅၅၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မ/ဥက္ကလာပ
ရန်ကုန်မြို့။

www.dhammaransi.com

## မြတ်ပန်းရဂုံစာပေတိုက်တွင် ရရှိနိုင်သော
## စာရေးဆရာတက္ကသိုလ်သျှင်သီရိ (မဟာစရိယ ဘီ-အေ)၏
## စာအုပ်ကောင်းများ

- သေရွာပြန်တို့၏ ဖြစ်ရပ်မှန် ဘဝအတွေ့အကြုံများ
- ငရဲဟူသည်
- ရဟန္တာဟူသည်
- လူ့နတ်ဗြဟ္မာဟူသည်
- လာခြင်းကောင်း၍ ပြန်ခြင်းချမ်းမြေ့ပါစေ
- ရကြပါစေ အမျှဝေ၏
- ဖုက် ပြိတ္တာများနှင့် ကမ္မဝါစာအစွမ်း
- လင်ကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့
- ဤသည်မိန်းမဣတ္ထိဝက်
- မွေးပုံ့သင်းထုံ မြတ်သီလဂုဏ်
- ပရိတ်တန်ခိုး ပရိတ်အကျိုး
- အိုဘယ့်မြတ်ရဟန်း
- လူ့ဝင်စား

**ယခု**

- နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ

**ဆက်လက်၍**

- ဗုဒ္ဓဂုဏာ မြတ်ဂါထာ

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


အမှာစာ ..........................................

## အခန်း(၁)

## လူ့ဘုံနှင့် နတ်ဘုံ သဘောသဘာဝ

- ဘဝနိကန္တိက ခေါ် ဘဝတဏှာ ........ ၁
- လူဟူသည် ........ ၂
- လူ့ဘုံသဘော ........ ၆
- ဗုဒ္ဓဘာသာဝင်လူသားတို့၏ ယုံကြည်ချက်ကြီး ၁၀-ခု ၈
- နတ်ဟူသည် ........ ၁၂
- နတ်၏စည်းစိမ်ချမ်းသာ ........ ၁၅
- နတ်အမျိုးမျိုးဖြစ်ပေါ်မှု ........ ၁၇
- နတ်ဘုံနှင့် ပုဂ္ဂိုလ်များ ........ ၂၀
- နတ်အချင်းချင်းမတူခြင်း ........ ၂၁
- နတ်တို့ ကာမဂုဏ်ခံစားမှု ........ ၂၂
- နတ်သြဇာနှင့် ကျင်ကြီးကျင်ငယ် ........ ၂၄
- နတ်တို့ လူ့ပြည်လာလျှင် ရုပ်ကြမ်းဖန်ဆင်းခြင်း ၂၅
- နတ်မျက်စိ ........ ၂၆

www.dhammaransi.com

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


- နတ်သဘင်စည်းဝေးရခြင်းအကြောင်း .......... ၂၈
- နတ်တို့ စုဝေးခါနီး မှာကြားပုံ .......... ၃၁
- ပုဗ္ဗနိမိတ်မထင်သောနတ်များ .......... ၃၁
- နတ်တို့စုဝေး၍ ခန္ဓာမကျန်ခြင်း .......... ၃၂
- နတ်စုဝေးလျှင် နတ်ဘုံ၌ ပြန်ဖြစ်သူနည်းခြင်း .......... ၃၃
- ခြောက်တန်နတ်ရွာ .......... ၃၄


## အခန်း(၂)

## လူ့သားဘဝနှင့် နတ်ပြည်ရောက်ကြသူများ


- နတ်ပြည်ရောက် နေမိမင်း .......... ၃၉
- တာဝတိံသာနတ်ပြည်ရောက် ဂုတ္တိလစောင်းဆရာ .......... ၄၅
- တာဝတိံသာရောက် ညီတော်နန္ဒ .......... ၅၈
- အရှင်လတ်လတ် ရက္ခစိုးနတ်ဘုံရောက်ရသူ .......... ၆၆
- ရက္ခစိုးနတ်ဗိမာန်၌ ၇ ရက်နေခဲ့သူ .......... ၇၁
- နတ်ပြည်တဒင်္ဂရောက် ရေဝတီ .......... ၈၃


## အခန်း(၃)

## လူ့ပြည်ပြန်ပြ နတ်သား နတ်သမီးတို့ဘဝ


- ဘုရားရှင်နှင့်ပရိသတ်ထံ ပြန်လည်ပြသော သီရိမာ ၉၄
- လူ့ပြည်ပြန်ပြ ပေသဝတီ နတ်သမီးအလှ .......... ၁၁၈

www.dhammaransi.com

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


- မိမိရုပ်ရှာကိုပြန်ပြ ကျွန်မဘဝက နတ်သမီး ........ ၁၂၆
- နတ်ပြည်ရောက်မှ လူ့ပြည်ပြန်ပြ ဆတ္တမာဏဝ... ၁၃၆
- ရှင်မဟာကစ္စည်းနှင့် ဖခင်ကြီးကို ပြန်လည်ပူဇော်သော သုဇာတနတ်သား............................ ၁၅၁
- ဖခင်ကို ပြန်လည်လာ၍ ဆုံးမသော မဋ္ဌကုဏ္ဍလီနတ်သား............................................................ ၁၆၃


## အခန်း(၄)

## နတ်ပြည်ရောက် သေရွာပြန်များ


- ဝိညာဉ်မချုပ်ခင် နတ်ပြည်ဝင်ခဲ့သောမောင်ကံ ........ ၁၇၉
- ရှင်မထီးတန်ဆောင်းမှ တာဝတိံသာ စူဠာမဏိသို့ ရောက်ရသော ဆရာဝန်ကြီးဦးသိန်း..................... ၁၈၅

www.dhammaransi.com

# အခန်း(၁)

# လူ့ဘုံနှင့် နတ်ဘုံ သဘောသဘာဝ

## ဘဝနိကန္တိက ခေါ် ဘဝတဏှာ

သတ္တဝါတို့သည် ဘဝဟောင်းတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်း၍ တမလွန်ဘဝသစ်တွင် ခန္ဓာအသစ် ဖြစ်ကြသော သတ္တဝါတို့၏ ဖြစ်ခဲ့ဖူးသော ဘဝဟောင်းကို တက်မက်မောသည့် တဏှာ၊ ဖြစ်လိုသော ဘဝသစ်ကို တပ်မက်မောသော တဏှာဟူသော ဘဝနိကန္တိက(ဘဝတဏှာ)သည် အရေးကြီးသော စွမ်းအားတစ်ခု ဖြစ်ပါသည်။

ဘဝသစ်တစ်ခု ဖြစ်ပေါ်ရာတွင် ဘဝဟောင်း ချုပ်ငြိမ်းခါနီး၌ အဝိဇ္ဇာခေါ်သော မောဟသည် ထင်လာသောအာရုံ၏ အပြစ်ကို မမြင်အောင်(တစ်နည်း) မသိအောင် ပညာမျက်စိကို ဖုံးကွယ်ထားလိုက်သည်။

ဘဝကို တွယ်တာတပ်မက်သော ဘဝနိကန္တိက ခေါ် ဘဝတဏှာက လိုချင်သော ဘဝသစ်ကို လမ်းညွှန်ပေးလိုက်သည်၊

www.dhammaransi.com



ညွှတ်ပေးလိုက်သည်။ ထိုအခါ တဏှာက လမ်းညွှန်ပေးလိုက်သော ဘဝသစ်သို့ ကုသိုလ်(သို့မဟုတ်) အကုသိုလ်ခေါ်သည့် သင်္ခါရက ပို့ပေးပစ်ချလိုက်သည်။

ဤအဝိဇ္ဇာ တဏှာ သင်္ခါရ အကြောင်းသုံးပါးတွင် တဏှာခေါ်သော ဘဝနိကန္တိက တရားသည် အလွန်အရေးပါလှပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန် အရိယာ ဘုရားဒါယကာ ကျောင်းဒါယကာကြီးတစ်ဦး ဖြစ်ခဲ့သော်လည်း ဘဝနိကန္တိက ဘဝတဏှာကြောင့် စတုမဟာရာဇ် နတ်ပြည်ဝယ် ဇနဝသဘ နတ်စစ်သူကြီး ဖြစ်ရသည်။

ပတိပူဇိတ နတ်သမီးဘဝမှ ကဖြစ်လဲ အမျိုးသမီးငယ်သည် လင်တော်ခဲ့ဖူးသော မာလာဘာရီ နတ်သားထံ ပြန်လိုသော ဘဝနိကန္တိကတဏှာကြောင့် မာလာဘာရီနတ်သားထံ ပြန်ရောက်ခဲ့ရသည်။

ဤသည်မှာ ဘဝနိကန္တိကတဏှာ၏ တောင့်တမှုကြောင့် ဘဝအမျိုးမျိုး ဖြစ်ရမှုများ ဖြစ်ကြပါသည်။

## လူဟူသည်

လူဟူသည့် မြန်မာဝေါဟာရမှာ- ပါဠိဝေါဟာရ "မနုဿ" ဟူသောပုဒ်မှ ဆင်းသက်လာသည်ဟု ပညာရှိတို့က ယူဆခဲ့ကြပါသည်။

www.dhammaransi.com



ယင်း မနုဿဟူသော ပါဠိဝေါဟာရပုဒ်ကို အဋ္ဌကထာ (အဖွင့်) ဆရာက– "လောဘ, အလောဘ အစရှိသည်တို့နှင့် တကွဖြစ်သော စိတ်၏ပြန့်ပြောများပြားသည်၏ အဖြစ်ကြောင့် လူမည်၏"ဟု ဖွင့်ဆိုရှင်းပြထားပါသည်။

တလူလူ မြင့်မားတက်ကြွနေသော အဓိပ္ပာယ် သက်ရောက်သော မြန်မာအခေါ် မြန်မာပညတ်"လူ"ဟူသည်နှင့် ထပ်တူလိုပင် ဖြစ်နေပါသည်။

လူဆိုသော သတ္တဝါတို့သည် လောဘ စသော စိတ်ပြန့်ပြောနေ၍ ပင် အပါယ်ဘုံများသို့ သက်ဆင်းသွားရသကဲ့သို့ အလောဘ စသော စိတ်ကောင်းစိတ်မြတ်များ ပြန့်ပြောများပြား တလူလူမြင့်မားနေ၍ပင် နတ်ပြည်၊ ဗြဟ္မာပြည်နှင့် နိဗ္ဗာန် ခရီးလမ်းတွင် ပြည့်လျှမ်း၍ နေရလေသည်။

လူနှင့် ပတ်သက်၍ အင်္ဂုတ္တရနိကာယ်တွင် ဘုရားရှင်က–

"ရဟန်းတို့၊ ဇမ္ဗူဒိပ်ကျွန်းနေ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုလည်းကောင်း၊ တာဝတိံသာနတ်တို့ကိုလည်းကောင်း လွှမ်းမိုးသာလွန်ကုန်၏။ အဘယ်အကြောင်းသုံးမျိုးတို့နည်းဟူမူ–

- ရဲရင့်ကုန်၏။
- ခိုင်မြဲသောသတိရှိကုန်၏။
- ဤကျွန်း၌ မြတ်သောအကျင့်ကို ကျင့်သုံးရာ၏"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

www.dhammaransi.com



လူဟု ဆိုရာ၌လည်း ဝိမာနအဋ္ဌကထာ၌ လူသည် သာမညအားဖြင့် တစ်မျိုးတစ်စားတည်းသာ ဖြစ်သော်လည်း အထူးပြု၍ ခွဲဝေရလျှင် လေးမျိုးရှိကြောင်း ခွဲဝေပြထားသည်ကို တွေ့ရပါသည်။

(၁) လူငရဲသား၊
(၂) လူပြိတ္တာ၊
(၃) လူတိရစ္ဆာန်၊
(၄) လူသားစစ်စစ်၊

**လူငရဲသားဟူသည်** - လူသက်ဝင် လူသားစစ်စစ်ဖြစ်လျက် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မပြုသင့်သော အမှုတို့ကို ပြုလုပ်သဖြင့် ပြစ်ဒဏ်ပေးရန် ကိုက်တန်သည့်အားလျော်စွာ မင်း စသည်တို့က လက် ခြေ ဖြတ်ခြင်း စသော အပြစ်တို့ဖြင့် အပြစ်ပေးခံရပြီး ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရသော လူမျိုးဖြစ်ပါသည်။

**လူပြိတ္တာဟူသည်** - လူသားစစ်စစ် ဖြစ်သော်လည်း ရှေးက ပြုခဲ့ဖူးသော မကောင်းမှုကြောင့် (ရှေးက ကောင်းမှုကို မပြုခဲ့သောကြောင့်) အစားအစာ အဝတ်အထည်ကို မရရှိ၊ ဆာလောင်ခြင်းဖြင့် နှိပ်စက်ခံနေရ၍ ဆင်းရဲကြီးစွာဖြင့် ရပ်တည်ရာမရ ကတိမ်းကပါး ပြေးလွှားရှာဖွေနေရသူမျိုး ဖြစ်ပါသည်။

www.dhammaransi.com



**လူတိရစ္ဆာန်ဟူသည်** - လူလူချင်း အတူတူဖြစ်သော်လည်း သူ
တစ်ပါးနှင့် စပ်၍ အသက်မွေးရသဖြင့်
သူတစ်ပါးတို့၏ တာဝန် ဝတ္တရားများတို့ကို ထမ်းဆောင်လျက် မနေမနား သွားလာနေရသူများ။

လူ့လောက စည်းမျဉ်းဥပဒေကို ကျော်နင်းဖျက်ဆီး၍ မလုပ်အပ်သည်ကို လုပ်သဖြင့် အစိုးရမင်း စသော တစ်ပါးသူတို့၏ ခြိမ်းခြောက်မှုကြောင့် သေဘေးကိုကြောက်၍ တောတောင်ထဲသို့ ပြေးဝင်နေရပြီး အိပ်လိုခြင်း၊ စားလိုခြင်း၊ ဆာလောင်ခြင်း ဆင်းရဲကို ပယ်ဖျောက်ရုံမှတစ်ပါး အခြားမည်သည့် အကြောင်းအကျိုး ဟုတ်သည် မဟုတ်သည်ကိုမျှ မစဉ်းစားနိုင်ဘဲ ဒုက္ခကြီးစွာ လှည့်လည်ထွက်ပြေးနေရသူမျိုး ဖြစ်သည်။

**လူသားစစ်စစ်ဟူသည်** - မိမိ၏ အကျိုးစီးပွားကိုသိ၍ ကံ,
ကံ၏အကျိုးကို ယုံကြည်ကာ-

- မကောင်းမှုမှ ရှက်ခြင်း
- မကောင်းမှုမှ ကြောက်ခြင်း

တို့နှင့် ပြည့်စုံပြီးလျှင် သတ္တဝါတို့အပေါ်၌ သနားခြင်းရှိသည့်အပြင် သံဝေဂတရားရှိသည့်အလျောက် အကုသိုလ်ကမ္မပထတရားတို့ကို ရှောင်ကြဉ်ကာ ကုသိုလ်ကမ္မပထတရားတို့ကို ကောင်းစွာ ကျင့်သုံးပြီး ဒါန, သီလ, ဘာဝနာ စသော ပုညကြိယာ ဝတ္ထုဆယ်ပါးနှင့် ပြည့်စုံသော လူမျိုးဖြစ်သည်။

## လူ့ဘုံသဘော

လူ့ပြည်လောက၏ ရဲရင့်ခြင်း၊ သတိရှိခြင်း၊ မြတ်သော အကျင့်တို့ကို ကျင့်သုံးနိုင်ခြင်းတို့သည် နတ်ပြည်အထပ်ထပ်၏ စည်းစိမ်တန်ခိုးအမျိုးမျိုးတို့ ဖြိုးဖြိုးဝေမျှတို့ကို ဖန်တီး၍ ပေးနေကြသည်။

သို့အတွက် လူ့ပြည် လူ့လောကကြီးသည် နတ်ပြည် ဗြဟ္မာပြည်တို့၏ စည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နေ့ညမရွေး ထုတ်လုပ်ပြုပြင်၍ ပေးနေသည့် အချက်အချာ ဗဟိုဌာနကြီးဖြစ်ပြီးလျှင် နတ်ပြည် ဗြဟ္မာပြည်သို့သွားရာ ကူးတို့ဆိပ်ကြီး သဖွယ် ဖြစ်နေသည်။

လူ့ပြည်မှ လူတို့သည် မိမိတို့၏ ကုသိုလ်ပုညအားလျော်စွာ နတ်ပြည် ဗြဟ္မာပြည်တို့သို့ နေ့ညမရွေး ကူးသန်းရွှေ့ပြောင်း နေကြပေသည်။

လူ့ဘုံဟူသော ပဒေသာပင်ကြီး၊ သုဂတိကူးတို့ဆိပ်ကြီး မှပင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုံးဖြာသော စည်းစိမ်ကြီးများကို ခူးဆွတ်စားသောက် ကူးမြောက်ရွှေ့ပြောင်း သွားနိုင်သဖြင့် ဘဝအမျိုးမျိုးတွင် လူ့ဘဝသည်သာ အကောင်းမွန်ဆုံး၊ ကောင်းမှုကုသိုလ် ပြုနိုင်ဆုံးဟု ဆိုရပေမည်။

ဤစကားဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဟူသော ပုညကြိယာ အမှုများကို လူ့ဘဝမှတစ်ပါး အခြားသောဘဝ၊

www.dhammaransi.com



အခြားသောဂတိများ၌ ပြုလုပ်ခွင့်မရဟူ၍ကား မဆိုလိုပါ။ သင့်တင့်သလောက် ရနိုင်သည်ဟူ၍ကား ဆိုရပါမည်။

ငရဲဘုံ၌ပင် ကာမာဝစရ ကုသိုလ်စိတ် ဖြစ်ခြင်းကို ရံဖန်ရံခါ ရနိုင်ပေသေးရာ အခြားဘုံများ၌ကား ဆိုဖွယ်ရာမရှိပါ။

သို့ဖြစ်စေကာမူ နတ်ဘုံ၊ ငရဲဘုံနှင့် တိရစ္ဆာန်တို့သည် ချမ်းသာ မရှိ ဆင်းရဲစစ်စစ်နှင့် ဆင်းရဲများပြားသည်၏ အဖြစ်ကြောင့် ပုညကြိယာ ကုသိုလ်ကောင်းမှု ပြုခွင့်များကို ရရှိရန် မလွယ်ကူပေ။

ထို့ပြင် သပ္ပုရိသူပနိဿယစက် ဟူသော သူတော်ကောင်းပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်တွေ့ဆုံခွင့် စသည့်အကြောင်းမျိုးတို့နှင့် ယှဉ်စပ်ရန် အလွန်ခဲယဉ်းလှပါသည်။ ထို့ကြောင့် ပုညကြိယာ ကုသိုလ်ကောင်းမှုပြုခွင့်များမှာ ဝေးသည်ထက်ဝေး၍ နေရပေသည်။

လူ့ဘုံဟူသည်ကား နတ်ဘုံကဲ့သို့လည်း ချမ်းသာအတိ ခံစားရသည်မဟုတ်၊ ငရဲဘုံကဲ့သို့လည်း ဆင်းရဲအတိခံစားရသည် မဟုတ်၊ တိရစ္ဆာန်ဘုံကဲ့သို့လည်း ဆင်းရဲများပြားလှသည်မဟုတ်။ ချမ်းသာများပြားသော သုခဗဟုကုလ ဘုံမျိုးဖြစ်ရာ–

– ပုညကြိယာဝတ္ထု ဖြစ်ခွင့်လည်းလွယ်ကူသည်၊

– သပ္ပုရိသူပနိဿယ စက်နှင့်လည်းပြည့်စုံနိုင်ပေသည်။

လူ့ဘုံသည် ဆင်းရဲဒုက္ခနှင့်ကား မကင်းနိုင်သေးချေ။

www.dhammaransi.com



သို့သော် ထိုဆင်းရဲသည်ပင် ပုညကြိယာဝတ္ထု ကောင်းမှုပြုရန်အတွက် အထောက်အကူပြုနေပါသေးသည်။

- ဆင်းရဲကိုမှီ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားဖြစ်ပွား၍ လာရပါသည်။
- သံတုံးကို ဓားစသော လက်နက်လုပ်ရာ၌ မီးချည်းဖုတ်နေလျှင်သော်လည်းကောင်း၊ ရေချည်းလောင်းနေလျှင်သော်လည်းကောင်း ထိုးခုတ်သုံးစွဲနိုင်သော လက်နက်ဖြစ်မလာနိုင်ပေ။ မီးလည်း ထိုက်သင့်သလောက် ဖုတ်၊ ရေလည်း ထိုက်သင့်သလောက် လောင်းမှ လက်နက်ကောင်း ဖြစ်လာသကဲ့သို့ မီးနှင့်တူသော ဆင်းရဲချည်းသာ ခံစားနေရမှု၊ ဆင်းရဲများပြားနေရမှု၊ ရေနှင့်တူသော ချမ်းသာချည်း ခံစားနေရမှုတို့သည် ပုညကိရိယာဟူသော လက်နက်ကောင်းတို့ကို များစွာ မဖြစ်ပေါ်စေနိုင်ပါ။

မီး ရေ မျှတ ချမ်းသာ ဆင်းရဲ သင့်ရုံမျှ ခံစားရသော လူ့ဘုံမျိုးမှာသာ ပုညကြိယာလက်နက်ကောင်းများကို အခြားဘုံတို့ထက်ပို၍ ပြုလုပ်ထုတ်လုပ်နိုင်ကြောင်း နှလုံးပိုက်ထားကြရပါမည်။

## ဗုဒ္ဓဘာသာဝင် လူသားတို့၏ ယုံကြည်ချက်ကြီး (၁၀)ခု

ဗုဒ္ဓဘာသာကို လက်ခံယုံကြည်ကြသူတို့သည် ဘုရား၊

www.dhammaransi.com



တရား၊ သံဃာဟူသော ရတနာသုံးပါးနှင့် ကမ္မဝါဒ ကံ, ကံ၏အကျိုးကို ယုံကြည်ထားကြသူများ ဖြစ်ကြပါသည်။

- သတ္တဝါတို့သည် အတိတ် ပစ္စုပ္ပန် နှစ်တန်သောကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်။
- နှစ်တန်သော ကံ၏အမွေကို ခံယူကြရသည်။
- နှစ်တန်သောကံသာ အကြောင်းရင်းရှိသည်။
- နှစ်တန်သောကံသာ ဆွေမျိုးဖြစ်ကြသည်။
- နှစ်တန်သောကံသာ အားထားကိုးကွယ်ရာရှိသည်။

သတ္တဝါတို့၏ ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ကို ထိုသတ္တဝါ၏ အတိတ် ပစ္စုပ္ပန် နှစ်တန်သော ကံက ဝေဖန်ပိုင်းခြားပေးသည်ဟူ၍ ဘုရားရှင်က သုဘလုလင်ကို ဟောကြားထားခဲ့သည်။

ဤသို့ ကံကိုယုံကြည်ခြင်းသည်ပင်လျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ယင်းကမ္မဿကတာသမ္မာဒိဋ္ဌိသည် နိဗ္ဗာန် ရောက်ကြောင်း အလယ်အလတ်အကျင့်မြတ်(မဇ္ဈိမပဋိပဒါ) ဖြစ်သော မဂ္ဂင်ရှစ်ပါးတွင် ပထမဆုံး သမ္မာဒိဋ္ဌိ မဂ္ဂင်တစ်မျိုးပင် ဖြစ်ပါသည်။

ထိုကမ္မဿကတာသမ္မာဒိဋ္ဌိသည်ပင် ပုညကြိယာ ဝတ္ထု ဆယ်ပါးတွင် ပါဝင်သည့် ဒိဋ္ဌိဇုကမ္မ(အယူကို ဖြောင့်မတ်အောင် ပြုတတ်သည့် အသိဉာဏ်) ဖြစ်သည်ဟု မူလဒိဋ္ဌိ ဋီကာကျမ်းက ဖွင့်ဆိုထားပါသည်။

www.dhammaransi.com



အနုဘိဓမ္မာ အဇ္ဈာပါဒသမ္မာဒိဋ္ဌိဟူသော သုတ္တရိုက် မနောက်
(၃)ပါးတွင် သမ္မာဒိဋ္ဌိသည် ဤ ကမ္မဿကတာရတာ သမ္မာဒိဋ္ဌိပင်
ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိ အယူရှိသူ ဗုဒ္ဓဘာသာဝင်တို့တွင် ကမ္မဿ
ကတာသမ္မာဒိဋ္ဌိဟူသော ယုံကြည်ချက်ကြီး (၁၀)ချက်ရှိပါသည်။

(၁) လှူဒါန်းပေးကမ်းခြင်းသည် အကျိုးအမှန် တကယ်ရှိ၏ဟု ယုံကြည်ခြင်း။ (အတ္ထိဒိန္နံ)

(၂) ရတနာသုံးပါး ဆရာမိဘ စသည်တို့အား ပူဇော်ခြင်းသည် အကျိုးအမှန်တကယ်ရှိ၏ဟု ယုံကြည်ခြင်း။ (အတ္ထိယိဋ္ဌံ)

(၃) ပင့်ဖိတ်၍ပေးလှူခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ်စောင့်ဝတ်ပြုခြင်း၊ အကျိုးမမျှော်ဘဲ လက်ဆောင်ပေးခြင်း၊ လက်ထပ်မင်္ဂလာပွဲ၌ ဧည့်ခံကျွေးမွေးခြင်း၊ စွန့်ကြဲပေးကမ်းခြင်း စသည်တို့သည် အကျိုးအမှန်တကယ်ရှိ၏ဟု ယုံကြည်ခြင်း။ (အတ္ထိဟုတံ)

(၄) သုစရိုက်ဆယ်ပါးကို ပြုကျင့်လျှင် ကောင်းကျိုးခံစားရမည်၊ ဒုစရိုက်ဆယ်ပါးကို ကျူးလွန်လျှင် မကောင်းကျိုးခံစားရမည်ဟု အမှန်တကယ်ယုံကြည်ခြင်း။ (အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော)

(၅) ဤပစ္စုပ္ပန် လောကသည် (နောက်ဘဝကို ထောက်လျှင် ဤရှေ့ဘဝသည်) အမှန်တကယ်ရှိသည်ဟု ယုံကြည်ခြင်း။ (အတ္ထိ အယံ လောကော)

www.dhammaransi.com



(၆) အပါယ်လေးရပ်၊ ခြောက်ရပ် နတ်ပြည်၊ ဗြဟ္မာ နှစ်ဆယ် ဟူသော တမလွန်လောက(နောက်ဘဝ)သည် အမှန်ရှိသည် ဟု ယုံကြည်ခြင်း။ (အတ္ထိ ပရလောကော)
(၇) မိခင်၌ ကောင်းစွာပြုလျှင် အကျိုးရှိ၏၊ မကောင်းသဖြင့် ပြုလျှင် အပြစ်ရှိ၏ဟု အမှန်တကယ် ယုံကြည်ခြင်း။ (အတ္ထိမာတာ)
(၈) ဖခင်၌ ကောင်းစွာပြုလျှင် အကျိုးရှိ၏၊ မကောင်းသဖြင့် ပြုလျှင် အပြစ်ရှိဟု အမှန်တကယ်ယုံကြည်ခြင်း။ (အတ္ထိ ပိတာ)
(၉) ငရဲ၊ ပြိတ္တာ၊ နတ်၊ ဗြဟ္မာ စသော ဥပပါတ် သတ္တဝါတို့ အမှန်ရှိသည်ဟု ယုံကြည်ခြင်း။ (အတ္ထိသတ္တာ ဩပပါတိကာ)
(၁၀) နိဗ္ဗာန်ရောက်ကြောင်း သီလ စသော အကျင့်ကောင်းကို ကျင့်ကြံ၍ ရှေ့ဘဝ နောက်ဘဝ အကြောင်းကို မျက်မှောက် ထင်ထင် ကိုယ်တိုင်သိမြင်ကြပြီး ဟောပြောပြသနိုင်ကုန်သော ရဟန်း၊ ပုဏ္ဏားတို့ လောက၌ ရှိသည်ဟု အမှန်ယုံကြည်ခြင်း။ (အတ္ထိလောကေ။ပ။ ပဝေဒေန္တိ)*

ဗုဒ္ဓဘာသာဝင်တို့သည် ဤဆယ်ချက်နှင့် ပြည့်စုံမှသာ အယူမှန်ပြီး သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ဖြစ်ကြမည်။

---

၁။ ဓမ္မသင်္ဂဏီ ပါဠိတော် နိက္ခေပကဏ္ဍ ဒိဋ္ဌိသမ္ဘဒါ

၂။ မူလပဏ္ဏာသပါဠိတော် သာလေယျကသုတ်၊ ဗေရဥ္စသုတ်

၃။ ဒသသင်္ဂုတ္တရပါဠိတော် ခုဒ္ဒသုတ်

www.dhammaransi.com



ဤအချက်များကို မယုံကြည်ဘဲ နောက်ဘဝမရှိ၊ ငရဲမရှိ၊ နတ်ဗြဟ္မာမရှိ၊ သုံးဆယ့်တစ်ဘုံ ဝါဒ ဘုရားဟောမဟုတ်ဟု ယူဆကြပါက အယူမှားသူ၊ အယူပျက်သူ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များ ဖြစ်ကြပါမည်။ ကမ္မပထ(ကံမြောက်သည့်) မိစ္ဆာဒိဋ္ဌိကြီး (၃)မျိုးတွင် နတ္ထိကမိစ္ဆာဒိဋ္ဌိကြီး၌ ပါဝင်ကြမည် ဖြစ်သည်။

ယင်းမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့သည် နောင်ဆိုလတ္တံ့သော နတ်ပြည် ဗြဟ္မာပြည်များသို့ ရောက်ဖို့နေနေသာသာ အပါယ်လေးပါးသို့သာ လားကြရောက်ကြပေမည်။

သို့အတွက် ဤသရဏဂုံတည်ရုံသော ဗုဒ္ဓဘာသာမဟုတ်ဘဲ ဤဆယ်ချက်ကို ယုံကြည်ပြီး ကြိုးစားအားထုတ်သော ဗုဒ္ဓဘာသာဖြစ်ပြီး နတ်ရွာ ဗြဟ္မာ သုဂတိသို့လားရောက်ကြရန် သတိပြုဆောင်ရွက်သင့်ကြပါသည်။

## နတ်ဟူသည်

နတ်ဟူသော မြန်မာစကားသည် နာထဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု ဝေါဟာရလိနတ္ထဒီပနီကျမ်းက ဖွင့်ဆိုပါသည်။ နာထ၏ အနက်အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟူ၍ ဖြစ်ပါသည်။

လောကီ လောကုတ္တရာ အကျိုးတို့အတွက် လူသားတို့ ကိုးကွယ်ရာ ဖြစ်သောကြောင့် နာထ– နာတ်– နတ်ဟု ခေါ်ဆိုနေကြပါသည်။

www.dhammaransi.com



နတ်ကို ပါဠိဘာသာအားဖြင့် ဒေဝ ဟူ၍လည်းကောင်း၊ ဒေဝတာဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။

နတ်ကို ကိုးကွယ်ရာနှင့် ပတ်သက်၍ ပဋ္ဌာန်းမူလ ဋီကာကျမ်း ဝိသုဒ္ဓိမဂ် မဟာဋီကာကျမ်းတို့၌–

– လူသားတို့အား ရာထူးဌာနန္တရ စသော စည်းစိမ်ဥစ္စာကို ပေးတတ်သူ၊

– လူသားတို့ ပူဇော်သက္ကာရကို ခံယူထိုက်သူ၊

– အကျိုးတရားပြ၍ ညွှန်ကြားဆုံးမတတ်သူ၊

– ပျက်စီးခြင်း ဆေးဒုက္ခအမျိုးမျိုးတို့မှ လွတ်ကင်းသူတို့က ငါတို့ကိုးကွယ်ရာ ဖြစ်ပေသည်ဟု ကိုးကွယ်ဆည်းကပ် ချီးမွမ်းအပ်သူတို့ ဖြစ်သည်ဟု ဖွင့်ဆိုပြထားပါသည်။

ပိဋကတ်တော်များ၊ ဇာတကများတွင် သိကြားမင်းနှင့် နတ်ကောင်း၊ နတ်မြတ်များ 'ကူညီစောင့်ရှောက်သော အဖြစ်အပျက်များစွာ ပါရှိသည်ကို တွေ့ရပါသည်။

ထိုနတ်နှင့် ပတ်သက်၍ အဘိဓမ္မာပိဋကတ်၊ ဝိဘင်္ဂပါဠိတော်၊ ဓမ္မဟဒယဝိဘင်း၌ ဘုရားရှင်က နတ် (၃)မျိုးကို ဟောကြားခဲ့ပါသည်။

(၁) သမ္မုတိနတ် – လောကရှိ လူအပေါင်းတို့က မိမိတို့အကြီးအကဲခေါင်းဆောင်အဖြစ် သမုတ်တင်မြှောက်ထားသည့် မင်းဖြစ်သည်။

www.dhammaransi.com



(၂) ဥပပတ္တိနတ် - အိပ်သောယောကျာ်း နိုးသော်လားသို့ ဩပပါတိကပဋိသန္ဓေမျိုးဖြင့် ဘဝဟောင်းမှ ဘဝသစ်သို့ ခန္ဓာကိုယ်အထင်အရှားဖြင့် ဘွားခနဲပေါ်လာကြသည့် စာတုမဟာရာဇ် နတ်ဘုံမှစ၍ အထက်ဘဝဂ်တိုင်အောင်သော ဘုံတို့၌ နေကြသောနတ်များ ဖြစ်သည်။

(ဤ ဥပပတ္တိနတ်တို့တွင် နတ်ပြည်ခြောက်ထပ်၌ နေသောနတ်တို့ကို နတ်ဟု ခေါ်ပြီး ရူပဘုံ အရူပဘုံတို့၌ ဖြစ်သောနတ်တို့ကိုမူ ဗြဟ္မာဟူ၍ ခေါ်သည်။)

(၃) ဝိသုဒ္ဓိနတ် - ကိလေသာ အာသဝေါ ကုန်ခမ်းပြီး လုံးဝ စင်ကြယ်သွားပြီဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ယိုနတ်သုံးမျိုးတွင် သမ္မုတိနတ်ဟု ခေါ်သော မင်းစိုးရာဇာများသည် အခွင့်သင့်က-

- ကောလူး၅ာနန္တရ စသော လောကီစည်းစိမ်ကို ပေးနိုင်ခြင်း၊
- ပူဇော်သက္ကာရကို ခံယူခြင်း၊
- ကျိုးကြောင်းပြဆုံးမနိုင်ခြင်း

ဟူသော တန်ခိုးသုံးမျိုးကို ဖြစ်စေနိုင်သည်မှာ မျက်မှောက်ထင်ထင် တွေ့မြင်နေရပါသည်။

ဥပပတ္တိနတ်တို့ ချီးမြှောက်ကူညီစောင့်ရှောက်သည်မှာလည်း အဖြစ်အပျက်သာဓကများစွာ တွေ့ကြုံဖူးကြ၍ အထူး ပြောစရာမလိုပါ။

www.dhammaransi.com



ဝိသုဒ္ဓိနတ်မှာ မျက်မှောက်ဘဝ၌သာမဟုတ်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာလုံး၌ လောကီ လောကုတ္တရာ အကျိုးအမျိုးမျိုးကို ပေးစွမ်းနိုင်သည်မှာ ပိဋကတ်တော်၌ အဖြစ်အပျက်များ အထင် အရှား ပါရှိပါသည်။

## နတ်၏စည်းစိမ်ချမ်းသာ

နတ်ဟုခေါ်သော ဒေဝတာပုဒ်နှင့် ပတ်သက်၍ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော ကာမဂုဏ်ငါးပါးတို့ဖြင့် မြူးတူးပျော်ပါး ကစားတတ်ကြသူများ၊ အမျိုးမျိုးသော တန်ခိုး အထူးဖြင့် ထွန်းလင်းတောက်ပကြသူများဟု ကျမ်းဂန်တို့၌ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

မဟာသုတသောမဇာတ်၌ နတ်စည်းစိမ်နှင့် လူစည်းစိမ်ကို နှိုင်းယှဉ်ပြရာ၌–

"နတ်စည်းစိမ်သည် လူစည်းစိမ်ထက် အရာရာမှာပင် သာလွန်းလှသည်။ သမန်းမြက်ပေါ်က ဆီးနှင်းပေါက်ကလေးနှင့် သမုဒ္ဒရာရေပမာဏ ကွာခြားသလို လူစည်းစိမ်နှင့် နတ်စည်းစိမ် ကွာခြားလှသည်"

ဟု ဆိုထားပါသည်။

လူသားတို့မှာ မိမိတို့ စားဝတ်နေရေးအတွက် နေ့ရှိသရွေ့ အချိန်ပြည့် လှုပ်ရှားရုန်းကန်ရှာဖွေနေကြရသဖြင့် အထိုက်

www.dhammaransi.com



အလျောက် ရရှိလာသော စည်းစိမ်ဥစ္စာကိုပင် ကျကျနန မခံစားနိုင်ကြပါ။

နတ်ပြည်၌ နတ်တို့မှာမူ လူသားတို့ကဲ့သို့ အစာအဟာရတို့ကို ရှာဖွေနေစရာမလိုပါ။ ရှေးလူ့ဘဝက ပြုခဲ့သော ဒါန၊ သီလ ကုသိုလ်ကံကြောင့် အချိန်တန်သည့်အခါ ဆန်းကြယ်မွန်မြတ် အရသာရှိသော နတ်သုဓာသည် အဆင်သင့် ရောက်လာပြီး စားသောက်ကြရပါသည်။ လှပဆန်းကြယ် တင့်တယ်သော အဝတ်တန်ဆာ၊ အရောင်အဝါ ထွန်းလင်းတောက်ပပြီး ပျော်မွေ့စရာကောင်းသော နေထိုင်စရာ ဘုံဗိမာန်များသည်လည်း အဆင်သင့် ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။

အရွယ်အားဖြင့် နတ်သားတို့မှာ အသက် (၂၀)အရွယ်၊ နတ်သမီးတို့မှာ (၁၆)နှစ်အရွယ် ရှိကြ၍ သွားကျိုး၊ ဆံဖြူ၊ နားအူ၊ မျက်မွဲ၊ အရေတွန့်ခြင်းမရှိ ပကတိ အလှမပျက်ဘဲ တစ်ဘက်လုံး ထိုအရွယ်တိုင်းပင် တည်နေရပါသည်။

ထိုသို့ စားဝတ်နေရေးအတွက် လုံ့လပြုရခြင်း၊ ကြောင့်ကြစိုက်ရခြင်း မရှိခြင်းကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အချိန်ပြည့် အားရပါးရ အပြည့်ဝ ခံစားကြရသည်။ ပျော်ပါးခံစားကြရသည်။

နတ်များသည် နတ်သုဓာအဆီအနှစ်ကိုသာ စားသောက်ရသဖြင့် ခန္ဓာကိုယ်တွင်း၌ အပေါ့အလေး၊ အညစ်အကြေးစသော မကောင်းသော အနိဋ္ဌာရုံတို့ လုံးဝမရှိပေ။

www.dhammaransi.com



နတ်သမီးတို့သည်လည်း ဓမ္မတာလာခြင်း စသော အညစ်အကြေးတို့ မရှိပေ။ နတ်သား၊ နတ်သမီးတို့တွင် ဓနီးမောင်နှံ-သဘော ရှိသော်လည်း လူတို့ကဲ့သို့ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားရခြင်းမျိုး မရှိပေ။ သားသမီးဖြစ်ထိုက်သော နတ်သား၊ နတ်သမီးတို့သည် ယင်းတို့၏ ရင်ခွင်ပေါ်၊ အိပ်ရာပေါ်၌ လာရောက် ဖြစ်ကြရသည်။

နတ်တူရိယာ၊ နတ်အဆိုကျော်၊ နတ်ကချေသည်၊ နတ်အငြိမ့်သည်၊ နတ်တေးဂီတို့ဖြင့်လည်း စည်းစိမ်ခံစားကြသည်။ နတ်သား နတ်သမီးတို့သည် နန္ဒဝန်ဥယျာဉ်၌ လှည့်လည်ပျော်ပါးကြပြီး မဟာနန္ဒာကန်ကြီး၌ ရေကစားကြသည်။

နတ်ပြည်သည် ကာမဂုဏ် ခံစားရာ၌ အစွမ်းကုန် ပျော်မွေ့ဖွယ် ကောင်းလှ၍ ကာမဂုဏ်ကို စက်ဆုပ်သော ရဟန္တာပုဂ္ဂိုလ်တို့မှာ နတ်ပြည်မှာ ကြာရှည်စွာ မနေနိုင်ကြပေ။ အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဗြဟ္မာပြည်သို့ စုတေပြောင်းရွှေ့သွားကြလေ့ရှိသည်။ နတ် ရဟန္တာတို့မှာ ပရိနိဗ္ဗာန်စံဝင်ကြရသည်။

နတ်စည်းစိမ်သည်ကား ကုသိုလ်ရှင်တို့ ခံစားရာ ဘုံဌာနဖြစ်ပေသည်။

**နတ်အမျိုးမျိုးဖြစ်ပေါ်မှု**

- မိမိတို့ ပြုလုပ်ခဲ့ကြသော ဒါန, သီလ, ဘာဝနာကောင်းမှု၊ ကာမကုသိုလ်၏ စွမ်းအားအကြီးအငယ်အားဖြင့် လည်းကောင်း။

www.dhammaransi.com



- သာသနာပ ကုသိုလ်၊ သာသနာတွင်းကုသိုလ်အားဖြင့်လည်းကောင်း။
- ဘဝကို နှစ်သက်တွယ်တာမှု (ဘဝနိကန္တိက)အားဖြင့်လည်းကောင်း၊ တန်ခိုးကြီးသောနတ်၊ တန်ခိုးငယ်သောနတ်၊ အောက်ဘုံနတ်၊ အထက်ဘုံနတ်၊ သုဂတိအဟိတ် ပုထုဇဉ်နတ်၊ ဒွိဟိတ် ပုထုဇဉ်နတ်၊ တိဟိတ်ပုထုဇဉ်နတ်၊ အမျိုးသားနတ် စသည်ဖြင့် နတ်အမျိုးမျိုး ဖြစ်ကြရသည်။
- အဟိတ်ကုသလဝိပါက်ဥပေက္ခာ သန္တိရဏစိတ် (သုဂတိအဟိတ်ပဋိသန္ဓေ) စိတ်ဖြင့် ပဋိသန္ဓေနေသောနတ်ကို သုဂတိအဟိတ်ပုထုဇဉ်နတ်။
- ဒွိဟိတ်မဟာဝိပါက်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသောနတ်တို့ကို ဒွိဟိတ်ပုထုဇဉ်နတ်။
- လူ့ဘဝတွင် ဝိသာခါ အနာထပိဏ် စသည်တို့ကဲ့သို့ သောတာပန် သကဒါဂါမ် အရိယာဖြစ်ပြီးနောက် သေ၍ နတ်ပြည်ရောက်ကြသော နတ်များ (ဝါ) နတ်ပြည်ရောက်မှ တစ်မဂ်တစ်ဖိုလ် ရကြသော နတ်များကို အရိယာနတ်။

သာသနာတွင်း ကုသိုလ်ရှင်နတ်က သာသနာပကုသိုလ်ရှင်နတ်ထက် တန်ခိုးကြီးသည်။ ဥပမာ- ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့ ဖြစ်သည်။ ဣန္ဒကနတ်သားသည် သာသနာတွင် ရှင်မဟာကဿပကို ဆွမ်းတစ်ခဲမျှ လှူခဲ့သည်။ အင်္ကုရနတ်

www.dhammaransi.com



သည် သာသနာ့ပဋ္ဌ သိန်းပေါင်းများစွာ လှူခဲ့သည်။ ဣန္ဒက နတ်သားက ပို၍ တန်ခိုးကြီးခဲ့သည်။

ကုသိုလ်စွမ်းအားကြီးသော နတ်ကား ကုသိုလ်စွမ်းအား ငယ်သော နတ်ထက် တန်ခိုးလည်း ကြီးသည်။ အထက်တန်း ကျသော ဘုံ၌ ဖြစ်ရသည်။

အောက်ဘုံနတ်၊ အထက်ဘုံနတ်များ ဖြစ်ကြရာတွင် ကုသိုလ်ကံကြီးသော်လည်း ဘဝကို နှစ်သက်တွယ်တာမှု ဘဝ နိကန္တိက ပဲ့ကိုင်လမ်းညွှန်ပေးသောဘုံတွင် ဖြစ်ရသည်။

ဥပမာ – ဘုရင် ဗိမ္ဗိသာရသည် ကျောင်းဒါယကာ သောတာပန် ဖြစ်သည်။ အနာထပိဏ်သူဌေးသည် ကျောင်းဒါယကာ သောတာပန်၊ အလှူတန်းပျော်မွေ့သူ ဇေတဒဂ်ရသည်။ ဝိသာခါ သည် ကျောင်းအမသောတာပန်၊ အလှူအတန်း၌ ပျော်မွေ့သူ ဇေတဒဂ်ရသည်။

ထိုပုဂ္ဂိုလ်များ သေဆုံးကြသောအခါ–

ဗိမ္ဗိသာရဘုရင်က အောက်ဆုံး စတုမဟာရာဇ်နတ်ဘုံတွင် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ ဇနဝသဘ နတ်စစ်သူကြီး ဖြစ်သည်။

အနာထပိဏ်က တုသိတာနတ်ပြည်တွင် နတ်သားဖြစ်ရ သည်။

ဝိသာခါကျောင်းအမက နိမ္မာနရတိနတ်ပြည်တွင် သုနိမ္မိတ နတ်မင်း၏ နတ်မိဖုရားဖြစ်ရသည်။

www.dhammaransi.com



ဗိမ္ဗိသာရတဖြစ်လဲ ဇနဝသဘနတ်စစ်သူကြီးက ဘုရားရှင်ကို လျှောက်ထားရာ၌- "ဆိုင်ရာ နတ်ပြည်တို့၌ ဖြစ်လိုမှု၊ ဖြစ်ချင်မှု၊ ဘဝနိကန္တိက ပဲ့ကိုင်လမ်းညွှန်ပေးမှုကြောင့် ဖြစ်ရသည်" ဟု လျှောက်ထားခဲ့သည်။

"သီလရှိသော ပုဂ္ဂိုလ်မှာ စင်ကြယ်သန့်ရှင်းသည့်အတွက် မိမိစိတ်က တောင့်တသည့်အတိုင်း ပြည့်စုံနိုင်၏"

ဟု အင်္ဂုတ္တရပါဠိတော်တွင် ဘုရားရှင် ဟောကြားသည့်အတိုင်း သီလကုသိုလ် စသော ကောင်းမှုကုသိုလ်များသူတို့မှာ မိမိတို့ ဖြစ်လိုရာ နတ်ပြည်များတွင် ဖြစ်နိုင်ကြပါသည်။

## နတ်ဘုံနှင့် ပုဂ္ဂိုလ်များ

နတ်ပြည်(၆)ထပ်ရှိ နတ်များကို ပုဂ္ဂိုလ်အမျိုးအစားအလိုက် ခွဲခြားကြည့်သော် စတုမဟာရာဇ်နတ်ပြည်တွင်-

- သုဂတိအဟိတ်ပုထုဇဉ်နတ်
- ဒွိဟိတ်ပုထုဇဉ်နတ်
- တိဟိတ်ပုထုဇဉ်နတ်
- အရိယာပုဂ္ဂိုလ် (၈)ယောက် နတ်အားဖြင့် ပုဂ္ဂိုလ်အမျိုးအစား (၁၁)မျိုး တွေ့ရသည်။

အထက်နတ်ပြည် (၅)ထပ်တွင်မူ

- ဒွိဟိတ်ပုထုဇဉ်နတ်
- တိဟိတ်ပုထုဇဉ်နတ်

www.dhammaransi.com



– အရိယာပုဂ္ဂိုလ် (၈)ယောက် နတ်အားဖြင့် ပုဂ္ဂိုလ်အမျိုး အစား (၁၀)မျိုး တွေ့ရပါမည်။

## နတ်အချင်းချင်းမတူခြင်း

နတ်ပြည်(၆)ထပ်ရှိ နတ်တို့သည် တန်ခိုးအရာစည်းစိမ် အရာတို့တွင် တစ်ဘုံနှင့် တစ်ဘုံ ကွာခြားသည်။ စတုမဟာရာဇ် နတ်စည်းစိမ်ထက် တာဝတိံသာနတ်စည်းစိမ်က သာလွန်သည်။ ထို့အတူ တာဝတိံသာထက် ယာမာ တုသိတာ စသည်နတ် စည်းစိမ်က သာလွန်သည်၊ အလွန်ကြီးကျယ်သည်။

နတ်ဘုံအချင်းချင်းသည် တစ်ဘုံနှင့်တစ်ဘုံသာ ကွာခြား သည်မဟုတ်။ နတ်အချင်းချင်းသည် အကြောင်းကံအလိုက် ကွာခြားသည်။ အချို့နတ်တို့က အခြံအရံစည်းစိမ်ချမ်းသာ တန်ခိုးကြီးမားကြသော်လည်း အချို့နတ်တို့မှာ စည်းစိမ်ချမ်းသာ တန်ခိုးငယ်ကြသည်။

တန်ခိုးကြီးသော နတ်တို့သည် အခြားနတ်များထက် နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီး ခြင်း၊ အခြံအရံများခြင်း၊ အရသာအာရုံ၊ အတွေ့အထိအာရုံဟူသော ဆယ်ပါးသော နေရာတို့၌ သာလွန်သည်။ (ဣတိဝုတ်အဋ္ဌကထာ)

နတ်တို့၏ ခန္ဓာကိုယ်မှ ထွက်သောအရောင်၊ အဝတ် တန်ဆာမှထွက်သောအရောင်၊ ဘုံဗိမာန်မှထွက်သောအရောင်

၂၁၇၃၀

www.dhammaransi.com



တို့မှာ (၁၂)ယူဇနာအထိ ထွန်းလင်းတောက်ပကြသည်။ တန်ခိုးကြီးသော နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါမှာမူ ယူဇနာတစ်ရာတိုင်အောင် ထွန်းလင်းတောက်ပကြသည်။ တန်ခိုးကြီး နတ်တို့လာလျှင် ဘီလူးသရဲတို့ – ထွက်ပြေးရသည်။

နတ်တို့၏ ခန္ဓာကိုယ်မှာ အားလုံး သုံးဂါဝုတ်ချည်း ရှိကြပြီး အရုပ်မှောင်းပုကွခြင်း၊ ရှည်ခြင်း အလျှဉ်းမရှိကြပေ။ ဖြစ်ပေါ်လာသည့်မှ စုတေသည်အထိ နတ်သားတို့မှာ အသက်(၂၀)၊ နတ်သမီးတို့မှာ အသက်(၁၆)နှစ်အရွယ်ဖြစ်သည်။ နတ်တို့၌ ဇရာဒုက္ခ မရှိသဖြင့် နတ်သား နတ်သမီးတို့မှာမူ ဆံဖြူသွားကျိုးနားအူမျက်မွဲ ပါးရေတွန့်ခြင်း မရှိပေ။ ပကတိ အလှပမပျက်တစ်သက်လုံး နုပျိုကြသည်။ နတ်သားတို့မှာ မုတ်ဆိတ်ကျင်စွယ်မရှိချေ။ နတ်ဝတ်တန်ဆာများမှာ လည်းအစီး (၆၀)တိုက်ရှိသည်။

**နတ်တို့ ကာမဂုဏ်ခံစားမှု**

နတ်တို့သည် လူသားတို့ကဲ့သို့ ကာမဂုဏ်ခံစားသော သတ္တဝါများ ဖြစ်ကြ၍ ကာမဘုံလူသားတို့ကဲ့သို့ နှစ်ယောက်စုံတွဲယှဉ်တွဲကာ ကာမဂုဏ်ချမ်းသာကို ခံစားကြရသည်။

ထိုသို့ နတ်သား နတ်သမီးတို့သည် လူတို့ကဲ့သို့ ကာမဂုဏ်ကိစ္စ ပြုတတ်ကြသည်။ နတ်သမီးများသည် လူမိန်းမ

www.dhammaransi.com



တို့ကဲ့သို့ ဓမ္မတာသွေးလာမှု၊ ပဋိသန္ဓေဆောင်မှု၊ မွေးဖွားမှုဟု လုံးဝမရှိပါချေ။

သို့ရာတွင် စတုမဟာရာဇ် နတ်မျိုးဖြစ်သော ဘုမ္မစိုး နတ်သမီးတို့၌ကား ဓမ္မတာသွေးလာမှု စသည်တို့ ရှိကြလေသည်။

နတ်တို့၌ ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်း မရှိသော်လည်း နတ်ပြည်ဓမ္မတာထုံးစံအရ အချို့နတ်တို့သည် နတ်သား၊ နတ်သမီးကြီးတို့၏ ရင်ခွင်သို့ အလိုလျောက် ပေါ်ပေါက်လာကြရသည်။ ထိုနတ်သား နတ်သမီးတို့၏ သားသမီးများ ဖြစ်ကြရသည်။

အခြွေအရံအလုပ်အကျွေးဖြစ်သော နတ်သား နတ်သမီးတို့သည်ကား မူလနတ်တို့၏ အိပ်ရာထဲတွင် ပေါ်လာသည်။ တန်ဆာဆင်မှု ပြုပြင်သုတ်သင်မှုတို့ကို ပြုလုပ်ပေးကြရသည့် နတ်များသည်ကား အိပ်ရာအပြင်ဘက်တွင် အခြံအရံနတ်အဖြစ် ပေါ်လာရသည်။ နတ်ကြီးများ၏ ဗိမာန်တွင် ဖြစ်ပေါ်လာသော နတ်များသည်ကား ကျေးကျွန်များ ဖြစ်ကြသည်။

## နတ်ဩဇာနှင့် ကျင်ကြီးကျင်ငယ်

နတ်များသည် စားသောက်ချိန်ဝယ် သုဓာဘုတ်ခေါ် နတ်ဩဇာ အဆီအနှစ်များသည် အလိုအလျောက် ပေါ်လာသည်။

www.dhammaransi.com



ထိုနတ်သြဇာများသည် အလွန်သိမ်မွေ့နူးညံ့သည်။ နတ်တို့၏ လျှာဖျားတင်ကာမျှဖြင့် ဆံဖျား ခြေဖျားအထိ တစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။

ထိုနူးညံ့လှသည့် အစာများကို အလွန်အားကောင်း ထက်မြက်သော နတ်တို့၏ ပါစကတေဇောဓာတ်ခေါ် ဝမ်းမီးက အစာကြွင်းမကျန်အောင် ချက်ပစ်လိုက်သည်။ သို့အတွက် နတ်တို့၌ ဝမ်းဆီးခေါ် ကျင်ကြီးကျင်ငယ် မရှိကြချေ။

နတ်၏ ခန္ဓာကိုယ်မှာ လူအများ မမြင်နိုင်အောင်ပင် နူးညံ့သိမ်မွေ့သည်။ သို့အတွက် တစ်ခါတစ်ရံ အချို့နတ်များ အပျော်အပါး လွန်သွား၍ စားချိန်တွင် မစားရဘဲဖြစ်သွားတတ်၏။ ထိုနတ်များ၏ အလွန်အားကောင်းသော ပါစကတေဇောဓာတ်က နူးညံ့သော ခန္ဓာကိုယ်ကို လောင်ကျွမ်းကာ စုတိပျက်ကြွေသေကြရသည်။ ထိုနတ်မျိုးကို အပျော်ကျူး၍ ပျက်စီးရသော (ခိဍ္ဍာပဒေါသိက)နတ်ဟု ခေါ်သည်။

နတ်သြဇာသည် တစ်ခါစားလျှင် လူတို့ရက်လအားဖြင့် တစ်လ နှစ်လ ခန္ဓာကိုယ်ကို ထောက်ပံ့နိုင်ကြသည်။ ထိုနတ်သြဇာကြောင့် အစာသာခြင်း၊ ရေငတ်ခြင်း၊ မမွေ့လျော်ခြင်း၊ ခန္ဓာကိုယ်ပင်ပန်းခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ငြင်းခုံခြင်း၊ ချောပစ်ကုန်းတိုက်ခြင်း၊ ပုလောင်ခြင်း၊ ပျင်းရိခြင်း၊ ပူပန်ခြင်းဟူသော အနိဋ္ဌာရုံကို ပယ်ဖျောက်နိုင်သော အစွမ်းသတ္တိ ရှိသည်။

www.dhammaransi.com



နတ်တို့၏ တန်ခိုးအစွမ်းသတ္တိဖြင့် ဖြစ်လာသော နတ်ဩဇာသည် အလွန်နူးညံ့သိမ်မွေ့လှသောကြောင့် သုဒ္ဓဝိပဿက ရဟန္တာအရှင်မြတ်တို့၏ ကမ္မဇတေဇောဓာတ်ခေါ် ဝမ်းမီးကပင် ထိုနတ်ဩဇာကို ကြေညက်အောင် မချက်နိုင်ပေ။

ဈာန်ရ ရဟန္တာတို့မှာမူ သမာပတ်အစွမ်းကြောင့်ဖြင့် ကြေညက်နိုင်သည်။ ဘုရားရှင်မှာမူ ပကတိ သောကမ္မဇတေဇောဓာတ်ဖြင့်ပင် ကြေချက်နိုင်သည်။

## နတ်တို့ လူ့ပြည်လာလျှင် ရုပ်ကြမ်း ဖန်ဆင်းခြင်း

နတ်တို့၏ ခန္ဓာကိုယ်သည် သုံးဂါဝုတ် ကြီးမားကြသော်လည်း အလွန်နူးညံ့သိမ်မွေ့လှသည်။ ဒိဗ္ဗစက္ခုဖြင့်သာ မြင်နိုင်သည့်ရုပ်မျိုး ဖြစ်သည်။

ထို့ကြောင့် နတ်တို့သည် ပကတိ ခန္ဓာကိုယ်အတိုင်း မြေကြီးပေါ်၌ မရပ်တည်နိုင်ကြချေ။ ပကတိခန္ဓာကိုယ်အတိုင်း ရပ်တည်လျှင် မြေကြီးပေါ်ချထားသော ထောပတ်ဆီ ထောပတ်ခဲပမာ မြေကြီးထဲသို့ စိမ့်၍ စိမ့်၍ ဝင်သွားလေ့ရှိသည်ဟု ဆိုသည်။

တစ်ချိန်က ဟတ္ထကမည်သော ဗြဟ္မာသည် ဘုရားရှင်ထံသို့ လာရာ မြေကြီးပေါ် ရပ်တည်၍မရဘဲ စိမ့်၍ စိမ့်၍ ဝင်သွားတတ်သောကြောင့် ဘုရားရှင်က–

www.dhammaransi.com



"ဟတ္ထက သင့်ခန္ဓာကိုယ်အတ္တဘောကို ရပ်ကြမ်းဖြစ်အောင် ဖန်ဆင်းလိုက်"ဟု နည်းပေးမှ ဟတ္ထကဗြဟ္မာ မြေပေါ် ရပ်နိုင်ခဲ့သည်။

သို့အတွက် ဗြဟ္မာတို့ လူ့ပြည်လာလျှင် ရပ်ကြမ်းဖန်ဆင်းပြီးမှ လာနိုင်ကြသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ လာကြသော နတ်တို့တွင် ကောင်းကင်၌တည်သော နတ်တို့သည် ပကတိကောင်းကင်ကို မိမိရပ်တည်နိုင်သောမြေ ဖန်ဆင်းပြီးမှ ရပ်တည်သည်။ မြေပြင်၌ ရပ်တည်သောနတ်တို့က မိမိခန္ဓာကိုယ်တည်နိုင်အောင် ပကတိမြေကို နူးညံ့စွာ ဖန်ဆင်းပြီးမှ ရပ်တည်ကြသည်။

နတ်တို့သည် လူ့ပြည်သို့ အကြောင်းမဲ့မလာကြချေ။ လူတို့၏ ခန္ဓာကိုယ်အနံ့ကို နတ်တို့ အလွန်စက်ဆုတ်ရွံရှာကြသည်။ လူအနံ့သည် ယူဇနာ (တစ်ရာ)အထိ ရောက်သည်ဟု ဆိုသည်။ နတ်တို့သည် ဘုရားထံ လာသောအခါ လူနံ့မခံနိုင်၍ ကြာကြာမနေလိုသောကြောင့် မတ်တပ်ရပ်နေကာ ပြဿနာမေးပြီး မြန်မြန်ပြန်ကြလေ့ရှိသည်။

## နတ်မျက်စိ

နတ်များသည် ဝေးသောအရပ်နှင့် တိုက်နံရံ စသည်တို့ဖြင့် ကွယ်ကာတားဆီးထားသော အရပ်တို့၌ ရှိသော သိမ်မွေ့နူးညံ့

www.dhammaransi.com



လှသော အဆင်းအာရုံ အသံအာရုံတို့ကို သူတို့၏ ပကတိမျက်စိ ပကတိနားတို့ဖြင့် မြင်နိုင် ကြားနိုင်သည်။

(ထိုသို့ဖြင့် ကြားခြင်းမှာ ဈာန်သမာပတ်ရသောသူများကဲ့သို့ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတရ၍ မဟုတ်ပေ။)

နတ်တို့၏ မျက်စိအကြည်ရုပ်(ဒိဗ္ဗပသာဒစက္ခု)၊ နားအကြည်ရုပ်(ဒိဗ္ဗပသာဒသောတ) တို့သည် ရှေးအတိတ်ကာလက ပြုခဲ့ဖူးသည့် ကံ၏ အစွမ်းကြောင့် သည်းခြေ သလိပ် သွေး စသည့် အညစ်အကြေးတို့ နှောက်ယှက်လိမ်းကျံမှုမရှိ၊ ပကတိသန့်ရှင်းစင်ကြယ်လျက် ရှိသည်။ ဤသို့ အညစ်အကြေးမှကင်းဝေးသောကြောင့် အဝေးအရပ်နံရံ စသည်တို့၏ တစ်ဖက်၌ရှိသော အဆင်း အသံတို့ကို မြင်နိုင် ကြားနိုင်ခြင်း ဖြစ်သည်။ ဈာန်သမာပါတ် ရသူတို့၏ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဏ်သည်ကား ဝီရိယဘာဝနာ အစွမ်းကြောင့် ဖြစ်ပေါ်လာသော ဉာဏ်မျက်စိ ဉာဏ်နား ဖြစ်ကြသည်။ ထိုဉာဏ်မျက်စိ ဉာဏ်နားတို့သည် နတ်တို့၏ ပသာဒစက္ခု ပသာဒသောတတို့နှင့် မြင်ရာ ကြားရာ အစွမ်းသတ္တိချင်း တူသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဏ်၊ ဒိဗ္ဗသောတအဘိညာဏ် (နတ်၌ဖြစ်သော ထူးကဲသော မျက်စိ၊ နား)ဟု ခေါ်ခြင်းဖြစ်သည်။

နတ် ဗြဟ္မာတို့၏ မျက်စိသည် ရဟန္တာတို့၏ ခန္ဓာကိုယ်ကိုမူ ဖောက်ထွင်းမမြင်နိုင်ပေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးဝယ်

www.dhammaransi.com



ဆင်ပေါက်ကိုယ်ပမာ ခန္ဓာကြီးလှသော ဥပဝါဏခေါ် ရဟန္တာမထေရ်ကြီးသည် ဘုရားရှင် အနီး၌ ယပ်ခပ်နေလေရာ ဘုရားရှင် ဖူးမြော်ရန် ရောက်လာသော နတ်များသည် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော်ခွင့် မရကြ၍ ကဲ့ရဲ့စကားဆိုကြသည်။ ထိုအကြောင်းကို ဘုရားရှင်ကသိ၍ ဥပဝါဏရဟန္တာကို အနားမှ ဖဲခွါစေခဲ့သည်။

**နတ်သဘင်စည်းဝေးရခြင်းအကြောင်း**

စတုမဟာရာဇ်နတ်နှင့် တာဝတိံသာနတ်တို့သည် သုဓမ္မာ နတ်သဘင် အစည်းအဝေးကို အကြောင်းကိစ္စလေးမျိုးကြောင့် ကျင်းပပြုလုပ်ကြလေ့ရှိသည်။

- ဝါဆိုဝါကပ်ပြုကြသော ရဟန်းတို့အား ရဟန်းတရားကို ချမ်းသာစွာ အားထုတ်နိုင်ရန် ဝါဆိုသည့် နေ့မှစ၍ စောင့်ရှောက်ပေးခြင်းကိစ္စ။
- ပဝါရဏာပြုပြီး၍ ဘုရားဖူးသွားကြသော ရဟန်းတို့အား တောခရီးကြား၌ အန္တရာယ်မဖြစ်ပွားစေရန် စောင့်ရှောက်ရေးကိစ္စ။
- မိမိတို့ကိုယ်တိုင် တရားနာသွားရန်ကိစ္စ၊ ဘုရားထံ တရားနာရန် သွားကြသော ရဟန်းများ ဘေးမဖြစ်အောင် စောင့်ရှောက်ရေးကိစ္စ။

www.dhammaransi.com



- ပင်လယ်ကသစ်ပင်၌ မြူးတူးပျော်ပါးကစားရန်ကိစ္စ။

ထိုလေးမျိုးအနက် မိမိတို့ကိုယ်တိုင် တရားနာရန် ကိစ္စအတွက် တစ်လလျှင် (၈)ကြိမ်တိုင်တိုင် နတ်သဘင်အစည်းအဝေး ကျင်းပလေ့ရှိသည်။

- လဆန်းပိုင်း (၅)ရက်နေ့ တစ်ကြိမ်
- လဆန်းပိုင်း (၈)ရက်နေ့ တစ်ကြိမ်
- လဆန်းပိုင်း (၁၄)ရက်နေ့ တစ်ကြိမ်
- လဆန်းပိုင်း (၁၅)ရက်နေ့ တစ်ကြိမ်
- လဆုပ်ပိုင်း၌လည်း ထိုနည်းတူ (၄)ကြိမ်

ဤသို့အားဖြင့် (၈)ကြိမ် စည်းဝေးကြသည်။

လစဉ် (၈)ရက်၊ ၁၄ ရက်၊ ၁၅ ရက်နေ့ ရောက်တိုင်း တာဝန်ကျ နတ်များက ရွှေပေနှင့် ဟင်္သာပြဒါးတို့ကိုယူကာ လူ့ပြည်တွင် နေရာအနှံ့ လှည့်လည်၍ ကောင်းမှုစာရင်း ကောက်ယူကြလေ့ရှိသည်။

"ထိုအမျိုးသား အမျိုးသမီးတို့သည် သရဏဂုံ သုံးပါး တည်သည်၊ ငါးပါးသီလမြဲသည်၊ ဥပုသ်သီတင်းစောင့်သုံးသည်၊ မိဘတို့ကို ပြုစုလုပ်ကျွေးသည်၊ ဘုရားကို ဆီမီးပူဇော်သည်၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ဆောက်တည်သည်"

စသည်ဖြင့် ရွှေပေတွင် ဟင်္သာပြဒါးဖြင့် ရေးကာ ပဉ္စသိခ နတ်သားသို့ ပေးအပ်ကြရသည်။ ပဉ္စသိခနတ်သားထံမှ မာတလိ နတ်သားက ယူဆောင်ပြီး သိကြားမင်းထံ ပေးဆက်ရသည်။

www.dhammaransi.com



ကောင်းမှုစာရင်း ကောက်ယူရန် တာဝန်ထမ်းဆောင်ရသော နတ်တို့မှာ–

- (၈)ရက်နေ့တွင် စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့၏ အမတ်ကြီးများ
- (၁၄)ရက်နေ့တွင် သားတော်များ
- (၁၅)ရက်နေ့တွင် စတုမဟာရာဇ်နတ်မင်းကြီး လေးပါးကိုယ်တိုင် ကောက်ယူကြသည်။

ရွှေပေရွက်ပေယ်လျှင် ကောင်းမှုပြုသူတို့ နည်းကြပါသလားဟု နတ်တို့ ဝမ်းနည်းကြသကဲ့သို့ ရွှေပေရွက်ကြီးလျှင် နတ်ပြည်သို့ နတ်သားသစ်တွေ ရောက်လာတော့မယ်၊ တန်ခိုးကြီးတဲ့ နတ်သားသစ်တွေကို ထိပ်ကတင်ပြီး နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပရတော့မယ်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

ထိုကောင်းမှုစာရင်းကို သိကြားမင်းကိုယ်တိုင် ဖတ်ကြားသည်။သိကြားမင်းဖတ်ကြားသော အသံသည် ပကတိအားဖြင့် ပတ်ဝန်းကျင် (၁၂)ယူဇနာ နေရာက ကြားရသည်။ အသံကျယ်ကျယ်ဖြင့် ဖတ်ကြားလျှင် ယူဇနာ (၁)သောင်းကျယ်သော နတ်မြို့တော်ကြီး တစ်မြို့လုံး ကြားရသည်။ ထိုသို့ ဖတ်ကြားပြီးမှ တရားနာယူလေ့ရှိသည်။

(သုတ္တန္တမဟာဝဂ္ဂအဋ္ဌကထာ ၂၃၄၊ မဟာဝဂ္ဂဋီကာ ၂၁၉။)

www.dhammaransi.com



## နတ်တို့ စုတေခါနီး မှာကြားပုံ

နတ်များစုတေခါနီးဝယ် ပညာရှိနတ်များက မှာကြားလေ့ရှိသည်ဟု ဆိုပါသည်။

"အို မိတ်ဆွေတို့၊ သင်စုတေသည့်အခါ လူ့ဘုံဆိုသည့် သုဂတိဘုံသို့ သွားပါလေ။ လူဖြစ်သည့်အခါ သူတော်ကောင်းတရားတွင် အမြတ်ဆုံးဖြစ်သော သဒ္ဓါတရားကို ရအောင်ကြိုးစားပါလေ။ သင့်သန္တာန်၌ ထိုသဒ္ဓါတရား တည်တန့်ခိုင်မြဲအောင် အခြေစိုက်၍ သူတော်ကောင်းတရား၌ မပျက်မကွက် အသက်ထက်ဆုံး တည်သော ကြိုးစားမှု ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်ပြု၍ နတ်ပြည်သို့ အကြိမ်ကြိမ် အဖန်ဖန် ပြန်လာခဲ့ပါ"

## ပုဗ္ဗနိမိတ်မထင်သောနတ်များ

လူ့လောကဝယ် ဘုန်းကံကြီးသော မင်းများ၊ ဆရာတော်များ၊ ခေါင်းဆောင်များ ကွယ်လွန်ခါနီးဝယ် ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်း၊ လနေကြပ်ခြင်း စသည့် နိမိတ်များ ဖြစ်ပေါ်တတ်သကဲ့သို့ နတ်ပြည်ဝယ် ဘုန်းတန်ခိုးကြီးမားသော နတ်သားနတ်သမီးတို့သာလျှင် ပုဗ္ဗနိမိတ်ငါးမျိုး ဖြစ်ပေါ်လေ့ရှိသည်။ ဘုန်းတန်ခိုးငယ်သော နတ်တို့ကား ဤနိမိတ်ငါးပါး ဖြစ်ပေါ်လေ့မရှိကြပါ။

www.dhammaransi.com



ထိုဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ငါးပါးတို့၏ အကျိုးအပြစ်ကို လူ့ပြည်ဝယ် နိမိတ်ဖတ်ဆရာ ပညာရှိတို့ကသာ သိသကဲ့သို့ နတ်ပြည်၌လည်း မိမိတို့ စုတေလျှင် ဘယ်ဘုံမှာ ဖြစ်မည်ကို မသိကြသောကြောင့် ပုဗ္ဗနိမိတ်ထင်လာသည့်အခါ ပြင်းစွာ ကြောက်ရွံ့တုန်လှုပ်ကြသည်။

ကုသိုလ်ကံ ကြီးမားသော နတ်များမှာကား–

"ငါတို့သည် ကြီးစွာသော အလှူကိုလည်း လှူခဲ့ကြ၏။ သီလကိုလည်း ဆောက်တည်ခဲ့ကြပြီး ဘာဝနာကိုလည်း ပွားများ သည်းပူးခဲ့ပြီ။ ဤနတ်ဘဝမှ စုတေခဲ့လျှင် သုဂတိဘဝ ရောက်ကြမည်"

ဟု ဆင်ခြင်ကာ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်းမရှိကြပေ။

## နတ်တို့စုတေ၍ ခန္ဓာမကျန်ခြင်း

နတ်တို့သည် ဥပပတ်ပဋိသန္ဓေ တည်နေသော သတ္တဝါမျိုး ဖြစ်သောကြောင့် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များ ချုပ်ငြိမ်းသည်နှင့်တပြိုင်နက် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်၊ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် (၃)မျိုးလုံးသည် ကမ္မဇရုပ်နှင့် တပါတည်း ချုပ်ကွယ်ပျောက်လေသည်။ သို့အတွက် နတ်များစုတေသောအခါ လူတို့ကဲ့သို့ ဥတုဇရုပ်မကျန်ပေ။

www.dhammaransi.com



လူတို့၏ရုပ်များ တေဇောဓာတ်တည်းဟူသော ဥတုကြောင့် ကာလရှည်ကြာစွာ ဆက်လက်ဖြစ်ပေါ်နေသော်လည်း နတ်တို့မှာမူ ဆီမီးတောက်ငြိမ်းသကဲ့သို့ အကြွင်းမဲ့ ချုပ်ငြိမ်းပျောက်သွားရသည်။

## နတ်စုတေလျှင် နတ်ဘုံ၌ ပြန်ဖြစ်သူနည်းခြင်း

နတ်ဘုံသည် ကာမဂုဏ်အာရုံ အလွန်ပေါများပြီး လူတို့ထက် အဆပေါင်းများစွာ သာလွန်သည်။ နတ်သား နတ်သမီးတို့ကလည်း ထာဝစဉ် ပျိုမျစ်နုနယ်လှပပြီး နတ်သား (၂၀)အရွယ် နတ်သမီး (၁၆)နှစ်ရွယ် ဖြစ်ကြသည်။ အဝတ်တန်ဆာဝတ္ထုတစ်ခု ကာမဂုဏ်တို့ကို အချိန်ပြည့် အပြည့်အဝ ရရှိကာ ကာမဂုဏ်အာရုံ ကြောဝယ် မျောနေကြသည်ကား များလှသည်။

ထိုသို့ နစ်မြောနေသဖြင့် အစားအစာ စားချိန် သင့်သလို မရ၍ သေကြသောနတ်များ အများအပြား ရှိကြသည်။

ဘုရားရှင်လက်ထက်က ဘုရားရှင်ထံ တရားနာပြီး ပြန်သွားသော သိကြားမင်းနောက်သို့ ရှင်မောဂ္ဂလာန်မထေရ် နောက်က လိုက်သွားပြီး မေးသည်။

"သိကြားမင်းကို ဘုရားရှင်က ဘာတရား ဟောကြားခဲ့ပါသလဲ"ဟု မေးရာ သိကြားမင်းမှာ နတ်ပြည် ကာမဂုဏ် ယစ်မူးပြီး မေ့သွားသောကြောင့် ဟောသောတရားမှာ ဘာတရားဟူ၍ မပြောနိုင်တော့ကြောင်း လျှောက်ထားသည်။

www.dhammaransi.com



နတ်ပြည်တွင် ကုသိုလ်ပြုရန် အခွင့်အလမ်းကို မမျှော်မှန်းနိုင်အောင် ရှိသည်။ ကမ္မဋ္ဌာန်းထိုင်ရန် မဆိုထားနှင့်၊ ဥပုသ်စောင့်ရန်ပင် အလွန်ခဲယဉ်းသည်။ ဝိဓူရဇာတ်တော်တွင် သိကြားမင်း လူ့ပြည်ဆင်း ဥပုသ်စောင့်ရပုံနှင့် စမ္မေယျနဂါးမင်းကြီး မကြာခဏ နဂါးပြည်၌ ဥပုသ်ကျိုးရပုံကို ထောက်ဆ၍ သိသာနိုင်သည်။

ဤသို့ နတ်ပြည်တွင် ကာမဂုဏ်တရားများပြား၍ ကုသိုလ်ပြုခွင့် သာလွန်နည်းပါးလှသောကြောင့် စုတေသောအခါ နတ်ပြည် လူ့ပြည်သို့ ပြန်ဖြစ်သူအလွန်နည်းသည်။

## ခြောက်တန်နတ်ရွာ

### (၁) စတုမဟာရာဇ်ဘုံ

ဓတရဋ္ဌ ဝိရူဠှက ဝိရူပက္ခ ကုဝေရ ဟူသော နတ်မင်းကြီးလေးပါးတို့ကို စတုမဟာရာဇ်ဟု ခေါ်ပါသည်။

အကြွင်း နတ်တို့သည် ထိုနတ်မင်းကြီး လေးပါးတို့၏ အုပ်စိုးခြင်းကို ခံကြရကုန်၏။ ထိုနတ်မင်းကြီးလေးပါး၏ လက်အောက်ခံဖြစ်ကုန်၏။ နတ်မင်းကြီးလေးပါးကို ခစားကြရကုန်၏။ ထိုနတ်မျိုးတို့ကို စတုမဟာရာဇ်နတ်ဟု ခေါ်ပါသည်။

- ဓတရဋ္ဌ နတ်မင်းကြီးသည် မြင့်မိုရ်တောင်၏ အလယ်ခုလတ် အရှေ့ဘက်နံပါး၌ တည်လျက် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်၏။

www.dhammaransi.com



- ဝိရူဠှက နတ်မင်းသည် မြင့်မိုရ်တောင်၏ တောင်ဘက်နံပါး၌ တည်လျက် ကုမ္ဘဏ်နတ်တို့ကို အုပ်ချုပ်၏။
- ဝိရူပက္ခနတ်မင်းသည် မြင့်မိုရ်တောင်အနောက်ဘက်နံပါး၌ တည်လျက် နတ်နဂါးတို့ကို အုပ်ချုပ်၏။
- ကုဝေရနတ်မင်းကြီးသည် မြင့်မိုရ်တောင်၏ မြောက်ဘက် နံပါး၌တည်လျက် နတ်ဘီလူးတို့ကို အုပ်ချုပ်၏။

လူတို့၏ နှစ်ပေါင်း (၅၀)သည် စတုမဟာရာဇ်နတ်သက် (၁)ရက်

ထိုရက်ပေါင်း (၃၀)သည် (၁)လ

ထိုလ (၁၂)လသည် (၁)နှစ်

စတုမဟာရာဇ်နတ်များ သက်တမ်း (၅၀၀)ရှည်သည်။

လူတို့၏ နှစ်အရေအတွက်အားဖြင့် အနှစ်(၉)သန်းရှိသည်။

## (၂) တာဝတိံသာနတ်ဘုံ

မာဃလုလင်အမှူးရှိသော အတူတကွ ကုသိုလ်ကောင်းမှု ပြုဖော်ပြုဖက်ဖြစ်သော ၃၃ ယောက်သော သူတို့၏ နေရာဖြစ်သောဘုံကို တာဝတိံသာနတ်ဘုံဟု ခေါ်သည်။

ဤဘုံတွင် သိကြားမင်းနှင့် ပဇာပတိ၊ ဝရုဏ ဤသာန စသော (၃၃)ပါးသော နတ်မင်းကြီးတို့ စံနေကြသည်။

ဤနတ်ပြည်၌ ဝေဇယန္တာပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၊ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊

www.dhammaransi.com



သုဓမ္မာဇရပ်၊ စုဋ္ဌာမနိစေတီ စသော ထင်ရှားသော အဆောက်အဦ များရှိသည်။

လူတို့၏ နှစ်(၁၀၀)သည် တာဝတိံသာနတ်၌ (၁)ရက်၊ တာဝတိံသာနတ်သက်သည် အနှစ်(၁၀၀၀)ဖြစ်သည်။ လူတို့၏ နှစ်အံရေအတွက် သုံးကုဋေခြောက်သန်းရှိသည်။

## (၃) ယာမာနတ်ဘုံ

ဆင်းရဲဒုက္ခမရှိ၊ နတ်စည်းစိမ်နတ်ချမ်းသာကို ကောင်းစွာ ရသောနတ်တို့၏ နေရာဖြစ်သော နတ်ဘုံဖြစ်သည်။ သုယာမ နတ်မင်းက အုပ်ချုပ်သည်။ ယင်းနတ်မင်းသည် သိကြားမင်း ရာထူးကိုလည်း ရသည်။

လူတို့၏ နှစ်(၂၀၀)သည် ယာမာနတ်ပြည်၌ (၁)ရက်၊ ယာမာနတ်သက်သည် နှစ်ပေါင်း (၂၀၀၀)ရှိသည်။ လူတို့၏ အရေတွက်အားဖြင့် (၁၄)ကုဋေ (၄)သန်းရှိသည်။

## (၄) တုသိတာနတ်ဘုံ

ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကျက်သရေတို့နှင့် ပြည့်စုံကြ၍ ထိုနတ်ဘုံ၌ဖြစ်ကြသော နတ်တို့သည် အမြဲမပြတ် ရွှင်မြူးနှစ်သက်ပျော်ပါးနေကြသောကြောင့် တုသိတာနတ်ဘုံဟု ခေါ်သည်။

www.dhammaransi.com

## နတ်ပြည်ရောက် လူသားတို့၏ ဘ၀အတွေ့အကြုံများ ❖

ဘုရားလောင်းများသည် ဤနတ်ဘုံ၌ စံလေ့ရှိသည်။ သန္တုဿိတာနတ်မင်းသည် အကြီးအကဲနတ်မင်းဖြစ်သည်။

လူတို့၏ နှစ်(၄၀၀)သည် တုသိတာနတ်(၁)ရက် ဖြစ်သည်။ တုသိတာနတ်သက်သည် နှစ်ပေါင်း (၄၀၀၀)ရှိသည်။ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၅၇)ကုဋေ (၆)သန်း ရှိ သည်။

### (၅) နိမ္မာနရတိနတ်ဘုံ

အလိုရှိတိုင်းသော စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို ကိုယ်တိုင်သာလျှင် ဖန်ဆင်းပြီး အလိုရှိသလို ပျော်ပါးနိုင်သော နတ်ဘုံဖြစ်သည်။ ဤဘုံတွင် သုနိမ္မိတ နတ်မင်းသည် အကြီးအမှူး ဖြစ်သည်။

အောက်နတ်ပြည်လေးထပ်၌ ကိုယ်ပိုင် ဇနီးမောင်နှံရှိကြသော်လည်း ဤနတ်ပြည်၌ ထိုသို့မရှိ။ မိမိတို့ အလိုရှိရာကို ကိုယ်တိုင် ဖန်ဆင်း၍ ရရှိခံစားကြလေသည်။

လူတို့၏ နှစ်(၈၀၀)သည် နိမ္မာနရတိနတ်၏ (၁)ရက် ဖြစ်သည်။ နိမ္မာနရတိနတ်၏ သက်တမ်းသည် (၈၀၀၀)ရှိသည်။ လူတို့၏ နှစ်အရေအတွက်အားဖြင့် (၂၃၀)ကုဋေနှင့် အနှစ်(၄) သန်း ရှိသည်။

www.dhammaransi.com



## (၆) ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

မိမိတို့ အလိုရှိရာ ခံစားလိုသော အရာကို အစေအပါး နတ်တို့က အလိုက်သိစွာ စိတ်တိုင်းကျအောင် ဖန်ဆင်းပေးရသော၊ ကာမဂုဏ်အာရုံတို့ကို အလိုရှိတိုင်း ခံစားမွေ့လျော်ရသော နတ်ဘုံဖြစ်သည်။ ဝသဝတ္တီနတ်မင်းက အုပ်ချုပ်သည်။ ထိုဘုံတွင် မာရ်နတ်မင်းသည်လည်း သီးသန့်စံလျက်ရှိသည်။

လူတို့၏ နှစ်(၁၆၀၀)သည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၏ (၁)ရက်ဖြစ်သည်။

ပရနိမ္မိတဝသဝတ္တီနတ်သက်သည် နှစ်ပေါင်း (၈၀၀၀)ရှိသည်။ လူတို့၏ နှစ်အရေအတွက်အားဖြင့် ကုဋေ(၉၂၁)နှင့် (၆)သန်းရှိသည်။

www.dhammaransi.com

# အခန်း(၂)

# လူသားဘဝနှင့် နတ်ပြည်ရောက်ကြသူများ

## နတ်ပြည်ရောက် နေမိမင်း

ဘုရားအလောင်း ဗြဟ္မာမင်းကြီးသည် မိမိ၏ ရှေးဘဝကို ဆင်ခြင်မိသည်။ 'ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ မင်းပြုခဲ့သော 'မဃဒေဝ'မင်းသည် ဦးခေါင်းမှ ဆံဖြူကိုမြင်၍ တောထွက် ရဟန်းပြုခဲ့သည်မှစ၍ ငါ၏ သားစဉ်မြေးဆက် မင်းအပေါင်းသည် ငါကဲ့သို့ပင် ဦးခေါင်းမှ ဆံဖြူကိုမြင်လျက် တောထွက် ရဟန်း ပြုခဲ့ကြသည်သာဖြစ်၍ ငါသည် 'ပဗ္ဗဇ္ဇာ'ခေါ် ရဟန်းမျိုးကို တည်ထောင်ခဲ့သူဖြစ်၏။ ယခုလာမည့်မင်းမှာ ရဟန်းပြုမည် မဟုတ်။ ထို့ကြောင့် ငါတည်ထောင်ခဲ့သည့် 'ပဗ္ဗဇ္ဇာ'မျိုးရိုးကို ငါသည်ပင် အဆုံးသတ်သင့်သည်ဟု' ကြံစည်ကာ ဗြဟ္မာပြည်မှ စုတေခဲ့သည်။

www.dhammaransi.com



မိတ္ထိလာပြည့်ရှင် မင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေကို ယူ၍ ဖွားတော်မူသောအခါ 'နေမိ'မင်းသားဟု ခေါ်တွင်လေသည်။

ဖခင်မင်းကြီးသည် ရှေးမင်းတို့ကဲ့သို့ပင် မိမိဦးခေါင်း၌ ဆံဖြူရောက်သည်ကို မြင်သော် သားတော် နေမိမင်းသားအား ထီးနန်းအပ်၍ ရဟန်းပြုလေသည်။

ဘုရားအလောင်း နေမိမင်းသည်-

- မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြုသည်။
- အလှူဇရပ် ငါးခုဆောက်ပြီး နေ့စဉ် ဥစ္စာငါးသိန်းကို လှူဒါန်းသည်။
- ငါးပါးသီလမြဲ၍ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သုံးသည်။
- ပြည်သူအပေါင်းအားလည်း မိမိနည်းတူ ပြုကျင့်စေသည်။
- မကြာခဏ အစည်းအဝေးသဘင်လုပ်၍ ပြည်သူတို့အား ငရဲဘေးဖြင့် ခြိမ်းခြောက်ပြီး နတ်ပြည်ခရီးကို ညွှန်ကြားပြသ ဆုံးမခြင်းဖြင့် တရားဟောသည်။
- သူ၏ အဆုံးအမကို လိုက်နာကျင့်သုံးကြ၍ ပြည်သူတို့သည် သေလျှင် နတ်ပြည်ရောက်ကြသဖြင့် နတ်ပြည်သည် အလွန်စည်ပင်ပြန့်ပွား၏။

ထိုအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ကြသော နတ်အပေါင်းသည် 'သုဓမ္မာ'သဘင်ဝယ် စည်းဝေးကြ၍ "နေမိမင်းကြီး

www.dhammaransi.com



သည် ငါတို့၏ သူ့ကို မှီ၍ ဤနတ်ပြည်စည်းစိမ်ကို ငါတို့ခံစားရ၏”စသည်ဖြင့် နေမိမင်းကြီး၏ ဂုဏ်ကျေးဇူးများကို အကြိမ်ကြိမ် ချီးမွမ်းပြောဆိုနေ၏။

ထိုအခါ လပြည့်နေ့၌ ဥပုသ်ဆောက်တည်နေသည့် နေမိမင်းကြီးသည် ‘ဒါနနှင့်သီလ မည်သည်က ပိုအကျိုးကြီးသည်’ဟု စဉ်းစားနေမိလေသည်။ ထိုအကြောင်းကို သိရှိသော သိကြားမင်းသည် လာ၍ ကောင်းကင်၌ ရပ်လျက် “ဒါန၏အကျိုးထက် သီလ၏အကျိုးက သာ၍မြတ်ကြောင်း” အတိတ်ဝတ္ထုတို့ဖြင့် အကျယ်တဝင့် ရှင်းလင်း ဟောကြားသည်။ ထို့နောက် တာဝတိံသာ နတ်ပြည်သို့ ပြန်လာ၍ သုဓမ္မာသဘင် နတ်ပရိသတ်အလယ်၌ သိကြားမင်းနေရာ၌ ထိုင်လျက် နေမိမင်းထံ သွားခဲ့ကြောင်းကို ပြောကြားလေသည်။

ထိုအခါ နတ်အပေါင်းက နေမိမင်းကြီးကို ပင့်ဆောင်ပေးရန် တောင်းပန် လျှောက်ကြားသဖြင့် သိကြားမင်းသည် မာတလိနတ်သားအား ဝေဇယန္တာရထားဖြင့် သွား၍ နေမိမင်းကြီး ခေါ်ဆောင်ရန် စေလွှတ်လေသည်။

မာတလိနတ်သားသည် သိန္ဓောမြင်းတစ်ထောင် ကသော ဝေဇယန္တာရထားဖြင့် နေမိမင်းကြီး၏ နန်းတော်သို့ ရှေးရှုသွားလေသည်။ ထိုရထားကိုမူ အများမြင်လျှင် လူတို့သည် မမြင်စဖူး ထူးကဲစွာမြင်ရ၍ အံ့သြကြသည်။ မာတလိသည် နေမိမင်းကြီးကို

www.dhammaransi.com



သိကြားမင်းက ခေါ်ခိုင်းကြောင်း အကြောင်းစုံ လျှောက်ထားသည်။ နေမိမင်းက လိုက်ရန် သဘောတူပြီး ပူးကြီးမတ်ရာ နန်းတွင်းသူ နန်းတွင်းသား အားလုံးကို မှာကြားခဲ့ပြီး မာတလိ ရထားပေါ်သို့ တက်ခဲ့သည်။ ရထားပေါ်ရောက်သော် မာတလိက–

"အရှင်မင်းကြီး ယခုသွားရမည့် ခရီးမှာ ငရဲပြည်အနီးသို့ သွားသည့်လမ်းနှင့် အောက်နတ်ပြည်သို့ သွားသည့်လမ်း နှစ်သွယ် ရှိပါသည်။ အရှင်မင်းကြီး သွားလိုသည့်လမ်းကို ညွှန်ပြပါ။ကျွန်ုပ် ပို့ပါအံ့"

"ငရဲပြည် နတ်ပြည် နှစ်ခုစလုံးကိုပင် ငါမြင်လို၏"

မာတလိသည် နေမိမင်း ဦးစွာသွားလိုသည့် ငရဲကြီးရှစ်ထပ်၏ ပထမဆုံး 'သဉ္ဇိုင်း' ငရဲ၏ အရံဖြစ်သော'ဥဿဒရက်'ငရဲပြည်သို့ ရှေးရှုနှင်လျက် ထိုငရဲမှစ၍ ကြောက်ဖွယ်လိလိ ပြင်းထန်လှသည့် ဆင်းရဲအမျိုးမျိုးကို ခံစားနေကြရသည့် ငရဲပြည် တစ်ဆယ့်ငါးခုသို့ လှည့်လည်ကြသည်။ နေမိမင်းကြီးသည် ထိုငရဲတို့ကို လှည့်လည် ကြည့်ရှုနေရာ အချိန် အတော်ကြာသွားလေသည်။

ဤသို့ ငရဲပြည်တို့ကို မာတလိ လိုက်လံ ပြသနေမည်ဆိုပါက နေမိမင်း၏ အသက်တမ်းသာ ကုန်ဆုံးမည်။ ငရဲပြည်တို့ကို ကုန်အောင် ပြနိုင်မည်မဟုတ်။

သိကြားမင်းသည် ဤသို့ စဉ်းစားမိပြီး လွန်စွာ လျင်မြန်သော မဟာဇဝန နတ်သားကို မာတလိထံ စေလွှတ်သည်။ ငရဲပြည်မှ

www.dhammaransi.com



အမြန်ပြန်လှည့်၍ နတ်ပြည်သို့ တောက်လျှောက်လာရန် ပြောကြားစေသည်။ ထိုအခါ ဇဝန နတ်သားသည် မာတလိထံသို့ သွားကာ သိကြားမင်းမှာသော စကားကို ပြောကြားသည်။ မာတလိသည် ဘုရားလောင်းအား-

'"ဤမျှနှင့်ပင် အားရ ကျေနပ်တော်မူပါ"ဟု တောင်းပန်ပြီး ငရဲပြည်မှ တုံ့ပြန်ကာ အထက်နတ်နန်းသို့ ရထားမောင်းနှင်ခဲ့သည်။ မြင့်မိုရ်တောင်ရှိ သတ္တရဗ္ဗန် တောင်သို့ မရောက်မီ လမ်းခုလတ်ရှိ နတ်သား နတ်သမီးတို့ ပျော်စံနေကြသော အာကာသ၌ ကောင်းကင်ဗိမာန် ရှစ်ခုကို နေမိမင်းအား ပြသပြန်သည်။ တစ်ဘုံပြီးတစ်ဘုံ ပြသနေသဖြင့် အချိန်က ကြာပြန်သည်။ သိကြားမင်းသည် 'ကြာလှချေပြီ'ဟု ကြံစည်ပြန်ပြီး 'ဇဝန'မည်သော တမန်နတ်သားကို မာတလိထံ ထပ်မံ စေလွှတ်ပြန်သည်။

ကောင်းကင် ဘုံဗိမာန်တို့ကို စေ့စပ်အောင် ပြသနေလျှင် အချိန်သာကုန်မည်။ ပြီးဆုံးမှာမဟုတ်။ ယခုပင် အမြန် တာဝတိံသို့ လာခဲ့ဖို့ ပြောကြားပါလေဟု မှာကြား စေလွှတ်လိုက်သည်။

ဇဝန နတ်သားသည် မာတလိ နတ်သားထံ တဖန်သွား၍ သိကြားမင်း အမှာစကားကို ပြောကြားပြန်သည်။ မာတလိသည် ဘုရားလောင်းကို တောင်းပန်ပြီး စတုမဟာရာဇ် နတ်မင်းကြီးလေးဦးစံရာ နတ်ပြည်သို့ ရထားကို နှင်ခဲ့သည်။ စတုမဟာရာဇ်

www.dhammaransi.com



နတ်ဘုံကို ပြသပြီး တာဝတိံသာ နတ်ပြည်သို့ ဆက်လက်လာခဲ့သည်။

တာဝတိံသာ နတ်ပြည်၏ လှပဆန်းကြယ်ပုံ သာယာခမ်းနားကြီးကျယ်ပုံတို့ကို ပြသပြီး သုဓမ္မာဇရပ်၏ အရှေ့တံခါးသို့သွား၍ ရထားကို ရပ်လေသည်။ နေမိမင်းသည် ရထားမှ ဆင်း၍ သုဓမ္မာဇရပ်သို့ ဝင်လေသည်။ သိကြားမင်းသည် နေမိမင်းကို ရတနာပလ္လင်ပေါ်၌ စံနေစေပြီး နတ်စည်းစိမ်ဖြင့် ဖိတ်ကြားလေသည်။ နေမိမင်းက အကြောင်းပြ၍ ပယ်ပြီး သိကြားမင်း အမှူးရှိသော နတ်ပရိသတ်အပေါင်းအား "အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်း"တို့၏ အကျိုးများကို လည်းကောင်း၊ ဒါနမပြုခြင်း၊ သီလမရှိခြင်း၊ အယူမှားခြင်းတို့၏ အပြစ်များကို လည်းကောင်း၊ ဤသို့ စသည်များစွာသော တရားစကားတို့ကို ခုနစ်ရက်တိုင် ဟောကြား ဆုံးမတော်မူသည်။

ထို့နောက် သိကြားမင်းအား ယခု ငါ လူ့ပြည်သို့ ပြန်ချင်ပြီဟု ဆိုလေသည်။ သိကြားမင်းကလည်း 'ကောင်းပါပြီ'ဟု ဝန်ခံ၍ မာတလိကိုပင် နေမိမင်းကို ပြန်ပို့ရန် တာဝန်ပေးသည်။ မာတလိသည် ဝေဇယန္တာရထားဖြင့် နေမိမင်းကို မိတ္ထိလာပြည်သို့ ပို့ဆောင်ပြီးလျှင် နန်းတော်၏အရှေ့ဘက် လေသာပြတင်း၌ ရထားကို ဆိုက်လေသည်။ နေမိမင်းသည် ရထားမှ သက်ဆင်းပြီး နန်းတော်ထဲသို့ဝင်ကာ မာတလိကို ပြန်လွှတ်လိုက်လေသည်။

www.dhammaransi.com



ထိုအခါ မိဖုရား, သား, မြေး, ဆွေတော် မျိုးတော်, မှူးမတ် စသည် ပြည်သူအပေါင်းသည် စုဝေးရောက်လာကြပြီး မင်းကြီးကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကာ မေးမြန်းကြလေသည်။

နေမိမင်းသည် "ငရဲပြည်၌ ဆင်းရဲဒုက္ခ ခံစားကြရပုံ၊ နတ်ပြည်၌ ချမ်းသာသုခ ခံစားကြရပုံ"တို့ကို အလုံးစုံ ပြောပြီး ဒါနစသော ကုသိုလ်တို့၌ စံပျော်ပြီး တတိယအရွယ်သို့ ရောက်လျှင် ဦးခေါင်း၌ ဆံဖြူကို မြင်၍ သားတော် အိမ်ရှေ့မင်းသား 'ကာလာရဋ္ဌ'အား ထီးနန်းအပ်ပြီးလျှင် သရက်ဥယျာဉ်၌ ရဟန်းပြု၍ နေလေသည်။

ဗြဟ္မာ့ဝိဟာရတရားတို့ကို ပွားများလျက် စုတေသော် ဗြဟ္မာပြည်သို့ ပြန်ရောက်ရလေသည်။

## တာဝတိံသာနတ်ပြည်ရောက် ဂုတ္တိလစောင်းဆရာ

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုချိန် ကာလဖြစ်သည်။ ထိုအချိန်ဝယ် ဘုရားလောင်းသည် ဂုတ္တိလ အမည်ရှိသော စောင်းသမားတစ်ဦး ဖြစ်သည်။ စောင်းပညာအရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်၍ တိဗ္ဗရနတ်မင်း နာရဒရသေ့ကဲ့သို့ ထင်ရှားကျော်ကြားလေသည်။

ဂုတ္တိလစောင်းဆရာ၏ စောင်းပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်သည့် အဖြစ်ကို ကြားသိသော ဥဇ္ဇေနီပြည်သား

www.dhammaransi.com



မှသိလမည်သော ကောင်းသမားသည် ဂုတ္တိလထံသို့ ရောက်လာသည်။

"သင် အဘယ်ကြောင့် လာပါသလဲ"

"ဆရာ့ထံ၌ စောင်းအတတ်ပညာကို သင်လို၍ လာပါသည်"

ဂုတ္တိလသည် မှသိလ၏ ရုပ်လက္ခဏာ အခြေအနေကို အကဲခတ် သုံးသပ်ကြည့်သည်။

"ဤယောက်ျားသည်ကား မညီမညွတ် မတည်မကြည်သော စိတ်အလိုရှိသူဖြစ်၍ ရန့်ရင့်ကြမ်းတမ်း ကျေးဇူးကမ်းသူ ဖြစ်လိမ့်မည်။ မချီးမြှောက်အပ် မချီးမြှောက်ထိုက်"

ဂုတ္တိလသည် ဤသို့ ကြံစည်ပြီးလျှင် အတတ်ပညာသင်ပေးရန် ခွင့်မပြုတော့ချေ။

မှသိလသည် ဂုတ္တိလက သင်ကြားရန် ခွင့်မပြုသည်ကို စိတ်ဓာတ်မလျော့ စိတ်ဓာတ်မကျ၊ ဥပဒ္ဒဝနိုးသို့လည်း မပြန်ဘဲ ဂုတ္တိလ စောင်းဆရာအိမ်မှာပင် ကပ်ရပ်နေပြီး ဂုတ္တိလ၏ မိဘနှစ်ပါး ပေယျာဝစ္စကို ကျည်မိဆောင်ရွက်ပေးလေသည်။

မှသိလအပေါ် ဂုတ္တိလ၏ မိဘနှစ်ပါးက စိတ်အလိုကျဖြစ်လာသောအခါ မှသိလသည် ဂုတ္တိလ၏ မိဘများကို တောင်းပန်သည်။

"မိခင် ဖခင်တို့၊ ကျွန်ုပ်အား စောင်းပညာ သင်ကြားပေးပါရန် သင်တို့သားအား ပြောကြားပေးကြပါ"

"ကောင်းပြီသား၊ ငါတို့သားကို ပြောကြားပေးမည်"

www.dhammaransi.com



ထိုအခါ ဂုတ္တိလ၏ မိဘများသည် မုသိလအား စောင်းပညာ သင်ကြားပေးရန် တိုက်တွန်း မေတ္တာရပ်ခံကြသည်။

ဂုတ္တိလသည် မုသိလကို စောင်းပညာ မသင်ပေးထိုက်ကြောင်း၊ အကျိုးအကြောင်းကို ပြောပြပြီး မသင်ပေးချေ။

နောက်သော် ဂုတ္တိလကို မိဘတို့က အကြိမ်ကြိမ် တိုက်တွန်းလာသည်။

"လေးစားအပ်သော မိဘတို့၏ တိုက်တွန်းစကားကို ပယ်ရှား၍ မတတ်ကောင်း"

ဂုတ္တိလသည် ဤသို့ စဉ်းစားပြီး မုသိလကို စောင်းအတတ် ပညာကို သင်ကြားပေးလေသည်။

ဂုတ္တိလသည် မုသိလကို စောင်းပညာ အတတ်သင်ပေးရာဝယ် သူတော်ကောင်းတို့၏ သဘောထံထွာ ဓမ္မတာအတိုင်း သတ္တဝါတို့ အများ၏ ချမ်းသာကြီးပွားခြင်းကို အလိုရှိ၍ ဝန်တိုမှု မစ္ဆေရတရား ပယ်ရှားပြီး မိမိတတ်သော အတတ်ပညာကို ဆရာစားမချန် အကုန်သင်ပေးလေသည်။

မုသိလသည် မိမိ၌ မူလက အခြေခံရှိသောကြောင့် လည်းကောင်း၊ မပျင်းမရိ လုံ့လဝီရိယရှိသောကြောင့် လည်းကောင်း မကြာခင် အတတ်ပညာ တတ်မြောက် ပြီးဆုံးလေသည်။

"ဤ ဗာရာဏသီပြည်သည်ကား ဇမ္ဗူဒိပ်၌ ကောင်းမြတ်စည်ကား ကျော်ကြားသော မြို့ဖြစ်သည်။ ငါသည် ဤဗာရာ

www.dhammaransi.com



ဏသီမြို့၌ မင်းနှင့်တကွသော ပရိသတ်အား စောင်းအတတ်ပညာကို ပြသရပါမူ ဇမ္ဗူဒိပ်၌ ဆရာဂုတ္တိလသည် အိုမင်းပြီဖြစ်ရကား ဆရာဖြစ်သူ ဂုတ္တိလထက်ပင် ငါသည် ကျော်စောထင်ရှားလတ္တံ့"

မုသိလသည် ဤသို့ အကြံဖြစ်ပြီးနောက် ဆရာ့ထံ ချဉ်းကပ်ကာ ပြောကြားသည်။

"ဆရာ ကျွန်ုပ်သည် မင်း၏ရှေ့တော်၌ စောင်းအတတ်ပညာကို ပြသလိုပါသည်။ ကျွန်ုပ်အား မင်းကို ပြသပေးပါ"

"ဤ မုသိလသည်ကား ငါ၏ အထံ၌ စောင်းအတတ်ပညာ သင်ကြားခဲ့သူဖြစ်၍ ဆောက်တည်ရာ အားကိုးရာ ရပါစေတော့"

ဆရာဂုတ္တိလသည် မုသိလအပေါ်၌ ဤသို့ ငဲ့ညှာသနားခြင်းဖြစ်ပြီး မုသိလကို ဘုရင်ထံသို့ ခေါ်ဆောင်သွားသည်။

"အရှင်မင်းမြတ်၊ ကျွန်ုပ်၏ နိဿယကို ခံယူ၍ အတွင်းနေတပည့်ဖြစ်သူ၏ စောင်းအတတ်ပညာ၌ လေ့လာ လိုက်စားထားသည်၏ အဖြစ်ကို ကြည့်ရှုပေးတော်မူပါဘုရား"

"ကောင်းပြီဆရာ၊ ဆရာ့တပည့် တီးပြပါစေ"

မင်းကြီးထံမှ ခွင့်ပြုချက်ရသောအခါ မုသိလသည် မင်းကြီးရှေ့ဝယ် စောင်းကို တီးပြလေသည်။ မင်းကြီးသည် မုသိလ၏ စောင်းသံကို ကြားရ၍ အလွန် နှစ်သက် ဝမ်းမြောက်လေသည်။

မင်းကြီးသည် မုသိလကို အခြားသို့ ထွက်မသွားစေလိုသဖြင့်

"သင်သည် ငါ၏ထံမှာသာ ခစားလျက်နေသော ဆရာအား

www.dhammaransi.com



ပေးသော လစာရိက္ခာအဖို့ထက်ဝက်သော လခရိက္ခာကို သင့်အား ပေးအံ့”ဟု မိန့်ကြားသည်။

“ကျွန်ုပ်သည် ဆရာအောက် အတတ်ပညာမယုတ်ပါ၊ ဆရာနှင့် အတူအညီတတ်သောကြောင့် လစာရိက္ခာကိုလည်း ဆရာနှင့် အညီအမျှသာ ပေးသနားတော်မူပါ”

“သင်သည် ဤသို့ မပြောဆိုသင့်။ ဆရာမည်သည်ကား ကြီးမားသော ဂုဏ်ထူးဝိသေသရှိသည်။ ထို့ကြောင့် သင့်အား ထက်ဝက်သော လစာရိက္ခာကိုသာ ပေးအံ့”

“အရှင်မင်းကြီး ကျွန်ုပ်၏ စောင်းအတတ်ကို လည်းကောင်း၊ ဆရာဂုတ္တိလ၏ စောင်းအတတ်ကိုလည်းကောင်း ကြည့်ရှုပါလော့”

“သင်က သင်၏ဆရာနှင့် ပြိုင်ဝံ့ပါသလား”

“ပြိုင်ဝံ့ပါသည် အရှင်မင်းကြီး”

“ကောင်းပြီ၊ ဤသို့ဆိုက ငါ၏ မင်းရင်ပြင်ဝယ် အများပရိသတ်ရှေ့၌ သင်နှင့် သင့်ဆရာ စောင်းအတတ်ပညာကို ပြကြပါလော့”

မင်းကြီးသည် ဤသို့ မိန့်ကြားပြီးလျှင် ပြည်သူ၊ ပြည်သားတို့အား ကြေညာစေသည်။

“အို လူအပေါင်းတို့၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မင်းနန်းရင်ပြင်၌ ဆရာဂုတ္တိလနှင့် တပည့် မုသိလတို့ စောင်း

www.dhammaransi.com



အတတ်ပညာကို ပြသပါအံ့။ ထိုပွဲသို့ လာရောက် ကြည့်ရှုလိုသူတို့ လာရောက် ကြည့်ရှုကြပါလော့”

ဂုတ္တိလသည် ထိုနေ့မှစ၍ သောကရောက်လျက် ရှိလေသည်။

“မူသိလသည်ကား ပျိုးရွယ် နုနယ်လျက် အားခွန်ဗလနှင့် ပြည့်ဝ၏။ ငါသည်ကား အရွယ်ကြီးမား ခွန်အား နည်း၏။ အကယ်၍ ငါသည် ရှုံးငြားအံ့။ သေရသည်ကား မြတ်လှပေသည်။ ထို့ကြောင့် တောသို့သွား၍ သေတာက ကောင်းပါသည်။ ငါသည် သေတော့အံ့”

ဂုတ္တိလသည် ဤသို့ သောကဖြစ် ကြံစည်လျက် သေရန် တောသို့ ထွက်ခဲ့လေသည်။ တောသို့အရောက်တွင် သေရမှာကို တစ်ဖန် ကြောက်သောကြောင့် အိမ်သို့ ပြန်လာခဲ့ပြန်လေသည်။

တစ်ဖန် သေအံ့ဆိုပြီး သွားခြင်း၊ ပြန်ခြင်းပြုရာ မည်မျှ အခေါက်ရေရှိသည်ကို မသိ၍ ရသော်လည်း သွားလာရာအရပ်၌ ရှိသော မြက်ပင်တို့သည် သေကြေပျက်စီးပြီးလမ်းပင် ဖြစ်နေတော့သည်။

ထိုအချိန်ဝယ် သိကြားမင်းသည် ဘုရားလောင်း ဂုတ္တိလ၏ စိတ်ဆင်းရဲမှုကို သိ၍ ဂုတ္တိလထံသို့လာကာ သိကြားမင်းအသွင်ဖြင့် မြင်ကောင်းသော အဆင်းကို ဖန်ဆင်းလျက် ကောင်းကင်ထက်၌ တည်နေပြီး--

“ဆရာ အဘယ်အမှုကို ပြုလုပ်နေဘိသနည်း”

www.dhammaransi.com



"ကောသိယနွယ်ဖွားဖြစ်သော အရှင်သိကြားမင်း-သို့ ခုနစ်ချောင်းရှိသော အလွန်သာယာသော အသံရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော စောင်းအတတ်ကို မုသိလအား သင်ကြားပေးခဲ့ပါသည်။ ထို မုသိလသည် ကျွန်ုပ်ကို မင်းရင်ပြင်၌ လာခဲ့အတတ်ကို ပြလှည့်ဟု ခေါ်နေပါသည်။ သိကြားမင်းသည် ကျွန်ုပ်၏ ကိုးကွယ်ရာ လဲလျောင်းပုန်းအောင်းရာ အားကိုးရာ ပြုပါလော့"

"ဆရာဂုတ္တိလ မကြောက်ရွံ့လင့်၊ ကျွန်ုပ်သည် ဆရာ၏ မှီခိုအားထားရာ ဖြစ်ပါအံ့။ ဆရာဂုတ္တိလ ကျွန်ုပ်ကဲ့သို့ တပည့်ကောင်းတစ်ယောက် နောက်က တည်ရှိနေပါလျက် အဘယ်မှာ ဆရာက ရှုံးပါအံ့နည်း။ အမှန်မှာ မုသိလကဲ့သို့သော ကျေးဇူးကန်းလှသည့် တပည့်ရင်း တပည့်ယုတ်ကို သင်ဆရာကသာလျှင် အောင်နိုင်ပါလတ္တံ့။ ထိုတပည့် မုသိလသည် ဆုံးရှုံ ပျက်ပြုန်းခြင်းသို့ ရောက်ပါလိမ့်မည်။ ကျွန်ုပ် သိကြားမင်းကိုယ်တိုင် ခုနစ်ရက်မြောက်သောနေ့၌ ယှဉ်ပြိုင်ရာ မင်းရင်ပြင်သို့ လာပါမည်။ ဆရာသည် ကြောက်ရွံ့ခြင်း ကင်းလျက် ရဲတင်းစွာ စောင်းကို တီးခတ်ပါလော့"

သိကြားမင်းသည် ဆရာဂုတ္တိလကို ဤသို့ ပြောကြားပြီး ပြန်သွားလေသည်။

ခုနစ်ရက်မြောက်သောနေ့ ရောက်သောအခါ ယှဉ်ပြိုင်ပွဲစတင်သည်။ မင်းကြီးသည် အမတ်, ပုဏ္ဏား, သူဌေးသူကြွယ်

www.dhammaransi.com



စသော အခြံအရံများနှင့်တကွ သတ်မှတ်ထားသော မင်းနေရာ၌ ထိုင်တော်မူသည်။

စောင်းတီးပြိုင်ပွဲ လာရောက်ကြည့်ရှုကြသော မင်းပရိသတ် ကလည်း မင်းရင်ပြင် အပြည့်ရှိလေသည်။

ဆရာဂုတ္တိလနှင့် တပည့် မုသိလတို့သည် ယှဉ်ပြိုင်ရန် မင်းရှေ့သို့ ရောက်ရှိလာပြီး မင်းကြီးကို ရှိခိုးကန်တော့ကြသည်။ ထို့နောက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော နေရာသို့သွားကာ အသီးသီး အတတ်ပညာကို ပြသကာ တီးခတ်ကြလေသည်။

ထိုအချိန်တွင် သိကြားမင်းသည် ဂုတ္တိလအထက် ကောင်းကင် ၌ လာရောက် ရပ်တည်သည်။ သိကြားမင်းကို ဂုတ္တိလကသာ မြင်သည်။ အခြားသူများက မမြင်ရချေ။

“ဆရာ စောင်းကြိုးတစ်ကြိုးကို ဖြတ်၍ တီးလော့”ဟု သိကြားမင်းက ပြော၍ ဂုတ္တိလသည် စောင်းကြိုးတစ်ကြိုးကို ဖြတ်၍တီးရာ မူလ(၇)ချောင်းသံအတိုင်း အသံသာယာစွာ ထွက် လေသည်။

သိကြားမင်းသည် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ အချောင်းတို့ကို တစ်ချောင်းစီ ဖြတ်၍ အဆင့် ဆင့် တီးခတ်စေရာ စောင်းသံသည် သာယာနာပျော်ဖွယ်ရာ အသံထွက်ပြီး ဗာရာဏသီ တစ်ပြည်လုံး လွှမ်းခြုံသွားလေသည်။

မုသိလသည် ဆရာဂုတ္တိလ တီးခတ်သလို လိုက်၍ မတီး

www.dhammaransi.com



နိုင်တော့သဖြင့် ရှုံးသောသဘောရှိသည်ဖြစ်၍ ခေါင်းငိုက်စိုက် ကျသွားလေသည်။

ကြည့်ရှုနားထောင်ကြသော ပရိသတ်အပေါင်းတို့သည် ရွှင်လန်းဝမ်းမြောက်ကြ၍ အဝတ်ပုဆိုး၊ ဦးထုပ်တို့ကို ပစ်မြှောက်ကြလျက် ဂုတ္တိလစောင်းဆရာကို ကောင်းချီးသြဘာ ထောမနာပြုကြလေသည်။

မင်းကြီးသည် ဆရာကျေးဇူးကို မသိဘဲ ယှဉ်ပြိုင်လာသော မုသိလကို ပွဲသဘင်အလယ်မှ ဆွဲထုတ်စေသည်။ လူအများကလည်း မုသိလကို ဒေါသထွက်ကာ ခဲတုတ်တို့ဖြင့် ဝိုင်းဝန်း ပစ်ခတ်ကြရာ မုသိလသည် ထိုနေရာမှာပင် ကွယ်လွန်ခဲ့ရတော့သည်။

သိကြားမင်းသည် ဆရာဂုတ္တိလကို ဝမ်းမြောက်စကား ပြောကြားနှုတ်ဆက်ပြီး ပြန်သွားလေသည်။

သိကြားမင်း နတ်ပြည်သို့ ရောက်သောအခါ နတ်သမီးတို့က–

"အရှင်သိကြားမင်း၊ အရှင်သည် အဘယ်အရပ်သို့ ကြွနေပါသနည်း"ဟု ဆီး၍မေးကြရာ သိကြားမင်းက ဂုတ္တိလစောင်းဆရာနှင့် တပည့်တို့ စောင်းပြိုင်ပွဲ အကြောင်းစုံကို ပြောပြလေသည်။

"အရှင်သိကြားမင်း၊ ထိုသို့ဆိုက ကျွန်ုပ်တို့လည်း ဆရာဂုတ္တိလကို ကြည့်ရှုလိုပါသည်။ ကျွန်ုပ်တို့ တောင်းပန် တိုက်တွန်းပါ၏။ ဆရာဂုတ္တိလကို တာဝတိံသာသို့ ခေါ်ဆောင်ပေးစေလိုပါသည်"

နတ်သမီးများက ဝိုင်းဝန်း တိုက်တွန်း တောင်းပန်ကြလေ

www.dhammaransi.com



သည်။ သိကြားမင်းသည် နတ်သမီးများ၏ တောင်းပန်မှုကို လက်ခံကာ မာတလိနတ်သားကို…

"အမောင် မာတလိ သွားချေ။ ငါတို့၏ အလောင်းတော် ဆရာဂုတ္တိလကို နတ်သမီးများက ကြည့်ရှုလိုကြောင်း ပြောကြား၍ ဝေဇယန္တာရထားဖြင့် ခေါ်ဆောင်လာခဲ့လော"ဟု စေခိုင်းလိုက်လေသည်။

မာတလိကနတ်သားသည် သိကြားမင်း စေခိုင်းသည့်အတိုင်း ချက်ချင်းပင် ဆရာဂုတ္တိလကို သွားရောက် ခေါ်ယူခဲ့လေသည်။

ဆရာဂုတ္တိလ နတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီး–

"ဆရာ ဂုတ္တိလ စောင်းတီးပြပါလော့။ ဆရာ၏ စောင်းသံကို နတ်သမီးတို့က နားထောင်လိုကြပါကုန်၏"ဟု ပြောကြားသည်။

"အရှင်သိကြားမင်း– ကျွန်ုပ်တို့ စောင်းသမားတို့မည်သည် ကား စောင်းအတတ်ကို မှီ၍သာ အသက်မွေးကြရပါသည်။ အဖိုးအခ မရဘဲ စောင်းအတတ်ပညာကို မပြသနိုင်ပါ"

"ဆရာဂုတ္တိလ အဘယ်ကဲ့သို့သော အဖိုးအခကို အလိုရှိပါ သနည်း"

"ကျွန်ုပ်သည် အခြား အဖိုးအခကို အလိုမရှိပါ။ စင်စစ်သော်ကား ဤနတ်သမီးတို့သည် မိမိတို့၏ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကို ပြောကြားခြင်းဟူသော အဖိုးအခကိုသာ ရလိုပါသည်"

www.dhammaransi.com



"ကောင်းပါပြီဆရာ အကျွန်ုပ်တို့ ပြောကြားပေးပါမည်"

နတ်သမီးအသီးသီးက ဝန်ခံ ကတိပြုကြလေသည်။ ထို့နောက် နတ်သမီးတို့သည် မိမိတို့၏ အတိတ်ဘဝက ပြုခဲ့သော ကောင်းမှုအသီးသီးကို ပြောကြားကြလေသည်။

ထိုနတ်သမီးတို့သည် ကဿပ ဘုရားရှင် လက်ထက်က လူဖြစ်ခဲ့ကြသည်။ သူတို့ အသီးသီးပြုခဲ့သော ကောင်းမှုကုသိုလ်များမှာ–

၁။ နတ်သမီးတစ်ပါးသည် အလွန်ကောင်းမြတ်သော အဝတ်ကို ရွေးချယ်၍ ရဟန်းတစ်ပါးကို လှူခဲ့သည်။

၂။ တစ်ဦးသည် အလွန်ကောင်းမွန်သော မြတ်သောပန်းကို လှူခဲ့သည်။

၃။ တစ်ဦးသည် စန္ဒကူး နံ့သာကို လှူခဲ့သည်။

၄။ တစ်ဦးသည် အလွန်ကောင်းမွန် ချိုမြိန်သော သစ်သီးကို လှူခဲ့သည်။

၅။ တစ်ဦးသည် ကြံရည်ကို လှူခဲ့သည်။

၆။ တစ်ဦးသည် ကဿပ ဘုရားရှင်၏ပုထိုး(စေတီ)၌ နံ့သာဖြင့် လက်ငါးချောင်းရာတို့ဖြင့် လိမ်းကျံလှူခဲ့သည်။

၇။ တစ်ဦးသည် ဥပုသ်သီလ စောင့်တည်ခဲ့သည်။

၈။ တစ်ဦးသည် ဆွမ်းစားချိန်ဝယ် ဆွမ်းစားအံ့သောငှာ ကြွရောက်လာသော လှေထဲ၌ ဆွမ်းဘုဉ်းပေးနေသော ရဟန်းကို သောက်ရေလှူခဲ့သည်။

www.dhammaransi.com



၉။ တစ်ဦးသည် အမျက်ဒေါသ ကြီးကြသော ယောက္ခမတို့အား အမျက်ဒေါသမရှိ ကြည်ဖြူစွာ ပြုစု လုပ်ကျွေးခဲ့သည်။

၁၀။ တစ်ဦးသည် သူတစ်ပါးတို့၏ အမှုကြီးငယ်ကို ပျင်းရိမရှိ ပြုလုပ်ပေးခဲ့သည်။

၁၁။ တစ်ဦးသည် သင်္ကန်း တင်လဲကို လှူခဲ့သည်။

၁၂။ တစ်ဦးသည် ဆွမ်းအလို့ငှာ လှည့်လည်လာသော ရဟန်းများကို ကြိုတင်ကို ပေးလှူခဲ့သည်။

၁၃။ တစ်ဦးသည် နို့ရည်နှင့်ရောသော ဆွမ်းကို လှူခဲ့သည်။

၁၄။ တစ်ဦးသည် ထန်းသီးကို လှူခဲ့သည်။

၁၅။ တစ်ဦးသည် သခွားသီး ငှက်ပျောသီးကို လှူခဲ့သည်။

၁၆။ တစ်ဦးသည် သခွားဆော်သီးကို လှူခဲ့သည်။

၁၇။ တစ်ဦးသည် ဖရုံသီးကို လှူခဲ့သည်။

၁၈။ တစ်ဦးသည် ဖက်သက်ကလေးရေကျဲသီးကို လှူခဲ့သည်။

၁၉။ တစ်ဦးသည် မီးအိမ်[illegible]ကို လှူခဲ့သည်။

၂၀။ တစ်ဦးသည် [illegible] လှူခဲ့သည်။

၂၁။ တစ်ဦးသည် [illegible] ပန်းယုပ်ကို လှူခဲ့သည်။

၂၂။ တစ်ဦးသည် အမြ[illegible]ကို လှူခဲ့သည်။

၂၃။ တစ်ဦးသည် တမာရွက်ဆုပ်ကို လှူခဲ့သည်။

၂၄။ တစ်ဦးသည် ပအုန်းရည်ကို လှူခဲ့သည်။

၂၅။ တစ်ဦးသည် နမ်းမှုန့်ညက်ကို လှူခဲ့သည်။

www.dhammaransi.com



၂၆။ တစ်ဦးသည် ခါးပန်းကြိုးကို လှူခဲ့သည်။
၂၇။ တစ်ဦးသည် ပန်းဖွံ့ကို လှူခဲ့သည်။
၂၈။ တစ်ဦးသည် ခါးဆောင့်ယပ်ကို လှူခဲ့သည်။
၂၉။ တစ်ဦးသည် အာယောဂပတ်ကို လှူခဲ့သည်။
၃၀။ တစ်ဦးသည် ထန်းရွက်ယပ်ကို လှူခဲ့သည်။
၃၁။ တစ်ဦးသည် ဥဒေါင်းမြီးစည်း 'ခြင်နှင်ယပ်' ကို လှူခဲ့သည်။
၃၂။ တစ်ဦးသည် ထီးကို လှူခဲ့သည်။
၃၃။ တစ်ဦးသည် ဖိနပ်ကို လှူခဲ့သည်။
၃၄။ တစ်ဦးသည် မုံ့ကို လှူခဲ့သည်။
၃၅။ တစ်ဦးသည် ကတွတ်မုံ့ကို လှူခဲ့သည်။
၃၆။ တစ်ဦးသည် သကာခဲကို လှူခဲ့သည်။

ဤနတ်သမီး အသီးသီးသည် ဤကောင်းမှုအသီးသီးကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံရှိလျက် ကြီးကျယ်ကောင်းမြတ်သော နတ်အာနုဘော်ဖြင့် ခံစားရပြီး သိကြားမင်း၏ အလုပ်အကျွေး နတ်သမီး ဖြစ်နေကြရသည်။

ဆရာဂုတ္တိလသည် နတ်သမီး အသီးသီး၏ ကုသိုလ်ကောင်းမှု အသီးသီးကို သိရှိပြီးသောအခါ မိမိ၏ စောင်းအတက်ဖြင့် တီးခတ် ဖျော်ဖြေပေးလေသည်။

နတ်သမီးအပေါင်းသည် ဆရာဂုတ္တိလ၏ စောင်းပညာကို ချီးမွမ်းအံ့သြ ထောမနာ ပြုကြလေသည်။

www.dhammaransi.com



ဆရာဂုတ္တိလသည် စောင်းပညာကို ပြသပြီးသောအခါ မာတလိ နတ်သားက ဆရာဂုတ္တိလကို လူ့ပြည်သို့ ပြန်လည် ပို့ဆောင်ပေးလေသည်။

## တာဝတိံသာရောက် ညီတော်နန္ဒ

ဘုရားရှင်၏ ညီတော်နန္ဒမင်းသားသည် ဘုရားရှင်၏ မယ်တော် မာယာဒေဝီ၏ ညီမတော် မဟာပဇာပတိ ဂေါတမီမှ မွေးဖွားသော သားတော်ဖြစ်သည်။ ဘုရားရှင်ထက် နှစ်ရက်သုံးရက်သာ ငယ်သည်။ အရပ်အမောင်းအားဖြင့် နန္ဒမင်းသားသည် ဘုရားလောင်းအောက် လက်လေးသစ်သာ နိမ့်သည်။

ဘုရားရှင်သည် ကပိလ နေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော် နန္ဒမင်းသားအား–

– အိမ်ရှေ့မင်း ဥသျှောင်တော် ထုံးဖွဲ့ရန်အတွက် မင်းသားငယ် ကာလက ထုံးဖွဲ့ရင်းရှိသော ဥသျှောင်ဆံထုံးကို ဖြည့်ခြင်း မင်္ဂလာ

– အိမ်ရှေ့မင်းဟူ၍ ကမ္ပည်းတံဆိပ် နှိပ်ထားသည် ရွှေပြားသင်းကျစ်တော်ကို နဖူး၌ တပ်ဆင်ခြင်းမင်္ဂလာ

– အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲ မင်္ဂလာ

– နှမတော် ဇနပဒကလျာဏီနှင့် ထိမ်းမြားခြင်း မင်္ဂလာ

– အိမ်ရှေ့ ထီးဖြူတော်စိုက်ဆောင်အပ်နှင်းခြင်း မင်္ဂလာ

ဤငါးပါးသော မင်္ဂလာကို ပြုလုပ်တော်မူလေသည်။

ထိုမင်္ဂလာပွဲတွင် ဘုရားရှင် ကြွသွားတော်မူပြီးနောက် မင်္ဂလာဆွမ်းကို ဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာ ပြုတော်မူသည်။

ပြီးလျှင် နန္ဒမင်းသားကို ရဟန်းပြုစေလိုသော ဆန္ဒရှိသည့်အတွက် သပိတ်တော်ကို ပွေ့ပိုက်စေပြီး နောက်ပါကလိုက်စေသည်။

နန္ဒမင်းသားသည် နောင်တော်ဘုရားရှင်၌ အလွန့်အလွန်ရိုသေလှသဖြင့် နန်းတော် ခန်းမဆောင်အရောက်တွင် သပိတ်တော်ကို ယူပါဘုရားဟု မလျှောက်ကြားဝံ့ဘဲ ရှိလေသည်။

စောင်းတန်း လှေကားဦးသို့ ရောက်လျှင် သပိတ်တော်ကို ယူလိမ့်မည်ဟု အောက်မေ့ကာ ဆက်လက်၍ သပိတ်ကို ပွေ့ပိုက်၍ လိုက်သည်။ ထိုနေရာ ရောက်၍လည်း ဘုရားရှင်က သပိတ်တော်ကို မယူ၊ လှေကားအောက်ရောက်လျှင် ယူမည်ဟု ထင်ခဲ့သည်။ ထိုနေရာအရောက်တွင်လည်း မယူ၍ ဆက်လက်လိုက်ပါသည်။ နန်းတော်ရင်ပြင်ရောက်လျှင် ယူလိမ့်မည် ထင်ခဲ့သော်လည်း မယူ၍ ဆက်လက် လိုက်ရပြန်သည်။ ဝယ်

ဤသို့ ယူလိမ့်နိုးဖြင့် လိုက်ပါလာခဲ့ရာ ဇနပဒကလျ တည်း ရံရွေတော်တို့သည် ထိုအခြင်းအရာကို မြင်၍ ဇနပဒက အဘယ် ထံသို့ သွားရောက်ကြပြီး– ဝင်ကျင့်

www.dhammaransi.com



"အရှင်မ...ဘုရားရှင်သည် နန္ဒမင်းသားကို အရှင်မနှင့်ကင်းကွာအောင် ခေါ်ဆောင်သွားပါပြီ"ဟု လျှောက်ထားကြလေသည်။

ထိုအချိန်တွင် ဇနပဒကလျာဏီသည် ခေါင်းလျှော်နေဆဲဖြစ်၍ ပန်းစီးသော ခေါင်းလျှော်ရေတို့ဖြင့် ဆံပင်ကို တစ်ဝက်တစ်ပျက်ဖြီးကာ အလျင်အမြန် လာလျက် လေသာနန်းတံခါးက ရပ်ပြီးလျှင်-

"အရှင့်သား...လျင်မြန်စွာ ပြန်လာခဲ့ပါလော့"ဟု မှာကြားလိုက်လေသည်။

ဇနပဒကလျာဏီ၏ မှာကြားသံကို ကြားလိုက်သော စကားသည် နန္ဒမင်းသား၏ နှလုံး၌ ဖီလာကန့်လန့်ကျဘိသကဲ့သို့တည်ရှိသည်။

ဘုရားရှင်သည် နန္ဒမင်းသား၏ လက်မှ သပိတ်ကို မယူဘဲ ကျောင်းတော်အရောက် ခေါ်သွားသည်။ ကျောင်းသို့ ရောက်လျှင်-

"ရဟန်းပြုမည်လော နန္ဒ"ဟု မေးတော်မူရာ နန္ဒမင်းသားသည် နောင်တော်ဘုရား၌ အလွန် ရိုသေလေးစားသူ ဖြစ်၍ ဂုဟန်းမပြုနိုင်ပါဟု မလျှောက်ကြားဝံ့ဘဲ စိတ်က ရဟန်းပြုရန် လိုမရှိသော်လည်း-

"ရဟန်းပြုပါမည် နောင်တော်"ဟူ၍သာ လျှောက်ကြားပိုက်ရလေသည်။

- "ရဟန်းတို့၊ ငါဘုရား၏ ညီတော် နန္ဒမင်းသားကို
- ပြုပေးကြပါလော"ဟု ဘုရားရှင်က ရဟန်းတို့ကို မိန့်ကြား

www.dhammaransi.com



ရာ ရဟန်းများက နန္ဒမင်းသားကို ရဟန်းပြုပေးကြလေသည်။

ညီတော်မင်းသား နန္ဒသည် ရဟန်းပြုပြီးနောက် ဘုရားရှင်နောက်သို့ လိုက်ပါသွားရလေသည်။ ဘုရားရှင်သည် သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေး လှူဒါန်းအပ်သော ဇေတဝန်ကျောင်းကို အလှူခံပြီးနောက် ထိုကျောင်း၌ သီတင်းသုံး နေထိုင်သည်။

ထိုအချိန်ဝယ် ညီတော်နန္ဒရဟန်းသည် သာသနာတော်၌ မပျော်ပိုက်၍ အဖော်ရဟန်းတို့အား–

"ငါ့ရှင်တို့၊ ငါသည် သာသနာတော် မမွေ့လျော် မပျော်ပိုက်ဘဲ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံနေရပါ၏။ ယင်းအကျင့်ကို ဆက်လက် ကျင့်ဆောင်ခြင်းငှာ မစွမ်းနိုင်တော့ပါ။ ရဟန်းဘဝကို စွန့်၍ လူ့ဘဝသို့ ပြန်ပါတော့မည်"ဟူ၍ ပြောကြားလေသည်။

ဘုရားရှင်သည် အရှင်နန္ဒ၏ ထိုစကားကိုကြား၍ မိမိရှေ့သို့ ခေါ်ဆောင်ကာ ကြားသောသတင်းစကား မှန်မမှန် မေးလေသည်။ အရှင်နန္ဒမထေရ်ကလည်း ကြားစကားမှန်ကြောင်း အမှန်အတိုင်း ဝန်ခံ လျှောက်ထားလေသည်။

"ချစ်ညီနန္ဒ–သင်သည် အဘယ်ကြောင့် သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ဘဲ သုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံနေရပါသနည်း၊ အဘယ်ကြောင့် ဤမြတ်သောအကျင့်ကို ဆက်လက် ထမ်းဆောင်ကျင့်

www.dhammaransi.com



ခြင်းငှာ မစွမ်းဆောင်နိုင်ပါသနည်း၊ အဘယ်ကြောင့် ရဟန်းဘဝမှ ထွက်ပြီး လူ့ဘဝသို့ ပြန်လိုပါသနည်း"

"ဘုန်းတော်ကြီးသော နောင်တော်ဘုရား-ညီတော်သည် နောင်တော်ဘုရား၏ သပိတ်ကိုထမ်း၍ ရွှေနန်းတော်မှ ထွက်ခဲ့စဉ် ဇနပဒကလျာဏီ နှမတော်က လေသာပြတင်းမှ အရှင့်သား မြန်မြန်ကြီးပြန်လာခဲ့ပါလော့ဟု မှာကြားလိုက်ပါသည်။ နောင်တော်ဘုရား၊ ညီတော်သည် ထိုနှမတော် မှာလိုက်သောစကားကို အဖန်ဖန် အောက်မေ့နေသည့်ဖြစ်၍ သာသနာတော်ဝယ် မမွေ့လျော် မပျော်ပိုက်ဘဲ သိက္ခာသုံးပါးဟူသော မြတ်သောအကျင့်ကို ကျင့်နေရပါသည်။ ယခုဆက်လက် ထမ်းဆောင်ခြင်းငှာ မစွမ်းဆောင်နိုင်တော့ပါ။ လူထွက်၍ လူ့ဘောင်သို့ ပြန်ပါတော့မည်"ဟု နန္ဒမထေရ်သည် ရိုးရိုးသားသားပင် ဝန်ခံလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ရှင်နန္ဒကို လက်ရုံး၌ ဆွဲကိုင်ကာ တာဝတိံသာသို့ ပို့လိုက်သကဲ့သို့ ဘုရားရှင်၏ တန်ခိုးအစွမ်းဖြင့် တာဝတိံသို့ ခေါ်ဆောင်တော်မူလေသည်။

လမ်းခရီးကြားဝယ် မီးလောင်ထားသော လယ်ကွက်တစ်ခု အတွင်း မီးသင့်ထားသော သစ်ငုတ်ပေါ်၌ နားရွက်၊ နှာခေါင်းအမြီး များ အစုတ်စုတ် အပြတ်ပြတ်ဖြစ်ကာ ထိုင်နေသော အင်္ဂါကြီးငယ် အသွယ်သွယ်ကို မီးလောင်ထားသော မျောက်မကြီးတစ်ကောင်ကို ပြတော်မူသည်။

www.dhammaransi.com



ထိုနောက် တာဝတိံသာနတ်ပြည်သို့ ဆက်လက်ခေါ်ဆောင်သွားလေသည်။ တာဝတိံသာနတ်ပြည်သို့ ရောက်သော် သိကြားမင်းထံ ခစားပြုရန် လာရောက်ကြသည့် ခိုခြေအသွေး၊ နီထွေးသော ခြေရောင်အဆင်းရှိကြသော နတ်သမီးငါးရာတို့သည် ဘုရားရှင်ကို ရှိခိုး၍ ရပ်တည်နေကြသည်တို့ကို ရှင်နန္ဒအား ညွှန်ပြတော်မူသည်။

"ညီနန္ဒ၊ ယခု ငါမေးသောစကားကို မည်သို့ မှတ်ထင်ပါနည်း၊ သင်၏နှမ ဇနပဒကလျာဏီနှင့် ဤခိုခြေအသွေး နီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့တွင် အဘယ်သူက သာလွန်၍ ရုပ်အဆင်းတင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိပါသလဲ"

(ထိုနတ်သမီးငါးရာသည် ကဿပဘုရားရှင်၏ တပည့်သံဃာအား ခြေနယ်ဆီကို လှူခဲ့သော ကုသိုလ်ကြောင့် ခိုခြေအသွေး နီထွေးနူးညံ့သော ခြေရှိကြသည်)

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား–လမ်းခရီးကြားဝယ် နောင်တော်ဘုရား ပြသခဲ့သည့် နားရွက်၊ နားခေါင်း၊ အမြီးအပြတ်ပြတ် အစုတ်စုတ်ဖြစ်ကာ အင်္ဂါကြီးငယ် အသွယ်သွယ်ကို မီးလောင်ထားသည့် မျောက်အိုမကြီးသည် အလှစာရင်း မသွင်းသကဲ့သို့ ဤအတူပင် နှမတော် ဇနပဒကလျာဏီ သာကီဝင်မင်းသမီးသည် ဤနတ်သမီးငါးရာတို့နှင့် ထောက်ဆလျှင်အလှ

www.dhammaransi.com



တာရင်း မသွင်းသင့်တော့ပါဘုရား၊ ဆင်စစ်သော်ကား ဤနတ်သမီးငါးရာတို့ကသာလျှင် သာလွန်၍ ရုပ်အဆင်း တင့်တယ်ရှုချင်စဖွယ်ရှိပါသည်ဘုရား”

“ချစ်ညီနန္ဒ၊ သင်သည် သုံးပါးသိက္ခာ သာသနာတည်သော မြတ်သောအကျင့်၌သာ မွေ့လျော်ပါလော့။ ယင်းသို့ကျင့်လျှင် သင့်အတွက် ငါဘုရားသည် ခိုခြေအသွေး နီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန် အာမခံပေးသည်”

“နောင်တော်ဘုရား၊ ညီတော်အတွက် နောင်တော်ဘုရားက ခိုခြေအသွေး နီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကိုရဖို့ရန် အကယ်၍ အာမခံတော်မူပါလျှင် ညီတော်သည် နောင်တော့်ထံဝယ် သုံးပါသိက္ခာ သာသနာဟူသော မြတ်သောအကျင့်ကို ကျင့်သုံးမှု၌ မွေ့လျော်ပျော်ပိုက်နေပါမည်ဘုရား”

ထိုနောက် မြတ်စွာဘုရားသည် ညီတော်နန္ဒကို တာဝတိံသာမှ ပြန်ခေါ်လာပြီးလျှင် ဇေတဝန်ကျောင်းသို့ ပြန်ကြွလာခဲ့သည်။

ဇေတဝန်ကျောင်းသို့ ရောက်သောအခါ ရှင်နန္ဒမထေရ်သည် ဘုရားရှင်ကို ရှိခိုး၍ မိမိ၏နေရာသို့ ကြွသွားတော်မူသည်။ ထိုအခါ ဘုရားရှင်သည် မိမိထံမှောက်သို့ ဖူးရောက်ရန် ရောက်လာကြသော ရဟန်းများကို ထိုအကြောင်းကို ပြန်ပြောင်း ဟောပြောမိန့်ကြားသည်။

www.dhammaransi.com



လောက ဥပမာအားဖြင့် လိမ္မာသောယောက်ျားသည် သစ်သား၊ ပျဉ်ချပ်၊ တိုင် စသည်၌ ဝင်ရောက်စူးနေသော မယ်နှ (အသားပုရစ်=သံ)ကို အခြားမယ်နှတစ်ခုဖြင့် ထုနှက်ထုတ်ပြီးမှ ထိုမယ်နှအသစ်ကို လက် စသည်ဖြင့် နှုတ်ကာ ဖယ်ရှားပစ်သကဲ့သို့ ထို့အတူပင် အလေ့အကျက်များသော ဇနပဒကလျာဏီ မင်းသမီး အနံ့၌ စူးဝင်နေသော အရှင်နန္ဒ၏ ရာဂတည်းဟူသော မယ်နှကို အာဂန္တုက အာရုံဖြစ်သည့် နတ်သမီးငါးရာတည်းဟူသော အခြားမယ်နှငယ်တစ်ခုဖြင့် ထုနှက်ထုတ်ပြီးမှ တဖန် ထိုနတ်သမီး အာရုံကိုလည်း မြတ်သောအကျင့်လမ်းကြောင်း၊ အကြောင်းဖြစ် အောင် ပြုလုပ်ပြီးလျှင် ဖယ်ရှားစွန့်ပစ်တော်မူလိုရကား ရဟန်းတော်များကို—

"ချစ်သားတို့ သွားကြကုန်၊ သင်ချစ်သားတို့သည် နန္ဒရဟန်းကို သူခစားဟူသော ပြောဆိုခြင်း၊ အပယ်တော်ကြီးဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့စကား ပြောကြားကြကုန်လော့"ဟု စေခိုင်းတော်မူလေသည်။

ရဟန်းတော်များသည် မြတ်စွာဘုရား စေခိုင်းချက်အရ များစွာသော ရဟန်းတို့ကြားဝယ် ဘုရားရှင်၏ မိထွေးတော် ပဇာပတိ ဂေါတမီ၏သား ဘုရား၏ညီတော် နန္ဒရဟန်းသည် နတ်သမီးငါးရာတို့ကို ရယူလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်၍နေသတဲ့၊ မြတ်စွာဘုရားသည် ရှင်နန္ဒအတွက် ခိုခြေအသွေး နီထွေးသော ခြေရောင်အဆင်းရှိကြသည့် နတ်သမီးငါးရာတို့ကို

www.dhammaransi.com



ရဖို့ရန် အာမခံတော်မူသတဲ့ဟူသော သတင်းစကားကို အနှံ့အပြား ကြားသိကြလေသည်။

အရှင်နန္ဒ၏ သူငယ်ချင်း ရဟန်းများကလည်း ရှင်နန္ဒထံ သွားကာ

"ရှင်နန္ဒသည် သူခစားကြီးဆိုပါလား၊ အရှင်နန္ဒသည် အဝယ်တော်ကြီးဆိုပါလား၊ နတ်သမီးငါးရာတို့ကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်သုံးနေသည်ဆိုပါလား၊ မြတ်စွာဘုရားသည် အရှင်နန္ဒအတွက် ခိုခြေအသွေး နီထွေးသော ခြေရောင်အဆင်းရှိသော နတ်သမီးငါးရာတို့ကိုရဖို့ရန် အာမခံတော်မူသည်ဆိုပါကလား"ဟူ၍သာ သူခစားကြီးဟူသော ပြောဆိုခြင်း၊အဝယ်တော်ကြီးဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့ရှုံ့ချ စကားပြောကြားကြလေသည်။

ထိုအရှင် ရှင်နန္ဒမထေရ်သည် အခံရခက် ရက်စနိုး စက်ဆုပ်ရကား တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် ရဟန်းတရားကို ကြိုးစားအားထုတ်လေရာ မကြာခင် ရဟန္တာ ဖြစ်ရတော့သည်။

## အရှင်လတ်လတ် ရက္ခစိုး နတ်ဘုံရောက်ရသူ

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလအချိန် ဖြစ်ပါသည်။ မြတ်စွာဘုရားသည်လည်း သာဝတ္ထိပြည်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

www.dhammaransi.com



သာဝတ္ထိပြည်မှ ကုန်သည်များနှင့် ပါဋလိပုတ်ပြည်မှ ကုန်သည်များတစ်စုတို့သည် စုပေါင်း၍ သမုဒ္ဒရာကူး လှေတို့ဖြင့် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်းရောင်းဝယ်ရေး ထွက်ခဲ့ကြလေသည်။

လမ်းခရီးတွင် ကုန်သည်တစ်ယောက်သည် ရုတ်တရက် သည်းထန်စွာ နာမကျန်းဖြစ်လာခဲ့သည်။ ကုန်သည်တို့သည် ပါလာသော ဆေးဝါးဖြင့် လှေပေါ်၌ ပြုစုစောင့်ရှောက် ကုသကြသော်လည်း ကုန်သည်မှာ ရောဂါမသက်သာဘဲ ရောဂါဖိစီးမှု ဒါဏ်ကို အလူးအလဲ ခံရသည်။

ကုန်သည်သည် ရောဂါခံစားနေရဆဲဝယ် အိမ်တွင်ကျန်ရစ်ခဲ့သော ဇနီးမယားကိုသာ တမ်းတ စွဲလမ်းနေမိသည်။ ကုန်သည်သည် ထိုသို့ မယားကို စွဲလမ်းရင်းပင် လမ်းခရီး၌ ကွယ်လွန်ခဲ့လေသည်။

ကုန်သည်သည် ပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်များစွာ ရှိပင်ရှိငြားသော်လည်း မယားကို စွဲလမ်းသောစိတ်ဖြင့် သေဆုံးသောကြောင့် အထက်နတ်ပြည်မရောက်ဘဲ သမုဒ္ဒရာအလယ် ကျွန်းတစ်ကျွန်း၌ ရုက္ခစိုးနတ် ဗိမာန်ရှင် ဖြစ်ရလေသည်။

တစ်ချိန်သောအခါတွင် ထိုကုန်သည်၏ မိန်းမသည် မိမိ၏ ခင်ပွန်းသည်၏ လက်ငုပ်လက်ရင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသဖြင့် ထိုလင်၏မိတ်ဆွေ ကုန်သည်များနှင့်အတူ သုဝဏ္ဏဘူမိသို့ ကုန်ကူးလိုက်ခဲ့သည်။

www.dhammaransi.com



ဗိမာန်ရှင် ရက္ခစိုးနတ်သည် ထိုကုန်သည်လှေ မိမိကျွန်းအနီးသို့ ဖြတ်သန်းသွားစဉ် ထိုလှေ၌ မိမိ၏မယားဟောင်း ပါလာသည်ကို သိရှိလေသည်။ ရက္ခစိုးနတ်သည် မိမိ၏ မယားဟောင်းကိုခေါ် ထားလိုသောကြောင့် လှေကို ဆက်လက်မသွားနိုင်အောင် တန်ခိုးဖြင့် ရပ်တန့်ထားလေသည်။

ထိုကုန်သည်တို့သည် လှေအဘယ်ကြောင့် ရပ်တန့်ရသည်ကို စူးစမ်းဆင်ခြင်ကြသည်။ လှေ၌ တစ်စုံတရာ ငြိတွယ်သော အခြင်းအရာကို မတွေ့ကြ၍ လှေ၌ သူယုတ်မာတစ်ဦး ပါလာ၍သာ ဖြစ်ရမည်ဟု ဆုံးဖြတ်ကြသည်။ ထို့နောက် မဲချကြလေသည်။

ဗိမာန်ရှင် ရက္ခစိုး၏ တန်ခိုးကြောင့် ထိုမိန်းမသည် သုံးကြိမ် သုံးခါ မဲချလေသည်။ ကုန်သည်တို့သည် ဝါးဖောင်ကို ပြုလုပ်၍ ထိုမိန်းမကို ဝါးဖောင်၌တင်ကာ သမုဒ္ဒရာအလယ်သို့ ချကြလေသည်။

ထိုမိန်းမလည်း ကြောက်ရွံ့ ငိုယိုလျက်ပင် သမုဒ္ဒရာထဲ၌ နေခဲ့ရလေသည်။

ထိုမိန်းမ ရေသို့ချပြီးသည်နှင့် တပြိုင်နက် လှေတို့သည် တဟုန်တည်း ထွက်ခွာသွားကြလေသည်။

ဗိမာန်ရှင် ရက္ခစိုးနတ်သည် လှေများ ထွက်ခွာသွားသောအခါ ဖောင်ပေါ်ရှိမိန်းမကို နတ်၏တန်ခိုးဖြင့် မိမိ၏ ဘုံဗိမာန်သို့

www.dhammaransi.com



ခေါ် ဆောင်သွားလေသည်။ ရက္ခစိုးနတ်သည် ထိုမိန်းမနှင့်အတူ မွေ့လျော်ကာနေလေသည်။

မိန်းမသည်ဗိမာန်ရှင် နတ်နှင့် တစ်နှစ်တာကာလမျှ နေပြီးသော် ပျင်းရိငြီးငွေ့လာသည်ဖြစ်၍ နတ်သားကို ပြောပြလေသည်။

"အရှင် ဤနေရာ၌ နေရသော ကျွန်မအား တမလွန်ကောင်းကျိုးအတွက် ကုသိုလ်ပြုခြင်းငှာ မရနိုင်ပါ။ လူ့ပြည်လူ့ရွာ၌သာလျှင် ကုသိုလ်ကောင်းမှုပြု၍ တမလွန်ကောင်းကျိုးကို လုပ်နိုင်ပါသည်။ သို့အတွက် ကျွန်မကို ပါဋလိပုတ်သို့ ပြန်ပို့စေလိုပါသည်"

"ချစ်နှမ ငါသည် အကုသိုလ်ကံကြောင့် ငရဲဘဝကိုလည်းကောင်း အာနုဘော်ကြီးသော နဂါးဂဠုန် တိရစ္ဆာန်ဘဝကိုလည်းကောင်း၊ ငတ်မွတ်ခြင်း အလီလီဖြင့် ဆင်းရဲရသော ပြိတ္တာဘဝကိုလည်းကောင်း၊ အစားအသောက် ရှေ့ရောက်ကာ ကွယ်ပျောက်ရသော အသူရကာယ်ဘဝကို လည်းကောင်း၊ ကုသိုလ်ကံကြောင့် စည်းစိမ်ချမ်းသာ အဖြာဖြာပြည့်ဝသော နတ်ပြည်ကိုလည်းကောင်း၊ ရောက်ကြရသည်ကို ကောင်းမွန်သေချာစွာ သိရပါပြီ။ ကုသိုလ် အကုသိုလ် အကျိုးပေးမှုကိုလည်း ကောင်းစွာသိရပြီဖြစ်သည့်အတွက် သင်သည် လူရပ်ဌာနေ ပါဋလိပုတ်သို့ ပြန်ပါလေ။ ငါပြန်ပို့ပေးပါမည်။ ထိုပြည်ရောက်က ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သရွေ့ပြုပါလေ"

www.dhammaransi.com



"အရှင် ကျွန်ုပ်သည် သင့်တန်ခိုးဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏ ဘဝကိုလည်းကောင်း၊ နတ်စည်းစိမ် နတ်ဘဝကိုလည်းကောင်း တွေ့မြင်ဖူးပါပြီ။ သင်သည် ကျွန်ုပ်၏ ကောင်းကျိုးများစွာကို လိုလားသူဖြစ်ပါသည်။ ကျွန်ုပ်သည် သင့်အတွက် ရည်စူး၍လည်းကောင်း၊ ကျွန်ုပ်အတွက် လည်းကောင်း ကုသိုလ်ကောင်းမှုတို့ကို မပြတ်ပြုပါမည်"

"ကောင်းပါပြီနှမ၊ ယခုပင် သင်လူ့ပြည်သို့ ပြန်ပါတော့၊ ပြန်ပို့ပေးပါတော့မည်"

ဗိမာန်ရှင် ရက္ခစိုးနတ်သည် အမျိုးသမီးကို နတ်တန်ခိုးဖြင့် သယ်ဆောင်ကာ ကောင်းကင်ခရီးဖြင့် သွားလျက် ပါဋလိပုတ်ပြည်သို့ ပြန်ပို့ကာ မြို့အလယ်၌ ချထားပေးခဲ့လေသည်။

ပါဋလိပုတ်၌ ထိုမိန်းမ၏ ဆွေမျိုးတို့သည် ထိုမိန်းမကို ပြန်လည်တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ အံ့သြမဆုံးလည်း ရှိကြလေသည်။ လှေနှင့် အတူတူသွားခဲ့ကြသော ကုန်သည်တို့ကလည်း ထိုမိန်းမ ပြန်ရောက်သည်ကို ကြားသိရ၍ လာရောက် မေးကြသည်။ အချင်းချင်းလည်း ဆွေးနွေးပြောဆိုမိကြ အံ့သြကြလေသည်။

"ငါတို့သည် ဤအမျိုးသမီးကို အလွန်ဝေးလံသော သမုဒ္ဒရာ လယ်၌ ပစ်ချခဲ့ရာ သေပြီဟု ထင်မှတ်ထားခဲ့သည်။ ယခုမသေဘဲ ပြန်ရောက်လာသည်မှာ အလွန် အံ့သြစရာ ကောင်းလှလေသည်"

www.dhammaransi.com



ဆွေမျိုးသားချင်းတို့သည် လည်းကောင်း၊ အပေါင်းအသင်း မိတ်ဆွေတို့သည် လည်းကောင်း၊ ပါဋလိပုတ်မှ အတူသွား ကုန်သည်တို့သည် လည်းကောင်း ထိုမိန်းမထံ ရောက်ကြသော အကြောင်းစုံကို မေးမြန်းကြလေသည်။

ထိုမိန်းမကလည်း မိမိတွေ့ကြုံခဲ့ရသော အကြောင်းစုံကိုပြော ပြလေသည်။

ထိုအမျိုးသမီး၏ သတင်းစုံကို သာဝတ္ထိနေ ကုန်သည်များက လည်း ကြားကြ၍ လာရောက်စုံစမ်း မေးမြန်းကြလေသည်။

သာဝတ္ထိနေ ကုန်သည်တို့သည် ထိုမိန်းမအကြောင်းစုံကို သိရှိပြီးသောအခါ သာဝတ္ထိသို့ ပြန်ပြီးလျှင် ဘုရားရှင်ထံသို့ ဝင်ရောက် ဖူးမြော်ကြပြီးလျှင် ထိုမိန်းမ၏အကြောင်းစုံကို လျှောက် ထားပြကြလေသည်။

ဘုရားရှင်သည်. ထိုအမျိုးသမီး၏ အကြောင်းစုံကို ညနေ တရားပွဲတွင် ပရိသတ်လေးပါးတို့အား ပြောပြတော်မူရာ တရားနာ ပရိသတ်တို့သည် သတိသံဝေဂတရားရကြကာ ဒါနစသော ကောင်းမှုတို့ကို ကောင်းစွာပြုစုကြလေသည်။

(ပါဋလိပုတ္တပေတဝတ္ထု)

## ရက္ခစိုး နတ်ဗိမာန်၌ ၇ ရက် နေခဲ့သူ
### "ကယ်တော်မူပါဘုရား...ကယ်တော်မူပါဘုရား"

www.dhammaransi.com



အရှင်မောဂ္ဂလာန်ထံသို့ အသက်အရွယ်ကြီးမားသော အမျိုးသမီးတစ်ဦးသည် ပူဆွေးသောက ယိုစီးကျသော မျက်ရည်တို့ဖြင့် ရောက်လာပြီး မထေရ်မြတ်ကို ရှိခိုးဦးချကာ အကူအညီတောင်းပန် လျှောက်ထားသည်။

"ဒါယိကာမကြီး၊ အဘယ်သို့သောအကြောင်းကြောင့် ငိုကြွေးပူဆွေး ရောက်ရပါသနည်း"

"အရှင်မြတ်ဘုရား၊ တပည့်တော်၏ သမီးကလေး သုလသာသည် ရုတ်တရက် ပျောက်သွား၍ နေရာအနှံ့ ရှာပါသည်။ သတင်းပင် စုံစမ်း၍ မရပါ။ ပတ်ဝန်းကျင်ရှိ လူများက အရှင်ဘုရားထံ လျှောက်ထားကြည့်က သိနိုင်သည်ဆို၍ တပည့်တော်မ လာရောက်အကူအညီတောင်းရခြင်း ဖြစ်ပါသည်ဘုရား။ တပည့်တော်မ သမီးကလေး သေသည်၊ ရှင်သည်ကို မသိရ၍ တပည့်တော်မ ပူဆွေးသောကရောက်နေရပါသည် ဘုရား။ တပည့်တော်မကို ကယ်ဆယ်တော်မူပါဘုရား"

ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ဒါယိကာမကြီး၏ စကားကို ကြားရသောအခါ မိမိ၏ အဘိညာဉ်တန်ခိုးဖြင့် ဆင်ခြင်ကြည့်တော်မူသည်။

ဒါယိကာမကြီး၏ သမီး သုလသာသည် ရက္ခစိုးနတ်တစ်ပါး၏ တဏှာရမက်ကြောင့် ခေါ်ယူသိမ်းပိုက်ခြင်း ခံနေရသည်။ ထိုရက္ခစိုးနတ်သည် တစ်ချိန်က အရှင်မြတ်ထံ လှူဒါန်းခဲ့သော

www.dhammaransi.com



ကတွတ်မုန့်နှင့် ရေတစ်ခွက် ကုသိုလ်ကံ အကျိုးဆက်ကလေး ကြောင့် ရက္ခစိုးနတ် ဖြစ်လာရသော သူဌေးသားတစ်ဦးဖြစ် ကြောင်း တွေ့မြင်သိရှိလေသည်။

သုလသာကို ခေါ်ဆောင်သွားသော ရက္ခစိုးနတ်၏ အတိတ် ဘဝသည်ကား ရက္ခစိုးနတ်သည် တစ်ချိန်က ရာဇဂြိုလ်မြို့၌ ကုဋေများစွာ ချမ်းသာသော မဟာဓနသူဌေး၏ တစ်ဦးတည်း သောသား ဖြစ်သည်။

မိဘတို့က အလွန်ချစ်လှသည့်အတွက် သားကလေး ပညာ သင်ကြားက ပင်ပန်းမည်စိုးသောကြောင့် လည်းကောင်း၊ ငါတို့၏ ဥစ္စာစည်းစိမ်သည် ငါတို့သား တစ်သက်လုံး သုံးသော်မှ ကုန် နိုင်ဖွယ် မရှိဟု ထင်မြင်ကြ၍လည်းကောင်း သားကလေးကို ပညာသင်ကြားမှု မပြုကြပေ။

သားလေးသည် ကုသိုလ်ကောင်းမှုပြုရန် သတိမရ၊ သောက် စားမူးယစ်၍သာ ကာမဂုဏ် အပျော်အပါးတို့အကြားတွင် ပျော်ပါး နှစ်ခြိုက်၍ နေခဲ့လေသည်။ ပညာ မျက်စိကန်းခဲ့သဖြင့် ရှေ့နောက် အကြောင်းကို ဘာမျှ စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်မရှိ ချေ။

ခဏအကြာတွင် မိဘတို့သည် ကွယ်လွန်ကြလေသည်။ သူဌေးသားသည် မိဘတို့ ကွယ်လွန်သောအခါ ဥစ္စာတို့ကိုကြိုက် သလို သုံးဖြုန်းနေတော့သည်။ ပြည့်တန်ဆာ ကချေသည်တို့နှင့်

www.dhammaransi.com



ရက်ရက်ရောရော ပေးကမ်း၍ အပျော်ကျူးကာ ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီးနေခဲ့သည်။

သူဌေးသားသည် အထူးသဖြင့် ထိုစဉ်က ရာဇဂြိုလ်မြို့တွင် အချောအလှအပြုံစု အယုယ နာမည်ကြီးသော သုလသာ ပြည့်တန်ဆာမလေးအပေါ်၌ စွဲလမ်းမိ၍ ငွေကြေးအမြောက်အများ အကုန်အကျခံကာ မကြာခဏ သွားရောက်ပျော်ပါးခဲ့လေသည်။

သုလသာသည် အလွန်ကျော်ကြားလှသော ပြည့်ရှင်မင်း အသိအမှတ်ပြု ပြည့်တန်ဆာမလေးတစ်ဦး ဖြစ်သည်။

သူဌေးသားသည် သုံးရင်းဖြုန်းရင်း ကာလကြာသော် စီးပွား ဥစ္စာတိုးတက်ရန် မလုပ်ခဲ့၍ တဖြည်းဖြည်း ဥစ္စာပစ္စည်းများ ကုန်ခန်းလာသည်။ သို့သော် သူသည် သတိမရ။ ရှေ့ရေးနောက်ရေးကို မစဉ်းစား။ မိမိပိုင် ငွေကုန်သော် ချေးငှားယူ၍ ပျော်ပါး ဖြုန်းတီးနေပြန်လေသည်။

ကာလအချိန်ကြာသော် ကြွေးတို့ကို ပြန်မဆပ်နိုင် ဖြစ်လာပြီး အိုးအိမ် လယ်ယာများလည်း တစ်စတစ်စ ကုန်ခန်းလာကာ အိုးမဲ့၊ အိမ်မဲ့၊ ခြေမဲ့၊ လက်မဲ့ဘဝဖြင့် ရောက်ရှိခဲ့ပြီး ခွက်လက်စွဲကာ တောင်းစားရသောဘဝသို့ ရောက်ရှိသွားလေသည်။

သူဌေးသား သူတောင်းစားသည် နောက်ဆုံး နေစရာပင် အိမ်မရှိတော့၍ ကိုးကွယ်ရာမဲ့သူတို့၏ နေရာ ဇရပ်၌ နေရလေသည်။

www.dhammaransi.com



တစ်ညတွင် ခိုးသူတစ်စုသည် ထိုဇရပ်၌ စုဝေးကာ တိုင်ပင်ကြလေသည်။ သူဌေးသား သူတောင်းစားကို တွေ့မြင်ပြန်သောအခါ...

"အဆွေ သင်သည် ကျန်းကျန်းမာမာ ရှိပါလျက် ဒုက္ခိတသဖွယ် သူတစ်ပါး စားကြွင်းများကို တောင်းရမ်း စားသောက်နေသည်မှာ ဆင်းရဲလှသည်။ ငါတို့နှင့်လိုက်၍ အလုပ်တူလုပ်ပါလျှင် ကောင်းစွာ နေရစားရပါမည်"ဟု ဝိုင်းဝန်း တိုက်တွန်း ပြောကြားကြသည်။

"အဆွေတို့ ငါသည် ခိုးမှုပညာ မတတ်ပါ"

"အဆွေ၊ ကိစ္စမရှိ ငါတို့နှင့်သာ လိုက်ခဲ့ပါ။ ငါတို့ခိုင်းသလိုသာ လုပ်ပါ"

"ဒါဆိုလျှင် ကောင်းပါပြီ။ အတူလိုက်၍ လုပ်ပါမည်"

ဤသို့လျှင် သူဌေးသား သူတောင်းစားသည် ခိုးသူတို့ သဘောဖော်ညီသည်ကို သဘောတူ၍ ခိုးသူများနှင့် လိုက်ပါသွားလေသည်။

သူခိုးတို့သည် အိမ်တစ်အိမ်သို့ ဝင်ခိုးကြသည်။ သူဌေးသားကို တုတ်တစ်ချောင်းပေးပြီး အဝင်တံခါးဝတွင် စောင့်နေစေလေသည်။

"ဘယ်သူလာလာ...ဝင်လာသူကို အဲဒီတုတ်နှင့် အသေရိုက်သတ်ပါ"

www.dhammaransi.com



သူဌေးသားကို အောက်စောင့်ထားပြီး သူခိုးတို့က အိမ်ထဲသို့ ဝင်ကာ ခိုးယူကြသည်။ အိမ်ရှင်သည် နိုးလာကြ၍-

"သူခိုး သူခိုး"ဟု အော်ဟစ်ရာ သူခိုးတို့သည် ရရာဥစ္စာထုပ်ကို အပါဆွဲ၍ နိုးစပ်ရာမှ ထွက်ပြေးလွတ်မြောက်သွားကြလေသည်။

သူဌေးသား သူတောင်းစားသည် အသိပညာကလည်း နည်းပါး၊ အရိပ်အကဲကလည်း မခတ်တတ်၍ ထွက်မပြေးဘဲ ရပ်နေ၍ အဖမ်းခံရတော့သည်။

လူအများသည် သူဌေးသား သူတောင်းစားကို သူခိုးဟုစွပ်စွဲပြီး မင်းထံသို့ ပို့ကြလေသည်။ မင်းကလဲ ခိုးသူ လက်ပူးလက်ကြပ် မိလာ၍ သေဒဏ်ပေးလေသည်။

မြို့ကွပ်ယောက်ျားသည် ခိုးသူကို လက်ပြန်ကြိုးတုတ်၍ နီမြန်းသော ခေါင်ရမ်းပန်းကို ပန်စေသည်။ ဦးခေါင်းကို အုတ်မှုန့်တို့ဖြင့် လိမ်းကျံပေးပြီး လူသတ်တို့လက်သို့ အပ်နှံလေသည်။

လူသတ်တို့သည် ခိုးသူကို လူအများသိစေရန် စည်တီးပြီး လမ်းမကြီးမှတစ်ဆင့် သုသာန်သို့ ခေါ်ထုတ်ကြလေသည်။

ထိုအချိန်တွင် သုလသာပြည့်တန်ဆာမသည် မိမိအိမ် လေသာပြတင်းမကြီးမှ ရပ်ကွက်လမ်းမကို ကြည့်သည်ရှိသော် သူဌေးသား ခိုးသူကို ခေါ်ဆောင်သွားသည်ကို တွေ့မြင်ရလေသည်။

သုလသာသည် တစ်ချိန်က ထိုသူဌေးသားနှင့် အကြိမ်များစွာ ပေါင်းသင်းဆက်ဆံ၍ အခကြေးငွေ များစွာရရှိခဲ့သည်။ ယခု

www.dhammaransi.com



ပျက်စီးခြင်းဘဝသို့ ရောက်ရသည်ကို များစွာ သနားကြင်နာလှ၍ ကတွတ်မုန့်နှင့်ရေကို ပို့ပေးလေသည်။

"ဤသူခိုးယောက်ျား မုန့်နှင့်ရေကို သောက်စေပြီးမှ သတ်ပါ"ဟု သူသတ်တို့ကို ငွေပေး၍ မှာကြားလိုက်လေသည်။

ထိုနေ့ထိုအချိန်မှာပင် ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် လောကကို ကြည့်ရှုသည်ရှိသော် ထိုသူဌေးသား၏ ပျက်စီးမှုကို မြင်လေသည်။

'ဤယောက်ျားသည် တစ်စုံတစ်ခုပြုအပ်သော ကောင်းမှုသည် မရှိခဲ့၊ မကောင်းမှု အကုသိုလ်သာ ပြုခဲ့သည်။ ငရဲ၌ ဖြစ်ရလတ္တံ့။ အကယ်၍ ငါကြွသွားသည်ရှိသော် မုန့်နှင့်ရေကို ငါ့အားလှူဒါန်းသဖြင့် ဘုမ္မစိုးနတ်၌ ဖြစ်ရလတ္တံ့။ ငါသည် ဤယောက်ျား၏ ကိုးကွယ်ရာ အားထားရာ ဖြစ်ရမူကား ကောင်းလေစွ'

အရှင်မြတ်သည် သူဌေးသားအပေါ်၌ သုလသာက ကရုဏာကြီးစွာဖြင့် မုန့်နှင့်ရေကို ပို့နေစဉ်မှာပင် ထိုယောက်ျားရှေ့၌ ထင်ရှားစွာ ရပ်နေတော်မူလေသည်။

ထိုယောက်ျားသည် ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးကို တွေ့မြင်ရသောအခါ ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍-

'ယခုပင် ဤလူသတ်သမားသည် ငါ့ကို သတ်ပေတော့မည်။ ဤမုန့်နှင့်ရေကို သောက်သုံးသဖြင့် ငါ့အား အကျိုးမရှိ၊ ဤမုန့်

www.dhammaransi.com



နှင့်ရေသည် ငါ၏ တမလွန်ဘဝ ရိက္ခာဖြစ်စေအံ့'ဟု သတိဝင်ပြီးလျှင် မုန့်နှင့်ရေကို မထေရ်မြတ်ကြီးအား ကြည်ညိုသဒ္ဒါစိတ်ဖြင့် လှူဒါန်းလိုက်လေသည်။

မထေရ်မြတ်ကြီးသည် ထိုယောက်ျားမြင်စေလျက် မုန့်နှင့်ရေကို ဘုဉ်းပေးလေသည်။

ထို့နောက် လူသတ်သမားသည် ထိုယောက်ျားကို ခေါင်းဖြတ်၍ သတ်လိုက်လေသည်။

အတုမရှိ မြတ်သောကောင်းမှုဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ်ဖြစ်သော ရှင်မောဂ္ဂလာန် မထေရ်မြတ်၌ ပြုအပ်သော ကောင်းမှုကြောင့် နတ်ပြည်ခြောက်ထပ်ဝယ် ဖြစ်ထိုက်ငြားသော်လည်း ထိုယောက်ျားသည် သေခါနီးဆဲဆဲကာလဝယ်-

'ငါသည် သုလသာ ပြည့်တန်ဆာမကို အမှီပြု၍ ဤလှူဖွယ်ဝတ္ထုပစ္စည်းကို ရပေ၏'ဟုသုလသာအပေါ်၌ တဏှာပေမ စွဲလမ်းမိသောကြောင့် ဥယျာဉ်တစ်ခုအနီးရှိ ညောင်ပင်၌ စတုမဟာရာဇ်နတ်မျိုးဝင် ရက္ခစိုးနတ် ဖြစ်ရလေသည်။

ထိုရက္ခစိုးနတ်သည် တစ်နေ့သောအခါတွင် ဥယျာဉ်သို့အလည်ရောက်လာသော သုလသာကိုမြင်၍ တဏှာပေမ ကပ်ငြိသည်ဖြစ်၍ အမှောင်တိုက် ပြုလုပ်ကာ သုလသာကို မိမိ၏ဘုံဗိမာန်သို့ ခေါ်ယူသွားလေသည်။

www.dhammaransi.com



မိမိဘုံဗိမာန်သို့ ရောက်သော် သုလသာကို မိမိ၏ဘဝဖြစ်စုံ အလုံးစုံကို ပြောပြသည်။

သုလသာသည် မူလကပင် အကြင်နာများ စေတနာထားသည့်အလျောက် ရက္ခစိုးနတ်ကို ကြင်နာသနားကာ ထိုရက္ခစိုးနတ်နှင့်အတူ ပေါင်းဖက်မွေ့လျော်နေလေသည်။

သုလသာ ဤသို့ ရက္ခစိုးနတ် ခေါ်ဆောင်သွားသည့်အတွက် မိခင်ကြီးသည် သမီးပျောက်ရှာဖွေရင်း ဒိုယိကာ ရှင်မောဂ္ဂလာန် မထေရ်မြတ်ထံသို့ ရောက်လာခြင်း ဖြစ်လေသည်။

ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် ပူဆွေးသောကရောက်နေသော သုလသာအမေကို သက်သာရာ ရစေခြင်းငှာ–

"ဒါယိကာမကြီး သင်၏သမီးသည် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဝေဠုဝန်ကျောင်းတော်ရှေ့၌ ရှင်တော်ဘုရားတရားဟောနေစဉ် ပရိသတ်အစွန်း၌ သင့်သမီးကို တွေ့ရပါလိမ့်မည်။ ဘုရားရှင် တရားသဘင်မှ စောင့်ပါလေ"ဟု ညွှန်ကြားလိုက်လေသည်။

ဒါယိကာမကြီးသည် မထေရ်မြတ်ထံမှစကားကို ကြားရသောအခါ စိတ်ချမ်းမြေ့ ဝမ်းမြောက်စွာပင် အိမ်သို့ ပြန်သွားလေသည်။

သုလသာသည် ခုနစ်ရက်ကြာ ရက္ခစိုးနတ်နှင့် ပေါင်းဖော်ပြီးနောက် ရက္ခစိုးနတ်အား–

"အရှင်နတ်သား၊ သင်၏ဘုံဗိမာန်၌ သင်နှင့်အတူနေရသည်မှာ ရေရှည် မသင့်လျော်ပါ။ ယခု ခုနစ်ရက်ရှိပါပြီ။ ကျွန်မ၏

www.dhammaransi.com



မိခင်သည်လည်း ကျွန်မကို မတွေ့ရ၍ စိုးရိမ်သောက ပူဆွေးကြလျက် ငိုကြွေးနေပါလိမ့်မည်။ ကျွန်မ တောင်းပန်ပါ၏။ ကျွန်မကို အိမ်သို့ ပြန်ပို့ပေးစေလိုပါသည်"

"သုလသာ၊ ကောင်းပါပြီ။ သင့်ကို သင့်တော်ရာနေရာသို့ ပို့ပေးပါမည်"

ဤသို့ဖြင့် ရက္ခစိုးနတ်သည် သုလသာကို ခေါ်ဆောင်၍ ဝေဠုဝန်ကျောင်း၌ ရှင်တော်ဘုရား တရားဟောနေစဉ် ပရိသတ်အစွန်း၌ ချထားပေးလေသည်။

လူများအပေါင်းသည် သုလသာကို ရုတ်တရက်တွေ့ရ၍ အလွန်အံ့သြ ဝမ်းသာကြပြီး ဝိုင်းဝန်းမေးကြလေသည်။

သုလသာသည် မိမိနှင့် ရက္ခစိုးနတ်အကြောင်းကို အကြောင်းစုံရှင်းလင်း ပြောပြလေသည်။ ထိုအခါ လူအပေါင်းသည် အထူးအံ့သြကြပြီး-

"ဤသူဌေးသားယောကျ်ားသည် မကောင်းမှု ဒုစရိုက်၌သာ လေ့ကျက်လျက်၊ ကောင်းမှုကုသိုလ်မရှိဘဲ အဘယ်ကြောင့်နတ်ဖြစ်ရပါသနည်း"ဟု ဝိုင်းဝန်းစုံစမ်း မေးကြလေသည်။

"ဤသူဌေးသားသည် သေခါနီးကာလဝယ် ကျွန်မပေးလိုက်သော မုန့်နှင့်ရေကို ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးအား လှူဒါန်းခွင့်ရ၍ ဤနတ်အဖြစ်ကို ရပါသည်"

ပရိသတ်အပေါင်းသည် ထိုစကားကို ကြားရသောအခါ-

www.dhammaransi.com



"ရဟန္တာတို့မည်သည် လူအပေါင်း၏ ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို စိုက်ပျိုးကြရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်တို့၌ အနည်းငယ်မျှ ပြုအပ်သော ကုသိုလ်ကောင်းမှုသည်ကား သတ္တဝါတို့အားနတ်အဖြစ်ကို ရရှိစေသည်တကား"ဟု ပြောဆိုကာ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ဖြစ်သောစိတ်ရှိကြပြီး ဝမ်းမြောက်ဝမ်းသာ ပီတိအဟုန် ခံစားကြရလေသည်။

ထိုအကြောင်းကို ရဟန်းတို့သည် သိရှိကြပြီးနောက် ဘုရားရှင်အား ချက်ချင်း လျှောက်ထားကြလေသည်။ ဘုရားရှင်သည် ရဟန်းတို့ လျှောက်ထားချက်အရ တရားဆော်ကို ဤသို့ ဟောကြားတော်မူလေသည်။

- အလှူကို ခံယူတော်မူသော ရဟန္တာတို့သည် မျိုးစေ့ပျိုးရာ လယ်ယာမြေကောင်းနှင့် တူပါသည်။
- ဝမ်းမြောက်ဝမ်းသာ ပေးလှူသော ဒါယကာတို့သည် လယ်သမားများနှင့် တူပါသည်။

လှူဖွယ်ဝတ္ထုတို့ကား မျိုးကောင်းမျိုးသန့်နှင့် တူပါသည်။

လောကတွင် ပေါင်းမြက်စသော အပြစ်အနာမှ ကင်းကွာသော လယ်ယာမြေခင်းတွင် မျိုးကောင်းစပါး၊ ကြဲချ စိုက်ပျိုးထားရှိသည် ဖြစ်သော် ဥတု၊ ရေ၊ မိုးစသည်တို့နှင့် အသင့်ပြည့်စုံပါလျှင် လယ်လုပ်သူ ယောကျာ်းအား မြောက်မြားစွာသော အသီးအနှံများ ခံစားရ၏။ အကျိုးစီးပွား ဖွံ့ဖြိုးသည် ဖြစ်ပေ၏။

ထိုနည်းတူ လောဘ အနုစရှိသော အပြစ်ဘေးမှ ကင်းကွာသော အလှူခံ ရဟန္တာပုဂ္ဂိုလ်တို့အား ဆွမ်း၊ သင်္ကန်း၊ အဖျော်ယမကာ စသော လှူဖွယ်ဝတ္ထုတို့ကို ကြံချ စိုက်ပျိုးလှူဒါန်းကြသည့်ရှိသော် ထိုအချိန်၌ နိရောဓသမာပတ်ထသောအချိန်နှင့် ကြုံတွေ့ပါက ပေးလှူသောသူအား ကြီးစွာသော ကောင်းကျိုးသည် ခံစားရသည်။

စိုက်ပျိုးအပ်သော ဒါနတည်းဟူသော မျိုးစေ့၊ ထွန်ယက်ခြင်းဟူသော စွန့်ကြဲပေးလှူမှုစေတနာ၊ အလှူခံတည်းဟူသော လယ်ယာမြေသည် တမလွန်ဘဝသို့ သွားကုန်သောသူတို့ကို ရည်မှန်း၍ လှူသည်ဖြစ်အံ့၊ တမလွန်ဘဝကူးသူတို့ ခံစားနိုင်သည်၊ မရည်မှန်းက လှူဒါန်းသူသည် ကုသိုလ်အကျိုး ခံစားရပါသည်။ အမျှဝေစဉ် ကြုံကြိုက်၍ သာဓုခေါ်နိုင်က ဒါနအကျိုး ခံစားရသည်။

တတ်သိလိမ္မာ ဉာဏ်ပညာရှိသော အမျိုးကောင်းသား-သမီးတို့သည် လူ့ပြည်လောက လူ့ဘဝကပင် ဖြူစင်ကောင်းမြတ်သော ကုသိုလ်မျိုးကိုပြု၍ ဘဝတစ်ပါးပြောင်းသွားသူ မိဘဆွေမျိုးစသည့်တို့ကို စည်းစိမ်ခံစားနိုင်စေရန် ရည်မှန်း၍ စွန့်ကြဲပေးကမ်းလှူဒါန်းပါက ထိုကောင်းမှုအကျိုးတို့ကြောင့် နတ်စည်းစိမ်ကို ခံစားနိုင်ကြလေသည်။

ဘုရားသခင်၏ တရားစကားတော်အဆုံးတွင် ရက္ခစိုးနတ် သုလသာနှင့်တကွ များစွာသော ပရိသတ်အပေါင်းတို့သည် အကျွတ်တရား ရကြသည်။

www.dhammaransi.com



ရက္ခစိုးနတ်ဖြစ်သော သူဌေးသားသည် ပညာတတ်၍ အသိအလိမ္မာရှိ၍ ပထမအရွယ် စီးပွားရေး၌ လုံ့လစိုက်မူ သူဌေးအပေါင်းတို့၏ အကြီးအမှူး ဖြစ်နိုင်သည်။

- ပထမအရွယ် ရဟန်းပြုမူ ရဟန္တာ ဖြစ်နိုင်သည်။
- ဒုတိယအရွယ် စီးပွားဥစ္စာလုံ့လပြုမူ သူဌေးအလတ်စား ဖြစ်နိုင်သည်။
- ရဟန်းပြုမူ သကဒါဂါမ် အနာဂါမ် ဖြစ်နိုင်သည်။
- တတိယအရွယ်၌ စီးပွားဥစ္စာ လုံ့လပြုမူ အငယ်စား သူဌေး ဖြစ်နိုင်သည်။ ရဟန်းပြုမူ သောတာပန်တည်နိုင်သည်။

ယခုမူ ပညာမတတ်၊ မကောင်းသူနှင့် ပေါင်းဖက်မိ၍ အသေဆိုးနှင့် သေရသည်။ မုန့်နှင့်ရေ အလှူငယ်ကြောင့်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံမှုကြောင့် လည်းကောင်း ရက္ခစိုးနတ် ဖြစ်ရလေသည်။

**(ဥရဝဂ္ဂခေတ္တူပမ-ပေတဝတ္ထု)**

## နတ်ပြည်တဒင်္ဂရောက် ရေဝတီ

ရေဝတီသည် ချောမောလှပသူ တစ်ဦးဖြစ်သည်။ သူသည် အိမ်ရှေ့တွင်နေသော နန္ဒိယကို အလွန်သဘောကျ ချစ်ခင်မြတ်နိုးသူ ဖြစ်သည်။

www.dhammaransi.com



နန္ဒိယနှင့်သူသည် စိတ်နေသဘောထားအားဖြင့်ကား ဆီနှင့် ရေ၊ မီးနှင့် မြေပမာ ကွာခြားလှသည်။

နန္ဒိယကား သဒ္ဓါတရားနှင့် ပြည့်စုံသည်။ အမြဲ ပေးလှူတတ်သည်။ သံဃာတော်များကိုလည်း အမြဲလုပ်ကျွေးသော အလှူရှင်တစ်ဦး ဖြစ်သည်။

ရေဝတီကား နန္ဒိယနှင့် ဆန့်ကျင်ဘက်။ သဒ္ဓါတရားမရှိ၊ လှူဒါန်းပေးကမ်းမှုကို ဝါသနာပါသူ မဟုတ်ချေ။

နန္ဒိယနှင့် ရေဝတီသည် မောင်နှမဝမ်းကွဲ တော်ကြသည်။ မိဘတို့က သူတို့နှစ်ဦးကို ပေးစားလိုကြသည်။ နန္ဒိယမိဘတို့က ရေဝတီကို ချစ်ခင်မြတ်နိုးကြသည်။ ရေဝတီကလည်း နှစ်သက်သည်။ သို့သော် နန္ဒိယကား ရေဝတီ၏ အမူအကျင့် သဒ္ဓါတရားမရှိသည်ကို မကြိုက်၍ ရေဝတီကို လက်ထပ်မယူလိုပေ။

တစ်နေ့တွင် နန္ဒိယ၏ မိခင်က ရေဝတီကို ဤသို့ အကြံပြုကာ

"ချစ်သမီး ရေဝတီ သင်သည် ငါတို့အိမ်သို့ ရဟန်းသံဃာများ ဆွမ်းခံချိန်လာပါ၊ ရဟန်းသံဃာများ နေထိုင်ရာ အရပ်ကို စိမ်းစိုသော နွားရေဖြင့် လိမ်းကျံ၍ နေရာကို ခင်းပေးပါ၊ သပိတ်ခြေတို့ကို ထားပေးပါ၊ ရဟန်းသံဃာများ ကြွလာသည့်အခါ ရိုသေစွာ ရှိခိုးပါ၊ သပိတ်ကို လှမ်းယူ၍ ထိုင်စေပါ၊ ရေစစ်ဖြင့် သောက်ရေကို စစ်၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ ရေကိုကပ်ပါ၊ ပြီးလျှင်သပိတ်

www.dhammaransi.com



ကို ဆေးကြောပေးပါ၊ သင်ဤသို့ ပြုလုပ်လျှင် သားသည် သင့်ကို နှစ်သက် ချစ်မြတ်နိုးပါလိမ့်မည်"

ရေဝတီသည် နန္ဒိယ နှစ်သက်မြတ်နိုးအောင် နန္ဒိယအမေပြောသည့်အတိုင်း နန္ဒိယရေ့မှာရော မျက်ကွယ်မှာရော ပြုလုပ်ဆောင်ရွက်သည်။ ထိုသို့ ပြုလုပ်၍ ရက်အတော်ကြာသော် နန္ဒိယမိခင်သည် နန္ဒိယကို–

"သား ရေဝတီသည် ဆုံးမခြင်းငှာ ခန့်သောမိန်းမဖြစ်နေပါပြီ။ လက်ထပ်ယူပါလော့"ဟူ၍ တိုက်တွန်းလေသည်။

နန္ဒိယကလည်း ဤသို့ဆိုက ကောင်းပါပြီဟု ဝန်ခံကတိပြုလေသည်။ နှစ်ဘက်မိဘတို့သည် မင်္ဂလာနေ့ရက်ကို ရွေးပြီးလျှင် ရေဝတီနှင့် နန္ဒိယကို လက်ထပ်ပေးခဲ့လေသည်။

လက်ထပ်ပြီး၍ ရေဝတီ အိမ်သို့ ရောက်သော် နန္ဒိယက ရေဝတီကို–

"သင်သည် ရဟန်းသံဃာတော်များနှင့် ငါ၏မိဘတို့ကို ကောင်းစွာ ပြုစုလုပ်ကျွေးသည်ရှိသော် သင်သည် ငါနှင့်ထာဝရ ဤအိမ်တွင် နေခွင့်ရမည်။ ထိုသို့မဟုတ်က ဤအိမ်မှာ ငါနှင့် နေခွင့်မရရှိနိုင်ပါ၊ သို့အတွက် ထိုအချက်ကို သတိထား၍ ဆောင်ရွက်ပြုလုပ်ပါလေ"ဟု မှာကြားသည်။

ရေဝတီသည် ကောင်းပါပြီဟု ဝန်ခံကာ သဒ္ဓါကြည်ညိုဟန်ဆောင်ကာ လင့်အလိုကျ လိုက်၍ ဆောင်ရွက်ပေးခဲ့သည်။

www.dhammaransi.com



ရေဝတီတွင် သား(၂)ယောက် မွေးဖွားပြီးသောအခါ နန္ဒိယ၏ မိဘတို့သည် ကွယ်လွန်ခဲ့၍ ပစ္စည်းဉစ္စာအားလုံးကို နန္ဒိယတို့က ပိုင်ဆိုင်ပြီး ရေဝတီက အိမ်ရှင်မအနေဖြင့် အားလုံးကို အုပ်စိုးထိန်းသိမ်း စောင့်ရှောက်ရသည်။

နန္ဒိယသည် မိမိရသော အမွေဥစ္စာဖြင့် ဘုရားရှင် သီတင်းသုံးရာ ဣသိပတန ကျောင်းတိုက်၌ ဇရပ်ကြီးလေးဆောင်ကို ဆောက်လုပ်လှူဒါန်းသည်။ ဇရပ်များ ရေစက်ချသောနေ့ဝယ် တာဝတိံသာနတ်ပြည်၌ ဘုံဗိမာန် ကြီးတင် ပေါက်ရောက်လေသည်။

နန္ဒိယသည် နတ်ပြည်၌ မိမိ ဘုံဗိမာန်ပေါက်ကြောင်း ရှင်မောဂ္ဂလာန်မှ တစ်ဆင့် ကြားသိရသောအခါ အတိုင်းထက် အလွန် အလှူကိုပြုသည်။

မိဘတို့ မရှိတော့သည့်အတွက် ကုန်သွယ်မှုကို မိမိကိုယ်တိုင် ဦးစီးလုပ်ရလေသည်။ တစ်နေ့ ကုန်သွယ်ခရီးထွက်ရန် ကိစ္စပေါ်လာသည်။ ဇနီး ရေဝတီကို သေချာစွာ မှာကြားသည်။

"ရှင်မရေဝတီ၊ ငါတည်ထားအပ်သော သံဃာတော်များအား ပေးအပ်သော အလှူနှင့် ကိုးကွယ်ရာမရှိသူတို့အား ပေးအပ်သော အမြဲထမင်းကို မမေ့မလျော့ ပြုလုပ်ဆောင်ရွက်ပါ"

"ကောင်းပါပြီ အရှင်"

နန္ဒိယသည် ရောက်လေရာ အရပ်ဒေသတို့၌ ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သရွေ့ ပြုလုပ်သွားသည်။

www.dhammaransi.com



ရေဝတီသည် နန္ဒိယ ကုန်သွယ်ထွက်သွားသော် နှစ်ရက်သုံးရက်မျှသာ အလှူဝတ်ကို ဖြစ်စေပြီးလျှင် ကိုးကွယ်ရာမဲ့သူတို့၏ ထမင်းဝတ်ကို အပျောင်ဖြတ်တောက်ပစ်လိုက်သည်။ ရဟန်းတို့ကိုမူ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းကိုသာ ပေးလှူသည်။ ရဟန်းတို့ ဆွမ်းစားသောနေရာ၌ မိမိစားကြွင်းဖြစ်သော ထမင်း–ငါး၊ အမဲတုံး ရောနှောသော စားဖတ်အရိုးတို့ကို ကြဲဖြန့်ထားပြီး ကျွန်လူအများကို ခေါ်ပြသည်။

"ရဟန်းတို့လုပ်ပုံကို ကြည့်ရှုကြကုန်လော့။ သဒ္ဓါ၍ လှူသော ပစ္စည်းတို့ကို ဤသို့ စွန့်ပစ်ကြကုန်၏"

နန္ဒိယသည် ကုန်သွယ်ပြီး၍ ပြန်လာသည်။ ရေဝတီ၏ အကြောင်းစုံကို ကြားရသည်။ ရေဝတီကို ချက်ချင်း အိမ်မှနှင်ထုတ်လေသည်။

ဒုတိယနေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ကြီးစွာသောအလှူကို ပြုလုပ်သည်။ အမြဲလှူသော ဆွမ်းနှင့် ကိုးကွယ်ရာမဲ့သူတို့၏ ထမင်းဝတ်ကိုလည်း ပြန်လည်တည်လေသည်။

နန္ဒိယ၏ သူငယ်ချင်းတို့က သားနှစ်ယောက် မျက်နှာငဲ့ပြီး ရေဝတီကို ပြန်လည်လက်ခံရန် တိုက်တွန်းမေတ္တာရပ်ခံကြသည်။ သို့ဖြစ်၍ နန္ဒိယသည် ရေဝတီကို ပြန်လည်လက်ခံသည်။ သို့သော် ယခင်လို အိမ်ရှင်မအဖြစ် အခွင့်ကို မပေးတော့။ စားသောက်လောက်ရုံ ရိက္ခာသာ ပေးထားသည်။

www.dhammaransi.com



နောက် များမကြာမီကာလဝယ် နန္ဒိယသည် ကွယ်လွန်၍ တာဝတိံသာနတ်ပြည်ဝယ် မိမိအတွက် ပေါ်ခဲ့သော ဘုံဗိမာန်၌သာ နတ်သားဖြစ်ရလေသည်။

ရေဝတီသည် နန္ဒိယသေသောအခါ အလုံးစုံသော အလှူဝတ်တို့ကို ဖြတ်တောက်ပစ်လိုက်သည်။

"ရဟန်းတို့ကြောင့် ငါ့အား လာဘ်ပူဇော်သက္ကာသည် ဆုတ်ယုတ်ရ၏"ဟုဆိုကာ ရဟန်းသံဃာများကို ဆဲဆိုရေရွတ်လျက် တစ်အိမ်တက်ဆင်း လိုက်၍ ပြောလေသည်။

ဝေဿဝဏ်နတ်မင်းကြီးသည် ဘီလူးနှစ်ယောက်ကိုခေါ်ကာ–

"အချင်းတို့ သွားကြလော့။ ဗာရာဏသီပြည်၌ ဤနေ့မှခုနစ်ရက်မြောက်သောနေ့တွင် ရေဝတီကို အရှင်လတ်လတ် ငရဲသို့ ပစ်ချလတ္တံ့ဟု ကြွေးကြော်ကြကုန်လော့"ဟု စေခိုင်းလိုက်သည်။

ဘီလူးတို့၏ ကြွေးကြော်သံကို ကြားရသော လူအပေါင်းတို့သည် ကြောက်ရွံ့ထိတ်လန့်ကြလေသည်။ ထိုအသံကို ရေဝတီသည်လည်း ကြားရ၍ ပြာသာဒ်ထက်သို့တက်ပြီး တံခါးကို ပိတ်ကာနေလေသည်။

ခုနစ်ရက်မြောက်သောနေ့တွင် ရေဝတီ၏ သံဃာပေါ်စော်ကားလာသော အကုသိုလ်ကံ ဆိုက်ရောက်လာပြီဖြစ်၍ ဝေဿဝဏ်နတ်မင်း စေခိုင်းလိုက်သော ဘီလူးကြီးနှစ်ယောက်သည် ရောက်လာသည်။

ထိုဘီးလူးကြီးများ၏ ပုံသဏ္ဌာန်မှာ–

– တောက်ပြောင်သော ဆံပင်မုတ်ဆိတ်ရှိသည်။

– ပြားချပ်၍ ဖောက်ပြန်သောနှာခေါင်းရှိသည်။

– ကော့ညွတ်သောအစွယ်ရှိသည်။

– နီသောမျက်စိရှိသည်။

– မီးအလျှံကဲ့သို့ ပြောင်ပြောင်တောက်သော အသားအရေအရောင်ရှိသည်။

ဘီလူး(၂)ယောက်သည် ရေဝတီနားသို့ ရောက်လာပြီး–

"အလွန်ယုတ်မာသော စိတ်ထားရှိသော ဟဲ့ရေဝတီ ထလော့" ဟုဆိုကာ လက်မောင်းနှစ်ဘက်ကို တစ်ယောက်တစ်ဘက်ကိုင်၍ ဆွဲခေါ်သည်။

"လူအပေါင်း မြင်စေသတည်း"ဟုဆိုပြီး ဗာရာဏသီမြို့၌ ခရီးမ တစ်ခုမှတစ်ခုသို့ လှည့်လည်ပြသပြီး ကောင်းကင်သို့တက်ကြပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားကြသည်။ ပြီးလျှင် နန္ဒိယနတ်သား၏ ဘုံဗိမာန်နှင့် နတ်စည်းစိမ်ကို ပြသလေသည်။

ရေဝတီသည် ရတနာခုနစ်ပါးဖြင့် ကြွားကြွားဖိတ်ဖိတ်တောက်ပသော၊ နေဝန်းကဲ့သို့ အလွန်ထွန်းလင်းတောက်ပြောင်သော အရောင်လွှမ်းသော ရွှေဇာပြောက် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းလျက် လှပတင့်တယ် ရှုဖွယ်မငြီး နတ်သမီးကညာအပေါင်းတို့ဖြင့်

www.dhammaransi.com



ဝန်းရံနေသော နန္ဒိယနတ်သားနှင့် ဘုံဗိမာန်ကြီးကို မြင်ရသောအခါ မိမိကိုခေါ်လာသော ဘိုးလူးတို့ကို မည်သူ၏ဘုံဗိမာန်ပါနည်းဟု မေးလေသည်။

"ဟဲ့ ရေဝတီ၊ ဗာရာဏသီပြည်၌ နန္ဒိယအမည်ရှိသော ဝန်တိုမှုတို့ ကင်းကွာသော ဥပါသကာအလှူရှင်တစ်ဦး ရှိခဲ့သည်။ သူသည် သူတော်ကောင်းတို့၏ ကျေးဇူးကိုလည်း သိတတ်၏။ နေမင်း၏အရောင်ကဲ့သို့ တောက်ပြောင်၍နေသော ဤဗိမာန်ကြီးသည် ထိုနန္ဒိယဥပါသကာ၏ ဗိမာန်ကြီးဖြစ်ပါသည်။ မွှေးကြိုင်လှိုင်ကြူးစန္ဒကူးနံ့သာဖြင့် လိမ်းကျံထားကြကုန်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်အတွင်းအပမှ ရှုမဝသာဖွယ်ဖြစ်အောင် တင့်တယ်ကြပါကုန်၏။ ဤရွှေဗိမာန်ကြီး၌ နတ်စည်းစိမ်အဖြာဖြာကို ဝမ်းမြောက်စွာ ခံစားနေရသူကား နန္ဒိယပင် ဖြစ်သည်"

"အရှင်ဘိုးလူးမင်းတို့၊ ကျွန်မသည် နန္ဒိယ၏မယားဖြစ်ပါသည်။ ဥစ္စာအားလုံးကိုပိုင်ဆိုင်သောမိန်းမ ဖြစ်ခဲ့ပါသည်။ ယခုအခါ ကျွန်မလင်ဖြစ်သော နန္ဒိယ၏ဗိမာန်၌ မွေ့လျော်ပါအံ့။ ကျွန်မကို ငရဲသို့ မပို့ကြပါလင့်။ ကျွန်ုပ်သည် ငရဲပြည်သို့ကြည့်ရှုရန် မတောင့်တခဲ့ပါ၊ ငရဲပြည်ကို မမြင်လိုပါ"

"ဟဲ့ ရေဝတီ မိန်းမယုတ်၊ သင်သည် တောင့်တသည်ဖြစ်စေ၊ မတောင့်တသည်ဖြစ်စေ သင်တောင့်တသဖြင့်လည်း ဘာမျှအကျိုးမရှိ"

www.dhammaransi.com



ဘိလူးတို့သည် ဤသို့ပြောဆိုပြီး ရေဝတီကို တာဝတိံသာနတ်ပြည်မှ ဆွဲခေါ်ကာ ဥဿဒငရဲအနီးသို့ ခေါ်ဆောင်သွားကြသည်။

"ဟဲ့ ရေဝတီမိန်းမယုတ်၊ ဤငရဲသည် သင်ခံစားဖို့ရန် ငရဲပဲ။ သင်သည် လူ့ပြည်၌ ကုသိုလ်ကောင်းမှုကို မပြုလုပ်ဘဲ ဝန်တိုစဉ်းလဲ၍ အမြဲတမ်း ရဟန်းပုဏ္ဏား အားကိုးရာမဲ့သူတို့ကို အမျက်ထွက်ကာ ပြစ်မှားယုတ်မာမှုကို ပြုခဲ့သည်။ ယုတ်မာသောင်းဖြောင်း မကောင်းမှုကိုပြုသောသူသည် နတ်ပြည်၌နေခြင်းကို မရအပ်။ သင်ယခုတွေ့ရသော ငရဲပြည်၌သာလျှင် နေရပေမည်"

ဘိလူးနှစ်ယောက်တို့သည် ထိုသို့ပြောပြီး ထိုနေရာ၌ပင် ကွယ်ပျောက်သွားလေသည်။ ထိုခဏမှာပင် ဘိလူးနှစ်ယောက်နှင့် အလားတူသော ငရဲထိန်းနှစ်ယောက်တို့သည် ပေါ်လာသည်။

ရေဝတီကို မစင် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပုပ်ပွယိုစီးနေသော ဂူထ ငရဲသို့ ရေဝတီကို ပစ်ချရန် ဆွဲယူသည်။

ရေဝတီသည် အလွန်ဆိုးဝါးစွာ နံစော်နေသော မစင်ပုပ်တို့ကို မြင်တွေ့ရ၍ ရွံရှာကြောက်လန့်ကာ–

"အရှင်တို့၊ ဤငရဲကို ဘာငရဲလို့ ခေါ်ပါသလဲ၊ စက်ဆုပ်ရွံရှာဖွယ် ကျင်ကြီးကျင်ငယ်အနံ့တွေ လှိုင်နေပါကလား"ဟု မေးသည်။

"ရေဝတီ–ဤငရဲသည် အသူတရာ (ယောက်ျားတို့၏ အရပ်မောင်းတစ်ရာ)နက်သော ရွံဖွယ်မပြတ် ကျင်ကြီးကျင်ငယ်

www.dhammaransi.com



အသွယ်သွယ် စသည်ကို ယိုစီးစေတတ်သော သံသဝကငရဲမည်ပါ သည်။ ဤငရဲတွင်းကြီးထဲ၌ သင်သည် အနှစ်တစ်သောင်း မက သော ကာလပတ်လုံး ဆင်းရဲဒုက္ခ ခံစားရပါလိမ့်မည်”

“အရှင်တို့၊ ကျွန်ုပ်သည် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးဖြင့် အဘယ်မကောင်းမှုကို ပြုမိခဲ့၍ အသူတစ်ရာနက်သော ငရဲသို့ ကျရောက်ရပါသနည်း”

“ကောက်ကျစ်လှည့်စား မာယာများလှသော ဟဲ့ ရေဝတီ၊ သင်သည် ရဟန်းပုဏ္ဏားများနှင့် သူတောင်းစား စသည်တို့ကို လိမ်လည်လှည့်စား ယုတ်မာသော မကောင်းမှုများကို ပြုလုပ်ခဲ့ သည်ကို မသိချင်ယောင် ဆောင်နေရပါသလော။ သင်သည် ဤငရဲ၌ အနှစ်တစ်သောင်းတို့ပတ်လုံး ဆင်းရဲကြီးစွာ ခံစားရ ပေမည်”

“ထိုမှတစ်ပါး မစင်ကျင်းကြီးထဲတွင် နှစ်မြုပ်နေရာမှ တစ်ခါ တစ်ရံ ပေါ်လာသောအခါ၌လည်း ငရဲထိန်းတို့သည် သင်၏ခြေ လက်၊ နား၊ နှာခေါင်းတို့ကို အပိုင်းအထစ်ဖြစ်အောင် လှီးထစ် ခုတ်ရွေ ဖြတ်ကြပေကုန်အံ့၊ ထိုအခါ လက်၊ ခြေ၊ နား၊နှာခေါင်း မရှိကြတော့ဘဲ တလူးလူးတလွန့်လွန့်နေသော သင်၏ ကိုယ် အသား တို့ကို အတိုင်းအတာ သုံးဂါဝုတ်မျှရှိသော ကျီးအပေါင်း တို့သည် ဝိုင်းအုံလာ၍ ထန်းပင်လုံးပမာဏရှိသော ထက်လှစွာ သော သံနှုတ်သီးတို့ဖြင့် ထိုးဆွကာ စားသောက်ခြင်းကိုလည်း ခံရလတ္တံ့”

www.dhammaransi.com



"အရှင်ငရဲထိန်းတို့၊ ကျွန်ုပ် တောင်းပန်ပါ၏၊ ကျွန်ုပ်ကို လူ့ပြည်သို့ ပြန်ပို့ပေးကြပါ၊ ကျွန်ုပ် လူ့ပြည်သို့ ပြန်ရောက်လျှင် ဒါနသီလ ဘာဝနာအဖြာဖြာတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်ပါတော့မည်"ဟု ရေဝတီက ငိုယိုတောင်းပန်၍ ပြောကြားသည်။

"ရေဝတီ၊ သင်သည် ရှေးအခါက မေ့လျော့ပေါ့ဆပြီး ယခုအခါ ဆင်းရဲမျိုးစုံ ငရဲဘုံကို မြင်ရမှ ယူကျုံးမရ ချုန်းချုန်းချကာ ငိုကြွေးတောင်းပန်သော်လည်း မရတော့ပြီ။ သင်ပြုခဲ့သော မကောင်းမှုကံအားလျော်စွာ သင်သည် ခံစားရမည် ဖြစ်သောကြောင့် ငါတို့သည် သင့်ကို လူ့ပြည်သို့ ပြန်ပို့ရန် လုံးဝ မတတ်နိုင်။ ရှေးက သင်ပြုခဲ့သော မကောင်းမှုကံအမျိုးကို သင်ပဲ ပြန်ခံစားရပါတော့မည်"

ထိုအခါ ရေဝတီသည် ငိုကြွေးမြည်တမ်းလျက် မိမိပြုခဲ့သော အကုသိုလ်တို့ကို သတိပေးစကား ပြောကြားသည်။ ထိုသို့သော အကုသိုလ်မျိုးကို မပြုလုပ်ကြရန် တိုက်တွန်းသည်။

ထို့နောက် မိမိသည် လူ့ဘဝပြန်ရောက်က သူတော်ကောင်းတို့ ဟောကြားသော တရားကို ကောင်းစွာနာကြား၍ များစွာသော ကောင်းမှုတို့ကို ပြုပါမည်ဟု မြည်တမ်းပြောဆိုသည်။

ဤသို့ မြည်တမ်းပြောဆိုစဉ်ပင် ငရဲထိန်းတို့က ရေဝတီကို ငရဲသို့ ပစ်ချကြလေတော့သည်။

(မဟာရထာဝဂ် ရေဝတီဝတ္ထု)

✍ ✍ ✍

www.dhammaransi.com

# အခန်း(၃)

# လှုပြည်ပြန်ပြ နှတ်သားနှတ်သမီးတို့ဘဝ

## ဘုရားရှင်နှင့် ပရိသတ်ထံ ပြန်လည်ပြသော သီရိမာ

နိရောဓ သမာပတ်မှ ထတော်မူပြီးစဖြစ်သော –

– ရှင်သာရိပုတ္တရာကို လင်ဖြစ်သူပုဏ္ဏက ဒန်ပူနှင့် ရေလှူခဲ့ပြီး မယား ဥတ္တရက ဆွမ်းလှူခဲ့သော ကုသိုလ်ထူးကြောင့် လယ်ထွန်ထားသမျှ ထွန်ခဲ အားလုံး ရွှေတုံးတွေ ဖြစ်ပြီး ချမ်းသာသွားသော ပုဏ္ဏ၏ သမီး ဥတ္တရာသည် ပုဏ္ဏ သူဌေးဘွဲ့ရပြီး နောက် ဘုရားရှင် အမှူးရှိသော သံဃာတော်များ ကို ဆွမ်းကျွေးခဲ့သည်။ ဆွမ်းကိစ္စပြီး၍ ဘုရားရှင်က တရားဟောတော်မူရာ ဘုရားရှင်၏ တရားတော်အဆုံးဝယ် သားမိသားဖ သုံးဦးစလုံး သောတာပန် တည်ခဲ့သည်။

www.dhammaransi.com



ဥတ္တရာသည် နောင်တွင် မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏား သူဌေး၏ ယခင်လယ်သမားဘဝက ကျေးဇူးရှင် ဖြစ်ခဲ့သော ရာဇဂြိုဟ်သူဌေး၏ သားနှင့် လက်ထပ်ခဲ့ရသည်။

ဥတ္တရာသည် လက်ထပ်ပြီးနောက် ယောက်ျားအိမ်သို့ လိုက်နေရသည်တွင် ရဟန်းတို့ကို ဖူးမြော်ခွင့်၊ အလှူပေးခွင့် မရသဖြင့် စိတ်ဆင်းရဲမှုဖြစ်ကာ ဖခင်ထံ အကူအညီ တောင်းခဲ့သည်။

ဖခင်က အသပြာတစ်သောင်း ပေးပြီး မိမိ၏ ခင်ပွန်း အတွက် နာမည်ကြီး ပြည့်တန်ဆာမ သီရိမာကို ငှားပေးထား ပြီး ကုသိုလ်ပြုရန် အကြံပြုလေသည်။ လိုအပ်သော ငွေကိုလည်း ပေးပို့လိုက်သည်။

ဥတ္တရာသည် ဖခင် အကြံပြုသည့်အတိုင်း သီရိမာကို ငှား၍ မိမိ၏ ခင်ပွန်းကို အပ်သည်။ မိမိကမူ (၁၅) ရက် တိုင်တိုင် လှူဒါန်းကုသိုလ်ပြုလိုကြောင်း မေတ္တာရပ်ခံသည်။ ရာဇဂြိုဟ် သူဌေးသားသည် သီရိမာကို မြင်သောအခါ အလွန် နှစ်သက်သော သဘောရှိ၍ ဥတ္တရာ ခွင့်ပန်သည်ကို ရောရော ရှုရှု ခွင့်ပြုလိုက်သည်။

ဥတ္တရာသည် မိမိရရှိသော ရက်အတွင်း ဘုရားအမှူး ရှိသော သံဃာတော်များကို အခြားသို့ မကြွရောက်စေဘဲ မိမိ အိမ်မှာ ဆွမ်းခံရန် လျှောက်ထားသည်။ ထို့နောက် ကိုယ်တိုင်

www.dhammaransi.com



မီးဖိုချောင်ဝင်ကာ ကျွန်မများနှင့်အတူ စိမံ ချက်ပြုတ် ဆွမ်းလောင်းလှူသည်။

သီတင်းကျွတ်လဆန်း (၁၄) ရက် မဟာပဝါရဏာအဖိတ်နေ့တွင် ဥတ္တရာ၏ ခင်ပွန်းယောက်ျားသည် စားဖိုဆောင်သို့ မျက်နှာမူနေသော လေသာပြတင်းပေါက်မှ နေ၍ ဥတ္တရာ၏ ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေသည်ကို သဘောကျစွာ ကြည့်နေမိသည်။

"အမိုက်မ ဥတ္တရာသည် အလွန်ကောင်းမြတ်သော စည်းစိမ်ကို မခံစားဘဲ ဦးပြည်းခေါင်းတုံး ရဟန်းများ အတွက်သာ ချွေးတလုံးလုံးနှင့် ကြိုးစားပြီး ချက်ပြုတ်နေပါကလား"

ဟုပြောရင်း ပြုံးလျက် ထွက်ခွာသွားသည်။

သူဌေးသား ပြတင်းပေါက်မှ ထွက်ခွာသွားသည်ရှိသော် အနီး၌ရှိသော သီရိမာသည် သူဌေးသား အဘယ်ကို ကြည့်၍ ပြုံးသနည်းဟု စဉ်းစားပြီး ပြတင်းပေါက်မှ တစ်ဆင့် လှမ်းကြည့်မိသည်။ ဥတ္တရာကို တွေ့မြင်သောအခါ မိမိ၏ အငှားမယားဘဝကို မေ့ပြီး ဥတ္တရာအပေါ် မနာလို ဝန်တိုစိတ်များ ပေါ်လာသည်။

ဥတ္တရာကို ရန်ငြိုးထားပြီး ပြာသာဒ်မှ ဆင်းသက်ကာ ဥတ္တရာရှိရာ စားဖိုဆောင်သို့ လာခဲ့သည်။ မုန့်ကြော်နေရာ၌

www.dhammaransi.com



ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူကို ဇွန်းယောက်မဖြင့် ခပ်ယူပြီး ဥတ္တရာထံသို့ သွားသည်။

ဥတ္တရာသည် သိရိမာကို မြင်သောအခါ –

"ငါ၏ သူငယ်ချင်းမ သိရိမာသည် ငါ့အတွက် ကျေးဇူးများလှသည်။ စကြဝဠာသည် အလွန် ကျဉ်းသေး၏။ ဗြဟ္မာပြည်သည် နိမ့်သေး၏။ ငါ့သူငယ်ချင်း သိရိမာ၏ ကျေးဇူးကား အလွန် ကြီးမား များပြား၏။ ငါသည် သိရိမာကို အမှီပြု ၍ လှူဒါန်းခွင့် တရားနာခွင့်ရပေသည်။ အကယ် ၍ ငါသည် ဤ သိရိမာအပေါ်၌ အမျက်ဒေါသ ထွက်ငြားအံ့။ ဤထောပတ်ပူသည် ငါ့ကို ပူပါစေ သတည်း။ အကယ်၍ အမျက်ဒေါသ မထွက်ငြားအံ့။ ဤထောပတ်ပူသည် ငါ့ကို မလောင်ဘဲ အေးမြပါစေသတည်း"

ဟု မေတ္တာပို့ ဖြန့်ဝေလေသည်။ ထိုခဏမှာပင် သိရိမာသည် ဥတ္တရာအပေါ်သို့ ထောပတ်ပူများ လောင်းချလေသည်။ ဥတ္တရာ၏ မေတ္တာဓာတ်ကြောင့် ထောပတ်ပူသည် ရေခဲပမာ အေးမြသွားလေသည်။

"ဤထောပတ်သည် အေးသွားတာ ဖြစ်လိမ့်မည်"

သိရိမာသည် ဤသို့ တွေးပြီး ထောပတ်ပူကို ထပ်မံ ခပ်ယူကာ ဥတ္တရာအပေါ် လောင်းချရန် လာပြန်သည်။

www.dhammaransi.com



ကျွန်မတို့သည် သီရိမာ၏ အပြုအမူကို မြင်ကြ၍ –

"ဟယ် အဆုံးအမခက်သော မိတ်ဆွေယုတ်မ၊ နင်သည် ငါတို့၏ အရှင်မ ဦးခေါင်းပေါ်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ပူကို သွန်းလောင်းထိုက်သလော"

ဟု အော်ဟစ်ပြောဆိုကြကာ ဝိုင်းလာကြပြီ။ သီရိမာကို ဝိုင်းဝန်းရိုက်နှက်ပုတ်ခတ်ကြသည်။

"ငါ၏ ချစ်ဆွေမကို မနှိပ်စက်၊ မရိုက်ကြပါလင့်"

ဥတ္တရာက အလျင်အမြန် တားမြစ်သည်။ မိမိကိုယ်တိုင် သီရိမာကို ဆွဲပွေ့ထူပြီး ခေါ်ထုတ်ယူသည်။ ကိုယ်တိုင် ရေနွေးဖြင့် ရေချိုးပေးသည်။

"သီရိမာ ဘာပြုလို့ ဤကြီးမားသော အမှုကို ပြုရပါသနည်း" ဟု မေးပြီး ဆုံးမစကား ပြောသည်။

ထိုအခါကျမှ သီရိမာသည် မိမိ၏ အငှားမယားဘဝကို သတိရပြီး ...

ငါသည် ကြီးလေးသော အပြစ်ကို ပြုလုပ် ကျူးလွန်မိချေပြီ၊ လင်ယောကျ်ားဖြစ်သူ၏ ပြုံးရယ်ခြင်းမျှကို အကြောင်းပြုကာ ဥတ္တရာအပေါ်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ပူကို လောင်းချမိသော ငါ့အား ဥတ္တရာသည် သီရိမာကို ဖမ်းဆီးကြဟု မခိုင်းစေသည့်အပြင် ရိုက်နှက် ညှဥ်းဆဲသည်ကိုပင်

www.dhammaransi.com



တားမြစ်ပေး၏။ ငါ့ကိုလည်း ယုယုယယ ကြင်ကြင်နာနာ ပြုစုပေး၏။ ငါသည် ဥတ္တရာကို တောင်းပန်ဝန်ချ သည်းခံမှုကို အကယ်၍ မပြုစေငြားအံ့။ ငါ၏ ဦးခေါင်းသည် ခုနစ်စိပ် ကွဲလေရာ၏' ဟု စဉ်းစားမိပြီးလျှင် ဥတ္တရာ၏ ခြေရင်း၌ ဝပ်စင်းလျက် -

"အရှင်မ၊ ကျွန်မ အပြစ်ကို သည်းခံပါလော့" ဟု ကန်တော့ တောင်းပန်လေသည်။

"ငါကား ဖခင်ရှိသော သမီးတည်း။ ငါ၏ ဖခင်ကို ကန်တော့သည် ရှိသော် ငါကျေနပ်ပါ၏"

"အရှင်မဖခင် ပုဏ္ဏားသူဌေးကိုလည်း ကျွန်မ ကန်တော့ပါ၏"

"ငါ၏ အဘ ပုဏ္ဏသူဌေးသည်ကား ဝဋ်ဆင်းရဲ၌ ဖြစ်စေတတ်သော ဖခင်တည်း။ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဖခင်ကို ကန်တော့မှသာ ငါကျေနပ်ပါမည်"

"သင်၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေသော ဖခင်ကား အဘယ်သူပါနည်း"

"ငါ၏ ဝဋ်သုံးပါးမှ လွတ်မြောက်စေသော ဖခင်ကား သစ္စာလေးပါး သိမြင် ဘုရားရှင် ဖြစ်ပါသည် သိရိမာ"

"သင်၏ ဖခင်ဘုရားရှင်နှင့် ကျွန်ုပ်သည်ကား အကျွမ်းဝင်ခြင်း မရှိပါ။ အဘယ်သို့ ပြုလုပ်ရပါမည်နည်း"

www.dhammaransi.com



"ဘုရားရှင်သည် မနက်ဖြန် နံနက်ဝယ် ရဟန်းသံဃာများနှင့် အတူ ဤနေရာသို့ ကြွလာပါလိမ့်မည်။ သင်သည် ရနိုင်သော ပူဇော်ဖွယ် ဝတ္ထုတို့ကို ယူဆောင်၍ ဤနေရာသို့ လာ၍ ဘုရားရှင်ကို ကန်တော့ပါ"

"အရှင်မ ကောင်းပါပြီ"

သီရိမာသည် ဥတ္တရာကို ဝန်ခံကာ မိမိအိမ်သို့ ပြန်လေသည်။ မိမိ အခိုင်းအစေဖြစ်သော ငါးရာသော မိန်းမတို့ကို အထူးထူး အဖုံဖုံရှိသော စားဖွယ်သောက်ဖွယ် ဆွမ်း၊ ဆွမ်းဟင်းလျာတို့ကို စီမံချက်ပြုတ်စေသည်။

နောက်နေ့ မိုးသောက်သော် ထိုစီမံချက်ပြုတ်ထားသော ပူဇော်ဖွယ်တို့ကို ယူဆောင်ပြီး ဥတ္တရာအိမ်သို့ သွားသည်။ မိမိကိုယ်တိုင် မလှူရဲ၍ ဥတ္တရာကိုပင် လှူဒါန်းစေပါသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ သီရိမာသည် အခြွေအရံ မိန်းမငါးရာနှင့်အတူ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်း၍ နေလေသည်။

"သင့်အား အဘယ်အပြစ် ရှိပါသလဲ"

"မြတ်စွာဘုရား ... တပည့်တော်မသည် ယမန်နေ့က ဥတ္တရာကို ကျိုက်ကျိုက်ဆူသော ထောပတ်အပူတို့ဖြင့် လောင်းချသောအမှုကို ပြုလုပ် ကျူးလွန်မိပါသည် ဘုရား။ ထိုအခါ ဥတ္တရာသည် တပည့်တော်မ ကို

www.dhammaransi.com



ညှဉ်းပန်းနှိပ်စက်နေကြသော ကျွန်မတို့ကို ဖယ်ရှားတားဆီးလျက် တပည့်တော်မအတွက် ကျေးဇူးရှင်ပီသစွာ ချမ်းသာမှုရအောင် လုပ်ဆောင်ကယ်တင်မ,ခဲ့ပါသည်။ တပည့်တော်မသည် ဥတ္တရာ၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်စွာ ဥတ္တရာကို တောင်းပန်ကန်တော့သောအခါ ဥတ္တရာသည် အရှင်ဘုရားတို့အား တောင်းပန်ဝန်ချမှသာ ကျေနပ်အံ့ဟု ဆိုပါ သည်ဘုရား"

"ချစ်သမီး ဥတ္တရာ၊ သိရိမာ ပြောသည့်အတိုင်းမှန်ပါသလော"

"မှန်ပါသည် မြတ်စွာဘုရား"

"ဥတ္တရာ၊ သင့်အဆွေမ သိရိမာက ထောပတ်ပူဖြင့် လောင်းချသောအခါ သင့် စိတ်မှာ အဘယ်သို့အကြံ ဖြစ်ပေါ်ပါသနည်း"

"အရှင်ဘုရား ... တပည့်တော်မသည် ဤ စကြဝဠာသည်ကား ကျဉ်းမြောင်းသေး၏။ ဗြဟ္မာပြည်သည်ကား အလွန် နိမ့်တုံသေး၏။ ငါ၏ မိတ်ဆွေမသိရိမာ၏ ဂုဏ်ကျေးဇူးသည်ကား ကြီးမားလှပေ၏။ ငါသည် ဤသိရိမာကို အမှီပြု၍ အလှူဒါန ပြုခွင့်တရားနာခွင့် ရခဲ့သည်။ အကယ်၍ ငါသည် သိရိမာ

www.dhammaransi.com



အပေါ်၌ အမျက်ဒေါသ ရှိခဲ့ပြားအံ့၊ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း၊ အကယ်၍ အမျက်ဒေါသ မရှိခဲ့ပြားအံ့ ဤထောပတ်သည် မပူလောင်အေးမြပါစေသတည်းဟု ကြံကာ သီရိမာအပေါ်၌ မေတ္တာဖြင့် ဖြန့်လွှမ်း၍နေပါသည် ဘုရား"

"ချစ်သမီး ဥတ္တရာ၊ ကောင်းလှပေစွ။" ဤကဲ့သို့ အမျက်ဒေါသကို အောင်ပွဲရခြင်းငှာ သင့်လှသည်။ ဤအမျက်ဒေါသ ခြောင်းခြောင်းထခြင်းမည်သည်ကို မေတ္တာလက်နက် တစ်ဖန်ပြန်၍ အမျက်မထွက်ခြင်းဖြင့် အောင်မြင်ရာ၏။ ခြိမ်းခြောက်သောသူကို ချိုသာပြော၍ ပြန်မဆဲသောအားဖြင့် အောင်မြင်ရာ၏။ ခြိမ်းခြောက်သောသူကို အပြစ်ကိုပြု၍ မခြိမ်းခြောက်ရခြင်းဖြင့် အောင်မြင်ရာ၏။ ခက်ထန် ဝန်တို နှမြောပိုသူကို နှမြောမရှိ မိမိဥစ္စာကို ပေးခြင်းဖြင့် အောင်မြင်ရာ၏။ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်း စကားဖျင်းပြောဆိုသူကို မှန်ကန်စွာ စကားပြောခြင်းဖြင့် အောင်မြင်ရာ၏"

ဘုရားရှင်၏ ဤတရား ... ဘ် အဆုံးဝယ် ဥတ္တရာသည် သကဒါဂါမိဖိုလ်၌ တည်လေ ... ည်။ ဥတ္တရာ၏ ခင်ပွန်းလင်နန္ဒ၊ ယောက္ခမ သူဌေးကြီးနှင့် သူဌေးကတော်တို့သည် သောတာ

www.dhammaransi.com



ပတ္တိဖိုလ်ကို မျက်မှောက်ပြုကြကုန်သည်။ သိရိမာနှင့် အခြွေအရံ ငါးရာတို့သည် သောတာပန် တည်ကြလေသည်။

သိရိမာသည် ထိုအချိန်မှစ၍ ညစ်ညမ်းသော ပြည့်တန်ဆာအမှုကို မပြုတော့ချေ။ ရဟန်းသံဃာအပေါင်းနှင့် ကင်း၍လည်း မနေနိုင်သောကြောင့် နေ့စဉ် သံဃာတော်များကို အဋ္ဌကဘတ် (ဆွမ်းရှစ်အုပ်) ကို အမြဲ လှူဒါန်းလေသည်။ ရဟန်းတော်ရှစ်ပါးသည် နေ့စဉ် သိရိမာအိမ်သို့ ကြွ၍ ဆွမ်းအလှူခံရသည်။

သိရိမာသည် နေ့စဉ် အသပြာ (၁၆) ကျပ်ဖိုး အကုန်ခံကာ ကိုယ်တိုင် ဆွမ်းလုပ်ကျွေးမှုကို ပြုလေသည်။

တစ်နေ့သောအခါဝယ် ရဟန်းတစ်ပါးသည် သိရိမာအိမ်မှ လှူသောဆွမ်းကို မဲချ၍ ရခဲ့ပြီး သိရိမာအိမ်မှာ ဆွမ်းစားပြီးနောက် သုံးယူဇနာ အထက်ရှိသော ကျောင်းတစ်ကျောင်းသို့ ကြွတော်မူသည်။

ညဥ့်အခါတွင် မထေရ်ကြီးကို ဆည်းကပ်နေသော ထိုရဟန်းကို အခြားရဟန်းများက မေးကြသည်။

"ငါ့ရှင် ဘယ်အရပ်မှ ဆွမ်းကို ခံယူ၍ ဤအရပ်သို့ လာခဲ့ပါသနည်း"

"ငါသည် သိရိမာ၏ အဋ္ဌကဘတ်ကို ဘုဉ်းပေးသုံးဆောင်ပြီး လာခဲ့ပါ၏"

www.dhammaransi.com



"ငါ့ရှင် သီရိမာသည် ထိုဆွမ်းကို မြတ်နိုး နှစ်သက်ဖွယ်ရာပြု၍ လှူဒါန်းပါ၏လော"

"အရှင်တို့ ... သီရိမာ၏ ဆွမ်းကို ချီးမွမ်းခြင်းငှာ မတတ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သီရိမာသည် အလွန် မွန်မြတ်စွာ ပြုလုပ်စီမံလျက် မြတ်နိုးစွာ လှူဒါန်းပါ၏။ ရဟန်းတစ်ပါးရသော ဆွမ်းသည် သုံးပါးမျှပင် စားလောက်ပါ၏။ ထူးခြားသည်မှာ သီရိမာ လှူဒါန်းသော ဆွမ်းထက် သီရိမာ၏ ရုပ်ရည် အဆင်းကို ကြည့်ရှုရခြင်းက အဆများစွာ သာလွန် ကောင်းမွန်လှပါသည်။ သီရိမာမည်သော မိန်းမသည်ကား ရုပ်ရည်အဆင်း လွန်စွာ ချောမွတ်ဝင်းပလှပသူ ဖြစ်ပါသည်"

ထိုရဟန်း၏ သီရိမာအလှကို ချီးမွမ်းစကားကို ကြားရသော ရဟန်းတစ်ပါးသည် သီရိမာကို မမြင်ရဘဲနှင့် ချောပုံလှပုံ အသံကြားရုံမျှဖြင့် သီရိမာအပေါ် စွဲလမ်းသွားမိသည်။

'ငါသည် သီရိမာကို သွားရောက် ကြည့်သင့်သည်'

ဤသို့ ကြံစည်မိပြီးလျှင် ထိုသို့သွားကာ ရဟန်း၏ ထေရ်စဉ် ဝါစဉ်ကို မေးမြန်းသည်။ ထိုရဟန်း၏ ထေရ်စဉ် ဝါစဉ်ကို သိရှိပြီးသော် -

'ငါသည်လည်း သီရိမာ၏ အဋ္ဌကဘတ်ဆွမ်းကို ခံယူနိုင်အောင် ထေရ်စဉ် ဝါစဉ်မီသည်'

www.dhammaransi.com



ဟု ဆုံးဖြတ်ပြီး သပိတ်သက်န်းကို ယူကာ ထိုကျောင်းမှ ထွက်ခဲ့သည်။ နောက်နေ့ နံနက်စောစော အရုဏ်တက်ချိန် ဝယ် သံဃာထေရ်အဖြစ် စာရေးတံမဲဝေရာ အရပ်သို့ သွားရောက်ရပ်သည်။

သံဃာထေရ်ဖြစ်၍ သိရိမာ၏ အဋ္ဌကဘတ်ဝတ်ကို ခံယူရရှိလေသည်။ သိရိမာသည် ယမန်နေ့ကပင် မကျန်းမမာစတင် ဖြစ်လေသည်။ သို့အတွက် ဆင်မြန်းထားသော အဝတ်တန်ဆာတို့ကို ချွတ်၍ အိပ်ယာထက်တွင် လှဲအိပ်နေလေသည်။

သိရိမာ၏ ကျွန်မတို့သည် နောက်နေ့ နံနက်စောစောတွင် သိရိမာ၏ အဋ္ဌကဘတ်ကို အလှူခံရန် ကြွလာသော ရဟန်းတို့ကို တွေ့မြင်လျှင် သိရိမာကို သွားရောက် ပြောကြားကြသည်။ သိရိမာသည် ယခင်ကလို ကိုယ်တိုင် သပိတ်ယူနေရာထိုင်ခင်းမှု မပြုလုပ်နိုင်သဖြင့် ကျွန်မတို့ကိုပင် –

"အမိတို့ ... ရဟန်းတော်များလက်မှ သပိတ်တို့ကို ယူ၍ အရှင်မြတ်များကို နေရာပေးပါ။ ယာဂုကို ဦးစွာ ကပ်လှူပါ။ ပြီးမှ ခဲဖွယ်တို့ကို ကပ်လှူပါ။ ဆွမ်းဘုဉ်းပေးချိန် ရောက်သောအခါ သပိတ်တို့ကို [illegible] အောင် ကောင်းစွာ လှူကြပါလေ" ဟု စေခိုင်း[illegible]သည်။

အခြွေအရံ ကျွန်မတို့သည် သိရိမာ ခိုင်းသည့်အတိုင်း

www.dhammaransi.com



ပြုလုပ် ဆောင်ရွက်ကြလေသည်။ ပြီးစီးသောအခါ သီရိမာကို အကြောင်းကြားကြပြန်သည်။ သီရိမာသည် မိမိဘာသာ မထ နိုင်၍ –

"ငါ့ကို ပွေ့ချီယူကြပြီးလျှင် သံဃာတော်များကို ရှိခိုး ပါရစေ" ဟု ပြောရာ ကျွန်မတို့က သီရိမာကို ပွေ့ချီယူ၍ သံဃာတော်များ အနီးသို့ ပို့ဆောင်ကြသည်။ သီရိမာသည် တုန်တုန်ခိုက်ခိုက်ဖြင့် ရဟန်းတော်များကို ရှိခိုး ဦးချလေသည်။

သီရိမာကို စွဲလမ်းသော ရဟန်းသည် သီရိမာကို ကြည့်ရှုလျက် –

"သီရိမာသည်ကား အနာရောဂါ ဖိစီးနေသော အခါ၌ ပင် သူ၏ အဆင်းသည် ဤမျှ ပါဝင်း ချောမော လှပနေသေးသည်။ ရောဂါမရှိ ကျန်းမာ ဝဖြိုးသော အခါ များစွာသော ဝတ်စားတန်ဆာ အဖြာဖြာတို့ဖြင့် တန်ဆာ ဆင်ထားပါက သီရိမာ၏ ရုပ်အဆင်း တင့်တယ်မှုများမှာ ပြောဆိုဖွယ်ရာမရှိ ဖြစ်ပေလိမ့်မည်"

ဟု ကြံစည် အောက်မေ့လျက် ကိလေသာတရား လွန်စွာ ထကြွလျက် သတိတရား ကင်းလွတ်ပြီးလျှင် ဆွမ်းပင် မစား နိုင်တော့ဘဲ သပိတ်ပိုက်ကာ ကျောင်းသို့ ပြန်ခဲ့သည်။ ကျောင်း သို့ရောက်လျှင် သပိတ်ကို တစ်နေရာ ပစ်ထိုးထားပြီး သင်္ကန်း စွန်းကို ခင်းလျက် အိပ်လေသည်။

www.dhammaransi.com



အခြားရဟန်းများက တရားချ ဆုံးမသည်ကိုလည်း နားမထောင်နိုင်တော့။ သိရိမာကို စွဲလမ်းသော စိတ်ကသာ လွှမ်းမိုးပြီး ဆွမ်းမစားနိုင် ဖြစ်ရလေတော့သည်။

သိရိမာသည် ထိုနေ့ ညနေချမ်းတွင် ကွယ်လွန် အနိစ္စရောက်လေသည်။ ဗိမ္ဗိသာရဘုရင်သည် ဘုရားရှင်ထံသို့ သွား၍

"အရှင်ဘုရား ဇီဝက၏ နှမငယ် သိရိမာသည် ယနေ့ ညနေချမ်းအချိန်၌ ကွယ်လွန်ခဲ့ပါပြီ ဘုရား" ဟု သတင်းစကား လျှောက်ထားလေသည်။

"မင်းမြတ် သိရိမာ၏ အလောင်းကို ချာပန သင်္ဂြိုဟ်မှုကို မပြုလုပ်ပါနှင့်ဦး၊ သုသာန်၌ ထား၍ ကျီး၊ ခွေး စသည်တို့ မစားသောက် စေရန် ကာရံ စောင့်ရှောက်ထားပေးပါ"

ဘုရင် ဗိမ္ဗိသာရသည် ဘုရားရှင်၏ စကား မှာကြားသည့်အတိုင်း သိရိမာ၏ အလောင်းကို သုသာန်၌ အစောင့်အရှောက်နှင့် ထားလေသည်။

သိရိမာ၏ အလောင်းသည် သုံးရက်လွန်မြောက် လေးရက်သို့ ရောက်သော် သိရိမာ၏ ကိုယ်အလောင်းသည် ဖူးရောင်ထကာ ပုပ်ပွလာပြီးလျှင် ဒွါရကိုးပေါက်မှ ပိုးလောက်တို့သည် အထွေးထွေး ဖွေးဖွေးဖြူမျှ တဖွားဖွား တရွရွ ထွက်လာကြလေသည်။

www.dhammaransi.com



ဗိမ္ဗိသာရမင်းကြီးသည် အိမ်စောင့်ကလေးသူငယ်ကို ထား၍ အားလုံးသော မြို့သူမြို့သားများ သီရိမာကို လာကြည့်ရန် ထွက်ရမည်၊ အကယ်၍ မထွက်ခဲ့သော် မထွက်သောသူတို့အား ရှစ်အသပြာသော ငွေဒဏ် ပေးဆောင်ရမည်ဟု မြို့ကို စည်လှည့်စေသည်။

ဘုရားရှင်ထံသို့လည်း -

"ဘုရားရှင် အမှူးရှိသော သံဃာတော်များ သီရိမာအလောင်းကို ကြည့်ရှုရန် ကြွရောက်တော်မူပါ" ဟု လျှောက်ကြားစေသည်။

ဘုရားရှင်သည် သံဃာတော်အပေါင်းကို -

"သီရိမာကို ကြည့်ရှုရန် ကြွကြကုန်စို့" ဟု ပြောကြားစေသည်။

သီရိမာကို စွဲလမ်းသော ရဟန်းသည်လည်း သီရိမာကို မြင်ရသောနေ့မှ စ၍ လေးရက်ပတ်လုံး မည်သူမျှ နားချ၍ မရ၊ အစားလည်း မစား၊ တစ်အိပ်ထဲ အိပ်နေလေသည်။ ပစ်ထားသော သပိတ်နှင့် ဆွမ်းသည်လည်း ဆေးကြောခြင်း မရှိ၍ မှိုတက်နေလေပြီ ဖြစ်သည်။

"ငါ့ရှင်၊ ဘုရားရှင်သည် သီရိမာကို ကြည့်ရန် ကြွသွားတော်မူ၏"

ရဟန်းများက ပြောကြားရာ ထိုစကားကို ကြားရသော

www.dhammaransi.com



ရဟန်းသည် လေးရက်တိုင်တိုင် အစားမစားဘဲနေ၍ ယိုင်တိယိုင်လဲရှိသော ရဟန်းသည် သိရိမာဟူသော စကားသံကို ကြားရသောအခါ ချက်ချင်း ထလာသည်။ အခြွေအရံများက မေးသည်။

"ဘုရားရှင်သည် သိရိမာကို ကြည့်ရန် ကြွမည်။ ငါ့ရှင်၊ သင်ကော သွားဦးမည်လော"

"အိမ်း .... ငါလည်း သွားဦးမည်"

ထိုရဟန်းသည် ဆွမ်းသိုးဆွမ်းပုပ်များကို ချက်ချင်းသွန်၊ သပိတ်ကို ရေဆေးပြီးလျှင် ရဟန်းသံဃာများနှင့်အတူ လိုက်သွားလေသည်။

ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် တစ်ဖက်သော နေရာ၌ ရပ်တည်နေလေသည်။ ရဟန်းမိန်းမအပေါင်း၊ မင်းပရိသတ်အပေါင်း မြို့သူမြို့သားအပေါင်းတို့သည်လည်း အသီးသီး တစ်ဖက်စီ တစ်ဖက်စီသော နေရာတို့၌ အသီးသီး နေရာယူထားကြသည်။

"ဒါယကာမင်းမြတ်၊ ဤသေသူ မိန်းမကား အဘယ်သူနည်း"

ဘုရားရှင်က ဘုရင် ဗိမ္ဗိသာရကို မေးသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤမိန်းမကား ဇီဝက၏ နှမ သိရိမာ အမည်ရှိပါသည် ဘုရား"

www.dhammaransi.com



"ဩော် ... သီရိမာဆိုသည်ကား ဤမိန်းမပါလော"

"မှန်ပါသည် မြတ်စွာဘုရား"

"ထိုသို့ဆိုက အသပြာတစ်ထောင်ပေး၍ သီရိမာကို ယူကြကုန်လော့ဟု မြို့၌ စည်လည်စေပါလော့"

ဘုရားရှင်၏ အမိန့်အတိုင်း မင်းကြီးသည် စည်လည်စေသည်။

"ငါယူမည်၊ ငါတို့သာ ရထိုက်သည်" ဟူ၍ လိုချင်နှစ်သက်စွာ ပြောဆိုမည့်သူသည် တစ်ဦးတစ်ယောက်မျှ ပေါ်မလာပါချေ။ ထိုအကြောင်းကို မင်းကြီးက ဘုရားရှင်ထံ ပြန်လည် လျှောက်ထားသည်။

"မြတ်စွာဘုရား သီရိမာကို မည်သူမျှ မယူကြပါကုန် ဘုရား"

"မင်းမြတ် ထိုသို့ဖြစ်က အဖိုးလျှော့ချလော့"

ထိုအခါ မင်းကြီးက အသပြာငါးရာ ပေး၍ သီရိမာကို ယူကြကုန်လော့ဟု စည်လည်စေပြန်သည်။ သို့သော် တစ်ဦးတစ်ယောက်မျှ ယူမည့်သူ ပေါ်ထွက်မလာပါချေ။

တစ်ဖန် ထပ်၍ နှစ်ရာ၊ တစ်ရာငါးဆယ်၊ နှစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ်၊ တစ်ဆယ်၊ ငါးကျပ်၊ တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်ပဲ၊ တစ်ရွေး၊ တစ်ပြားတိုင်အောင် အဆင့်ဆင့် အဖိုးနှုန်းလျှော့၍ ပေးသော်လည်း မည်သူမျှ ယူမည့်သူ မပေါ်ချေ။

www.dhammaransi.com



“သိရိမာကို အခမဲ့ ယူကြကုန်လော့” ဆိုသောအခါ တွင်လည်း မည်သူမျှ မယူကြချေ။ ထိုအခါ ဘုရားရှင်က –

“ငါ၏ ချစ်သား၊ ချစ်သမီးများတို့ ကြည့်ကြကုန်လော၊ ဤသိရိမာကား လူအများ၏ ချစ်ခင်စုံမက် နှစ်သက်မှုကို ခံရသော မာတုကာမတည်း။ ဤမြို့၌ အသက်ရှင်စဉ်က တစ်နေ့လျှင် အသပြာတစ်ထောင်ပေးမှသာ ရနိုင်၏။ ယခုကား အဖိုးမထား အလကားပင် ပေးသော်လည်း ယူမည့်သူ မရှိတော့ချေ။ စွဲလမ်း နှစ်သက်စရာ အဝတ်တန်ဆာ၊ ပန်းနံ့သာ စသည့် အဆင်တန်ဆာတို့ဖြင့် ဆန်းကြယ်စွာ ပြုပြင် ဝတ်ဆင်ထားအပ်သော ဤသို့ သဘောရှိသည့် ရုပ်နာမ်နှစ်ဝ သဘာဝကား ကုန်ခမ်းပျက်စီး အချည်းနှီးသို့ ရောက်ရချေသည်။ ကိုးပေါက်ဒွါရ အမာဝတို့၏ အစွမ်းကြောင့် အနာရောဂါတို့၏ ပေါင်းစုရာဖြစ်၏။ အရိုးပေါင်း သုံးရာတို့ဖြင့် ဖွဲ့ဆက် စိုက်ထူလျက် ထိသောအခါ အမြဲနာကျင်ခံခက်သော သဘောရှိ၏။ ပညာပါးရှား လူအပေါင်းတို့၏ သက်သက်အကြိမ်ကြိမ် အခါများစွာ ကြံစည်ရာဖြစ်သော ဤခန္ဓာကိုယ် အတ္တဘောကြီးသည်ကား ဖြစ်ချည်ပျက်ချည် အမြဲမတည်ချေတကား”

ဟု အကျယ်တရား ဟောတော်မူသည်။

www.dhammaransi.com



ဘုရားရှင်၏ ဒေသနာတော် အဆုံးဝယ် သီရိမာကို စွဲလမ်းသော ရဟန်းသည် ပြင်းစွာဆန္ဒရာဂ ကင်းပကာ ဝိပဿနာကို ပွားများသည်ရှိသော် အရဟတ္တဖိုလ်သို့ ဆိုက်၍ ရဟန္တာ ဖြစ်သွားလေသည်။ ရှစ်သောင်းလေးထောင်သော သူတို့သည်လည်း တရားကို ထိုးထွင်း သိမြင်ကြလေသည်။

ထိုအခါ၌ပင် သီရိမာသည် နတ်သမီးဖြစ်၍ မိမိ၏ စည်းစိမ်ချမ်းသာ အဖြာဖြာနှင့် ပြည့်စုံခြင်းကို ကြည့်ရှုပြီးလျှင် မိမိ ရောက်လာခဲ့ရသော ရှေးဘဝကို ဆင်ခြင်ကြည့်ရှုသည်။

မိမိ၏ ခန္ဓာကိုယ်ဟောင်း အလောင်းကောင်အနီး၌ ရဟန်းအပေါင်း ခြံရံလျက် ရပ်နေသော ဘုရားရှင်ကို လည်းကောင်း၊ စည်းဝေးနေသော လူအပေါင်းကို လည်းကောင်း မြင်သည်။

နတ်သမီးသည် နတ်သမီးကညာ ငါးရာခြံရံလျက် ငါးရာသော နတ်ရထားတို့ဖြင့် လူအများ ထင်ရှားစွာ မြင်ရသော ကိုယ်ဖြင့် လာပြီးလျှင် နတ်ရထားမှ သက်ဆင်း၍ နတ်ကညာ အခြံအရံ အသင်းနှင့်တကွ ဘုရားရှင်ကို ရှိခိုးလျက် လက်အုပ်တင်ချီကာ ရပ်တည်နေလေသည်။

ထိုအခါ ကဗျာလင်္ကာ အဖွဲ့မှု၌ ကျွမ်းကျင်လိမ္မာသော အရှင်ဝင်္ဂီသ မထေရ်သည် ဘုရားရှင်၏ အနီး၌ ရှိနေ၍ -

"မြတ်စွာဘုရား တပည့်တော် ဝင်္ဂီသနတ်သမီးအား

www.dhammaransi.com



အမေးပြဿနာ တစ်ခုကို မေးလိုပါသည် ဘုရား” ဟု လျှောက်ထားသည်။

“ချစ်သား ဝင်္ဂီသ၊ တင်လာသော အမေးပုစ္ဆာ ပြဿနာကို ထင်ရှားပြုကာ မေးမြန်းပါလော့”

“ကောင်းမြတ်သော အဆင်တန်ဆာ အဖြာဖြာတို့ဖြင့် တန်ဆာ ဆင်ကုန်လျက် နတ်ပြည်မှ သက်ဆင်းသည့် အစွမ်းဖြင့် အောက်သို့ ရှေးရှု မျက်နှာမူကုန်သော ကောင်းကင်ပြင်တွင် သွားနိုင်စွမ်းသော၊ ခွန်အားဗလ ဘုန်းအဟုန်နှင့်လည်း ပြည့်စုံကုန်သော အာဇာနည်မြင်းတို့ကို သင်၏ ရထား၌ ကပ်,အပ်ကုန်ပြီး ရထားမောင်းသမား မောင်းနှင်သည့်ပမာကဲ့သို့ မြင်းအရိန်ရှိကုန်သော သင် ဖန်ဆင်းထားသော ရထားငါးရာတို့သည်ကား သင် နတ်သမီး၏ နောက်သို့ အစဉ်လိုက်ပါနေပါသည်။

“တန်ဆာဆင်ယင် ပြုပြင်အပ်သော ကိုယ်ရှိသော သင်နတ်သမီးသည် ထွန်းလင်း ဝင်းပြောင်သော ဆီမီးရောင်ကဲ့သို့ တပြောင်ပြောင် တောက်ပလျက် ကောင်းမြတ်လှသော ရထားထက်၌ တည်နေဘိသည်၊ မွန်မြတ်သော ရုပ်ရည်အဆင်းကို ဆောင်နှင်းလျက် ဝါဝင်းရှုချင်ဖွယ်ရှိသော အိုနတ်သမီး… သင့်ကို ငါမေးလိုပါ

www.dhammaransi.com



သည်။ သင်သည် အဘယ်မည်သော နတ်ပြည်မှ ဘုရားရှင်ထံသို့ လာရောက်ဆည်းကပ်ပါသနည်း”

“အရှင်မြတ်ဘုရား ...ကာမဂုဏ် ချမ်းသာ အသုံးအဆောင် အဖြာဖြာတို့ဖြင့် ကောင်းမြတ်သည်အဖြစ်သို့ ရောက်ကုန်သော နတ်အပေါင်းတို့တွင် အကြင်နတ်ပြည်ကို လွန်မြတ်၏ဟု ဆိုကြပါသည်။ ထိုနတ်ပြည်၌ နတ်တို့သည် မိမိ အလိုရှိရာကို ဖန်တီးကာ မွေ့လျော် ပျော်ပါးကြပါကုန်၏။ မိမိ၏ လိုရာအဆင်းကို ဆောင်နိုင်သော တပည့်တော်မ သီရိမာ နတ်သမီးသည် ထိုနိမ္မာနရတိ နတ်ပြည်မှ ဘုရားရှင်ကို ရှိခိုးပူဇော်အံ့သောငှာ ဤလူ့ပြည်သို့ ရောက်လာပါသည် ဘုရား”

“နတ်သမီး၊ သင်သည် ရှေး လူဖြစ်စဉ် အခါက အဘယ်ကောင်းမှု သုစရိုက်တရားတို့ကို အားထုတ်ဆည်းပူးခဲ့ဖူးပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် မရေမတွက်သာ များလှစွာသော အခြံအရံ ရှိသည်ဖြစ်သော ချမ်းသာစွာ ကြီးပွားလျက် ဤနတ်ပြည်၌ နေထိုင်ရပါသနည်း။ သင်ထက် လွန်ကဲသူ မရှိ၊ ကောင်းကင်၌ သွားစွမ်းနိုင်သည့် တန်ခိုးအာနုဘော် ရှိဘိပါသနည်း။ သင်၏ အဆင်းအရောင်သည် အရပ်

www.dhammaransi.com



ဆယ်မျက်နှာတို့၌ ထွန်းလင်း တောက်ပဘိပါသနည်း။

"နတ်သမီး... သင်သည်ကား နတ်အများတို့ ခြံရံတပ်သူ၊ အရှိအသေ ပြုခံရသူ ဖြစ်ခဲ့၏။ သင်သည် အဘယ်ဘဝမှ စုတေခဲ့၍ ကောင်းသောလားရောက်ရာ နိမ္မာနရတိဘုံသို့ ရောက်လာရပါသနည်း။ သင်သည် အဘယ်ဆရာ၏ အဆုံးအမ ဩဝါဒစကားကို နာကြားလိုက်နာပါသနည်း။ သင်သည် ဘုရားရှင်၏ တပည့် ဥပါသိကာမ အကယ်၍ ဖြစ်ခဲ့ပါမူ ငါ့အား ဖြေကြားလျှောက်ထားပါလော့"

"အရှင်မြတ်ဘုရား... တောင်ငါးလုံးတို့၏ အလယ်တင့်တယ်စွာ ဖန်ဆင်း တည်ထောင်ထားအပ်သော ရာဇဂြိုဟ်မြို့တော်မြတ်၌ ကျက်သရေရှင် ဗိမ္ဗိသာရ မင်းမြတ်၏ အထံ၌ ဆိုက အတီး အသီးသီးဆိုင်ရာ နီးကပ်စွာ ခစားခဲ့ဖူးသည့်အပြင် သက်ဆိုင်ရာ ကခုန်သီဆိုခြင်းတို့ကိုလည်း လွန်မင်းစွာ တတ်မြောက်အောင် သင်ယူခဲ့ပါသည် ဘုရား၊ ရာဇဂြိုဟ်မြို့တော်၌ တပည့်တော်မကို 'သိရိမာ' ဟူ၍ အသိများခဲ့ပါသည် ဘုရား။

"ဝေနေယျ အများကို မနားမနေ ဆုံးမတော်မူသော ဘုရားရှင်သည် တပည့်တော်မကို ဒုက္ခ သမုဒယ နိစ္စ

www.dhammaransi.com



သော သစ္စာတို့၏ မမြဲသည်၏ အဖြစ်ကိုလည်းကောင်း၊ အကြောင်းတရားတို့ မပြုမပြင် ပင်ကိုယ်သဘာဝ တည်တံ့ ခိုင်မြဲ ဆင်းရဲ ချုပ်ငြိမ်းရာ နိရောဓ သစ္စာကိုလည်း ကောင်း၊ မကွေ့မကောက် တောက်လျှောက် ဖြောင့် တန်း ခရီးလမ်းဖြစ်သည့် အေးချမ်းစွာသော မဂ္ဂ သစ္စာ ကိုလည်းကောင်း သဘောကျအောင် ဟောပြညွှန်ပြ တော်မူခဲ့ပါသည် ဘုရား။

"တပည့်တော်မသည် ဘုရားရှင်ထံမှ သေခြင်းကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကောင်းစွာ ကြားနာ ခဲ့ရသည်ဖြစ်၍ သီလတို့ကို ကောင်းစွာ စောင့်စည်း ခဲ့သည့်အပြင် ဘုရားရှင် ဟောကြားအပ်သော တရား တော်၌လည်း တည်ခဲ့ပါသည်ဘုရား။

"မြတ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို တပည့် တော်မ ကောင်းစွာ သိမြင်ခဲ့ရ၍ ထိုခဏမှာပင် ဆန့် ကျင်ဘက် တရားတို့ကို ငြိမ်းအေးစေတတ်သော လောကုတ္တရာ သမာဓိကို ရခဲ့ပါသည် ဘုရား။ တပည့် တော်မအား ထိုလောကုတ္တရာ သမာဓိကို ရခြင်းသည် ပင်လျှင် မြတ်သည် မြဲသည်အတွက် အရိယာ မဂ် တရား ဆက်လက် ဖြစ်ပွားခဲ့ပါသည် ဘုရား။

"တပည့်တော်မသည် ပုထုဇဉ်တို့ထက် ထူးမြတ်အောင် ပြုတတ်သော အမြိုက်နိဗ္ဗာန်ကို ရခဲ့ပြီး၍ ထိုးထွင်း

www.dhammaransi.com



သိမြင်အပ်သော မဂ်ဉာဏ်အစဉ်၌ အထူးသို့ ရောက်ကာ မှန်ကန်စွာ ယူခြင်းရှိခဲ့ပါသည် ဘုရား။ တစ်ဆယ့်ခြောက်ရပ်သော ယုံမှားခြင်းမှ ကင်းလွတ်ကာ သံသယလည်း ရှင်းခဲ့ပါသည် ဘုရား။

"တပည့်တော်မသည် လူအများ၏ အပူဇော်ကို ခံယူကာ များပြားလှစွာသော မြူးထူး မွေ့လျော်ခြင်းကို ခံစားရပါ၏ ဘုရား။

"တပည့်တော်မသည် ဤသိုအပ်ခဲ့ပြီးသော နည်းဖြင့် အမြိုက်နိဗ္ဗာန်တရားကို သိမြင်ခဲ့ရသူ နတ်သမီး တစ်ပါးဖြစ်ခဲ့ရပါသည်။ နတ်လူအပေါင်းတို့ထက် ဆထက်ကဲသာ ရှေးဘုရားတို့ပမာ လာခြင်းကောင်းတော်မူသော ဘုရားရှင်၏ တပည့်မ ဖြစ်ခဲ့ရပါသည် ဘုရား။ သစ္စာလေးပါး မြတ်တရားကို သိမြင်ကာ သောတာပတ္တိဖိုလ်၌ တည်ကာ သောတာပန် ဖြစ်ခဲ့သည့်အတွက် မကောင်းသော အပါယ် လားရောက်ရာ မရှိတော့ပါ ဘုရား။

"တပည့်တော်မ သည် ဘုရားရှင်နှင့်ရဟန်းအပေါင်းကို ရှိခိုးဦးချအံ့သောငှာ ဤအစည်းအဝေးကြီးသို့ ချဉ်းကပ်လာပြီး ရှိခိုး ကန်တော့ခဲ့ပါသည် ဘုရား။ တပည့်တော်မသည် ဘုရားရှင်ကို ရှိခိုးရသည့်အတွက် အထူးနှစ်သက် ဝမ်းမြောက်ခဲ့ရပါသည် ဘုရား"

www.dhammaransi.com



သီရိမာ နတ်သမီးသည် မိမိ၏ အယုံအဆ၊ ဖြစ်ခဲ့ရပုံကို စုံလင်စွာ ကြေညာ လျှောက်ထားပြီး ဘုရားရှင်နှင့် သံဃာတော်များကို ရှိခိုးပြီးလျှင် လက်ယာရစ်လှည့်လည်၍ နတ်ပြည်သို့ ပြန်သွားလေသည်။

ဤသည်မှာ နတ်ပြည်ရောက်ပြီး လူ့ဘဝသို့ ပြန်လည်သက်ဆင်းပြသော သီရိမာ နတ်သမီး၏ ဘဝဇာတ်ကြောင်းပင် ဖြစ်ပါသည်။

(ဝိမ္ဘဝတ္ထု ၁၆ -- သီရိမာဝိမာနဝတ္ထု)

## လူပြည်ပြန်ပြ ပေသဝတီ နတ်သမီးအလှ

မာဂဓတိုင်း နာလကရွာဝယ် များစွာ ဥစ္စာ ကြွယ်ဝသော သူကြွယ်မျိုးရိုး၌ ပေသဝတီ အမည်ရှိသော အမျိုးချွေးမ တစ်ယောက်ရှိသည်။

ပေသဝတီသည် ကဿပဘုရားရှင်လက်ထက်၌ ကဿပဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာရန် တစ်ယူဇနာရှိသော ရွှေစေတီကြီးကို တည်ထားပြုလုပ်သောအခါ၌ မိမိပိုင်ရွှေဆွဲကြိုးကို မခင်ထား ခွင့်ပန်ပြီးလျှင် ရွှေအုတ်ပြုလုပ်ရန် လှူခဲ့ဖူးသော အမျိုးသမီးတစ်ဦး ဖြစ်သည်။

သူမသည် ထိုကောင်းမှုကြောင့် နတ်ပြည်၌ အကြိမ်ကြိမ် ဖြစ်ရသည်။ ယခု ဂေါတမဘုရားရှင် ပွင့်သောအခါဝယ် နာလကရွာ၌ လူလာဖြစ်ရသည်။

www.dhammaransi.com



အသက် (၁၂) နှစ်ရွယ်ရောက်တွင် တစ်နေ့၌ မိခင်က ဆီဝယ်ရန် ဈေးသို့ စေလွှတ်သည်။

ထိုဈေး၌ သူကြွယ်သားတစ်ဦးသည် မိမိဖခင် စုဆောင်းသိမ်းဆီးထားအပ်သော ရွှေ, ငွေ, ပုလဲ, ပတ္တမြား ရတနာတို့ကို ထုတ်ဆောင်ယူသည် ရှိသော် သူ၏ အကုသိုလ်ကံစွမ်းကြောင့် အိုးခြမ်းကွဲ၊ ကျောက်ခဲ၊ ကျောက်စရစ်အသွင် ဆင်ကုန်လျက် မြင်တွေ့ရတော့သည်။

ဤပစ္စည်းတို့ကို ခံယူ သုံးဆောင်ခြင်းငှာထိုက်သော ဘုန်းကံရှိသူ ပေါ်လာက ဤအိုးခြမ်းကွဲ၊ ကျောက်၊ ကျောက်စရစ်တို့သည် တစ်ဖန် ရွှေ, ငွေ, ပုလဲ, ပတ္တမြား စသည် ဖြစ်ပေလိမ့်မည်။

ဆိုင်ရှင် သူကြွယ်သည် ဤသို့ ကြံစည်မိပြီး ပစ္စည်းအမျိုးမျိုးကို ယူ၍ ဆိုင်ရှေ့တွင် စုပုံ၍ ထားလေသည်။

သူငယ်မသည် ဆီဝယ်ရန် ဈေးသို့ရောက်စဉ် ထိုအပုံကို မြင်၍ -

"ရွှေ, ငွေ, ပုလဲ, ပတ္တမြား ရတနာများကို အဘယ်ကြောင့် ဤလို တော်စွာလျော်စွာ ထားရပါသလဲ"ဟု ပြောလေသည်။

"ဤသူငယ်မကား ဘုန်းကံကြီးမား၏။ ဤသူငယ်မ၏ ဘုန်းကံအစွမ်းကြောင့် ငါ၏ ဥစ္စာတို့သည် မူလ ရွှေ, ငွေ,

ပုလဲ, ပတ္တမြား ပြန်ဖြစ်လေရမည်။ ငါတို့၏ ဥစ္စာများသည် ငါတို့နှင့် မကွဲမကွာ ဖြစ်ရလေအောင် ဤသူငယ်မကို သိမ်းဆီး စောင့်ရှောက် ထောက်ပံ့အံ့"

ဟု ကြံစည်ပြီးလျှင် သူငယ်မ၏ မိခင်ထံသို့သွားကာ သူငယ်မကို သူ၏သားနှင့် လက်ဆက်ပေးရန် တောင်းရမ်း ပြောဆိုသည်။ များစွာသော ဥစ္စာပစ္စည်းတို့ကို ပေးပြီးလျှင် လက်ထပ် ထိမ်းမြားခြင်းပြုကာ မိမိအိမ်သို့ ခေါ်ဆောင်လာခဲ့သည်။

နောက်အခါဝယ် ထိုသူငယ်မ၏ ကိုယ်ကျင့်သီလကို သိရလေလျှင် ဥစ္စာထားရာ ဘဏ္ဍာတိုက်ကို ဖွင့်၍ ပြသည်။

"ဤတိုက်ခန်းအတွင်း၌ အဘယ်အရာကို မြင်ပါသလဲ သမီး"

"ရွှေ, ငွေ, ပတ္တမြားပုံကို မြင်ပါသည် ဖခင်"

သူကြွယ်သည် ဝမ်းသာအားရ ဖြစ်သွားသည်။

"ချစ်သမီး၊ ဤဥစ္စာရတနာတို့သည် ငါတို့၏ အကုသိုလ်ကံအစွမ်းကြောင့် ကွယ်ပျောက်ကာ ကျောက်ခဲဖရုစ်၊ အိုးခြမ်းပဲ့ အသွင်သာ ရှိတော့သည်။ ချစ်သမီး၏ ဘုန်းကံထူးကြောင့် တစ်ဖန် ထူးခြားစွာ ရတနာများ မြင်လာကြရပါ၏။ သို့အတွက် ယခုချိန်မှစ၍ ဤအိမ် ရှိရှိသမျှ ပစ္စည်းဥစ္စာ အဖြာဖြာကို သင်ချစ်သမီးသာ ပိုင်ဆိုင် အစိုးရသည်ကိုပြုကာ စီမံပါလေ၊

www.dhammaransi.com



ငါတို့သည်ကား သင်ချစ်သမီး ပေးသမျှကိုသာ စားသောက်သုံးဆောင်ပါတော့မည်"

သူကြွယ်သည် ဤသို့ ပြောဆိုကာ ပစ္စည်းအားလုံးကို သူငယ်မအား အပ်နှင်းလေသည်။ ထိုအချိန်မှစ၍ သူငယ်မသည်လည်း 'ပေသဝတီ' ဟု အမည်တွင်ခဲ့လေသည်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မယ်တော်ကို ကျေးဇူးဆပ်လိုသောကြောင့် နာလကရွာသို့ ပြန်လာပြီး ပရိနိဗ္ဗာန်ပြုလေသည်။ မထေရ်မြတ်ကြီး၏ အလောင်းကို မိခင်ကြီးက ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သင်္ဂြိုဟ်ရန် စီမံထားသည်။

သင်္ဂြိုဟ်မည့်ရက် ရောက်သောအခါ ပေသဝတီသည် မထေရ်မြတ်၏ အလောင်းကို ပူဇော်ရန် ရွှေပန်းခိုင် နံ့သာအမျိုးမျိုးတို့ဖြင့်ပြည့်သော ပန်းကလပ် ပန်းတောင်းတို့ကို ယူစေပြီး သွားခွင့်ပြုရန် ယောက္ခမကြီးကို ပန်ကြားသည်။

ယောက္ခမကြီးက မသွားရန် အိမ်မှ ပေးပို့ ပူဇော်ရန် အကြိမ်ကြိမ် တားမြစ်တောင်းပန်သည်။

"ဤအလောင်းတော်ကို ပူဇော်၍ သေလျှင် သေပါစေ သွား၍ မပူဇော်ရလျှင် မဖြစ်ပါ"

ဟု ကြည်ညိုသဒ္ဓါတရားက အလွန်တိုးပွား ဖြစ်ပေါ်နေ၍ ယောက္ခမများ တားသည်ကို မနာခံဘဲ ထွက်ခွာလာခဲ့ပြီး အလောင်းတော်ကို ပန်းနံ့သာ စသည်တို့ဖြင့် အားရပါးရ ပူဇော်လေသည်။

www.dhammaransi.com



မထေရ်မြတ်၏ အလောင်းကို ပူဇော်ရန် ရောက်လာကြသော မင်းချင်းယောက်ျားတို့၏ ဆင်သည် အမှန်ယစ်ကာ ထွက်လာပြီးလျှင် လူပရိသတ်ထံသို့ လာသည်ကို တွေ့ရ၍ လူတို့သည် ပြေးလွှားကြသည်။

လူအများ တိုးဝှေ့သဖြင့် ပေသဝတီသည် လဲကျသွားသည်။ လဲကျသွားသော ပေသဝတီအပေါ်သို့ လူအများက နင်းမိ၍ ပေသဝတီ သေဆုံးခြင်းသို့ ရောက်ရလေသည်။

ပေသဝတီသည် မထေရ်မြတ်၏ အလောင်းတော်ကို ပူဇော် သက္ကာရပြုသော သဒ္ဓါစိတ် လွှမ်းမိုးလျက် သေဆုံးသောကြောင့် တာဝတိံသာ နတ်ပြည်ဝယ် နတ်သမီးတစ်ထောင် အခြံအရံရှိသော နတ်သမီး ဖြစ်ရလေသည်။

နတ်သမီးသည် ထိုခဏ၌ပင်လျှင် မိမိ၏ နတ်စည်းစိမ်ကို ဆင်ခြင် ကြည့်ရှုသည်။

"ငါသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုခဲ့သောကြောင့် ဤနည်းစည်းစိမ်ကို ခံစားရပါနည်း"

ဟု အကြောင်းကို ရှာကြည့်သော် မထေရ်မြတ်ကို ရည်မှတ်၍ ပြုလုပ်အပ်သော ပူဇော် သက္ကာရကောင်းမှု အဝကို ပြန်၍ ရတနာသုံးပါး၌ အတိုင်းထက်အလွန် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားရှင်ကို ရှိခိုး ကန်တော့ရန် ကြံစည်မိသည်။

www.dhammaransi.com



လှည်းအစီး ခြောက်ဆယ်တိုက်ရှိသော နတ်ဝတ် ဝန်ဆာတို့ကို ဝန်ဆာဆင်လျက် နတ်သမီးတစ်ထောင် ခြံရံပြီးလျှင် နေရောင်လရောင်တို့ကဲ့သို့ အရပ် (၁၀) မျက်နှာကို ထွန်းလင်းတောက်ပစေပြီးလျှင် မိမိ၏ ဗိမာန်နှင့်တကွ ဆင်းလာသည်။ ရောက်လျှင် ဗိမာန်မှဆင်း၍ ဘုရားရှင်ကို ရှိခိုးလျက် ရပ်တည်နေသည်။

ထိုအချိန်တွင် ကဗျာလင်္ကာ ဖွဲ့ဆိုခြင်း၌ လိမ္မာ ကျွမ်းကျင်သော ရှင်ဝင်္ဂီသ မထေရ်သည် ဘုရားရှင် အနီးတွင် ရှိနေသောကြောင့် ထိုနတ်သမီးကို မေးလိုကြောင်း ခွင့်ပန်သည်။ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူသဖြင့် ရှင်ဝင်္ဂီသသည် နတ်သမီးကို ဂါထာဗန္ဓတို့ဖြင့် စီကုံးကာ မေးခွန်းထုတ်လေသည်။

"ဝင်းဝင်းရှိန်တောက် ဖလ်ကျောက်တို့ဖြင့် ပြီးသောနံရံ၊ ရွှေကွန်ရက်တို့ဖြင့် ဖြန့်ကျက် ဖုံးလွှမ်းအပ်၍ ထူးခြားလှစွာသော နေရာ၊ ရေးကုသိုလ်ဂ ကြောင့် နှစ်သက်မွေ့လျော်ဖွယ်ရာ ခြူးပန်းခြူးနွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်လှစွာ ခုနစ်ဖြာသော ဂနာတို့ဖြင့် ပြီးသော တံခါးမုခ်တိုင်၊ ရွှေ သဲတို့ဖြင့် ရောပြွမ်းကာ တင့်တယ် ကျယ်ပြန့်စွာသော ဤဗိမာန်ကြီးကို ငါသည် တွေ့မြင်ရပါ၏"

"အမိုက်မှောင်ကိုပယ်ခွင်း တစ်ထောင်သော ရောင်ခြည်အလင်းကို ဆောင်သော နေမင်းသည် အရပ် (၁၀)

• •

မျက်နှာအားလုံး၌ အဆုံးမရှိ ထွန်းလင်း တောက်ပဘိသကဲ့သို့ လည်းကောင်း၊ ညဥ့်အခါဝယ် ကောင်းကင်ထက်၌ တောက်ပနေသော မီးတောက်မီးလျှံကဲ့သို့လည်းကောင်း၊ သင် နတ်သမီး၏ ဗိမာန်သည် နှစ်သက်ဖွယ်ရာ လွန်စွာ ထွန်းလင်းတောက်ပပါပေ၏”

“ကြည့်ရှု၍ မရလောက်အောင် ပြက်၍နေသော လျှပ်ပန်းလျှပ်နွယ်ကဲ့သို့ လည်းကောင်း၊ ကြည့်ရှုသူ အားလုံး၏ မျက်လုံးကို ကျိန်းစပ်စေကာ မိုက်ခနဲ ဖြစ်ပေါ်လာစေသကဲ့သို့ လည်းကောင်း၊ ကောင်းကင်ပြင်၌တည်နေသော ဗိမာန်သည် စိတ်နှလုံးကို နှစ်သက်စေဘိ၏။ စောင်းမုရိုးစည် ကြေးနှင်း ခွက်ခွင်း၊ လက်ခုပ်သံတို့ဖြင့် ပဲ့တင်ထပ်မျှ ဆူညံနေသော သင်နတ်သမီး၏ ဗိမာန်သည် သိကြားမင်းစံရာ မဟာသုဒဿနမြို့တော်ကဲ့သို့ နတ်သမီး၊ နတ်သားများနှင့် ပြည့်စုံပါပေ၏”

“သင်နေထိုင်ရာ ဗိမာန်ကြီးသည် ကြာပဒုမာ ကုမုဒြာ၊ ကြာဖြူ၊ ကြာနီ၊ ကြာညိုများ ဇွန်ပန်း၊ ခေါင်ရန်းပန်း၊ လိပ်ဆူးရွှေပန်းများ၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပန်းများ၊ သောကပန်းများ အစုံ ရှိပါ၏။ အထူးထူးကောင်းမြတ် နှစ်သက်ဖွယ်သော သစ်ပင်တို့၏ မွှေး

www.dhammaransi.com



ကြိုင်လှစွာ ပန်းနံ့သာ အဖြာဖြာတို့ဖြင့် သင်းထုံ ကြိုင် လှိုင်လှပါပေ၏"

"များသော အခြံအရံရှိသော နတ်သမီး -သင်၏ ဗိမာန်အနီး၌ တည်သော နှလုံးမွေ့လျော် ပျော်ဖွယ် ကောင်းသော ရေကန်ကြီးသည် ထင်းရှူးပင်၊ တောင်ပိန္နဲ ပင်၊ မွှေးကြိုင်သော ဘုဇကပင်တို့နှင့် ယှဉ်ပါ၏။ ထန်း၊ အုန်း အစရှိသော မြက်မျိုး၊ ကောင်းစွာပွင့်၍ တွဲရရွဲကျသော နွယ်မျိုးတို့နှင့်လည်း ယှဉ်ပါ၏။ မြ ကွန်ရက်ပမာ အေးမြ ကြည်လင်သော ရေလည်း ရှိ ပါ၏"

"ရေ၌ပေါက်သော အပင်မျိုးများမှ ပန်းပင်တို့သည် လည်းကောင်း၊ ကုန်းမြေ၌ ပေါက်သော အပင့်မျိုးတို့ သည်လည်းကောင်း၊ လူ့ပြည်၌ ရှိကုန် မရှိကုန်သော သစ်ပင်၊ နတ်ပြည်၌ ဖြစ်ကုန်သော သစ်ပင်အားလုံး တို့သည် လည်းကောင်း သင်နတ်သမီး၏ နတ်တို့ နေရာ ဘုံခန်းဝါ အနီး၌ ကြည်နူး နှစ်သက်ဖွယ်ရာ ပေါက်နေကြပါကုန်၏"

"နက်မှောင်လျော့လျော့ ကော့သော မျက်တောင်ရှိ သော နတ်သမီး၌ အကျိုးများသည် အဘယ်သို့သော ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်း၊ ဤကြွေ့ကို ဆုံးမခြင်း

www.dhammaransi.com



ကြောင့် ရရပါသလဲ။ အဘယ်ကံကြောင့် ဤ ဗိမာန်၌ လာဖြစ်ရပါသလဲ၊ ကောင်းမှုကံ အဖြာဖြာကို ဝမ်းမြောက်ဝမ်းသာ ပြောကြားပေးပါလော့”

ထိုအခါ နတ်သမီးသည် အရှင်ဝင်္ဂီသ မထေရ်အား မိမိဘဝဇာတ်ကြောင်းစုံ အလုံးစုံကို ပြန်လည် လျှောက်ထားလေသည်။

ထို့နောက် နတ်သမီးက ဘုရားရှင်ကို ဖူးမြော် ကန်တော့ပြီးလျှင် လက်ယာရစ်ပတ်၍ နတ်ပြည်သို့ ပြန်တက်သွားလေတော့သည်။

(ပါရိစ္ဆတ္တကဝဂ္ဂ ပေသဝတီဝိမာနဝတ္ထု)

**မိမိရပ်ရွာကို ပြန်ပြ ကျွန်မဘဝက နတ်သမီး**

မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်း ခြံရံလျက် ကောသလတိုင်းသို့ ဒေသစာရီ ကြွချီတော်မူသည်။

တစ်နေ့သော အချိန်တွင် ထူကာရွာသို့ ရောက်ရှိသွားသည်။ ထူကာရွာသည် ပုဏ္ဏားရွာဖြစ်သည်။ ရတနာသုံးပါးကို မကြည်ညိုကြ၊ မိစ္ဆာအယူရှိသော ဗြာဟ္မဏဝါဒီများ ဖြစ်ကြသည်။

ဘုရားရှင် ထူကာရွာဘက်သို့ ရောက်မည်ဟု သတင်းစကား ကြားကတည်းက ရွာရှိ ပုဏ္ဏားသူကြွယ်တို့သည် စုဝေးတိုင်ပင်ကြသည်။

www.dhammaransi.com



'အကယ်၍ ရဟန်း ဂေါတမသည် ဤရွာ၌ နှစ်ရက် သုံးရက် နေအံ့၊ ဤရွာနေသူအားလုံးသည် ဂေါတမ ရဟန်း၏ ဩဝါဒ၌ တည်သွားပါက ငါတို့၏ ဗြဟ္မဏ ဝါဒသည် ဆောက်တည်ရာမရ ဖြစ်ကြပေလိမ့်မည်' ဟု ကြံစည်မိကြပြီးလျှင် ထိုရွာ၌ ဘုရားမနေနိုင်အောင် စီမံကြသည်။

- မြစ်ဆိပ်၌ ထားသောလှေတို့ကို ဖျောက်ပစ်ထားကြသည်။
- တံတားလမ်းကူးများကို မသွားနိုင်အောင် ပိတ်ဆို့ဖျက်ဆီးထားကြသည်။
- ရေတွင်းများကိုလည်း မိမိရပ်ရွာသုံး တစ်တွင်းသာ ချန်ပြီး ကျန်အားလုံးကို မြက်၊ အမှိုက်တို့ဖြင့် ပိတ်ဖုံးထားကြသည်။
- အကယ်၍ ရဟန်းဂေါတမ ကြွလာလျှင် ခရီးဦးကြို မပြုရ၊
- အိမ်သို့ ကြွလာသော ရဟန်းဂေါတမ၏ တပည့်သံဃာများကို ဆွမ်းမလောင်းရဟူ၍လည်း ကတိကဝတ် ပြုထားကြလေသည်။

ဘုရားရှင်သည် ထိုထူကာရွာသား ပုဏ္ဏားတို့၏ မမှန်မကန် ဖောက်ပြန်သော အမူအရာကို သိတော်မူ၍ ထိုသူများ

www.dhammaransi.com



ကို အစဉ်သနား စောင့်ရှောက် ချီးမြှောက်လိုသဖြင့် ထိုရွာသို့ ကြွတော်မူသည်။

ဘုရားရှင်သည် ရွာအနီးသို့ ရောက်သော် လမ်းခရီးမှ ဖဲကြွလျက် သစ်ပင်တစ်ပင်ရင်းဝယ် ခင်းထားသော နေရာ၌ ထိုင်နေတော်မူသည်။

များစွာသော ရေခပ်သူ အမျိုးသမီးတို့သည် ဘုရားရှင် သီတင်းသုံးနေထိုင်ရာ သစ်ပင်အနီးမှ ဖြတ်သွားကြရသည်။

- ရေခပ်သူ အမျိုးသမီးတို့တွင် ပုဏ္ဏားတစ်ဦး၏ ကျွန်မတစ်ယောက်သည် ရဟန်းအပေါင်း ခြံရံလျက် သီတင်းသုံးနေသော ဘုရားရှင်ကို ဖူးတွေ့ရသောအခါ ကြည်လင် ဝမ်းမြောက်သောစိတ် ဖြစ်ပေါ်လာသည်။ ခရီးသွားလာပြီး ရေဆာမွတ် မည်ကို သိ၍ ရေလှူဒါန်းလိုသောစိတ် တဖွားဖွား ပေါ်လာမိသည်။

'ငါတို့၏ ရွာနေသူ လူအများသည် ရဟန်းဂေါတမ အား ဘာတစ်ခုမျှ မပေးလှူရ၊ ယုတ်စွအဆုံး ရိုသေ မှုကိုသော်မျှ မပြုရဟု ကတိကဝတ် ပြုထားကြသည်။ ဤကဲ့သို့ ပြုထားကြသော်လည်း ငါသည် ဤကဲ့သို့ သော ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုး ကြဲချရာ လယ်ယာမြေသဖွယ်ဖြစ်သော အလှူခံ ပုဂ္ဂိုလ်

www.dhammaransi.com



ရရှိပါလျက် သောက်ရေတစ်ခွက်ကိုမျှ လှူဒါန်းကာ မိမိ၏ ဆောက်တည်ကိုးစားရာကို မပြုလုပ်မိခြားအံ့။ ငါသည် ဤသို့ ဆင်းရဲစွာ အသက်မွေးရသော သူ့ကျွန် အဖြစ်မှ အဘယ်မှာ ကျွတ်လွတ်ပါမည်လဲ။ ငါ၏ အရှင်သခင် ပုဏ္ဏားကြီးနှင့် ရွာသူရွာသားတို့က သတ် လိုက သတ်ပါစေ၊ ဖမ်းဆီးနှိပ်စက်လိုက ဖမ်းဆီး နှိပ်စက်ပါစေ ငါပြုသမျှ ငါခံမည်။ ဤကောင်းမှု မျိုးစေ့စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းဖြစ်သော အလှူခံပုဂ္ဂိုလ်မြတ်တို့အား သောက်ရေအလှူကို လှူဒါန်း ရပါမည်'

ဟု သန္နိဋ္ဌာန်ချကာ ရေလှူရန် စီမံသည်။ အဖော်များက တားမြစ်သည်ကိုလည်း လက်မခံတော့။ အသက်ကို မငဲ့ကွက် တော့ဘဲ ဦးခေါင်းပေါ်မှ ရေတို့ကို ချ၍ သင့်တော်ရာ နေရာ ၌ ထားပြီးလျှင် ဘုရားရှင်ကို ရှိသေ့ ရှိခိုးကာ သောက်ရေ ကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီး၏ ကြည်လင်သော သဒ္ဓါ စိတ် အစဉ်ကို သိရှိတော်မူ၍ အမျိုးသမီးကို ချီးမြှောက်အံ့ သောငှာ ရေကို စစ်ပြီး လက်ခြေတို့ကို ဆေးကြောပြီးလျှင် သောက်တော်ရေကို သုံးဆောင်တော်မူလေသည်။

အမျိုးသမီးသည် ရေအိုး၌ ရေကြောန်ခန်းခြင်း မရှိသည်

www.dhammaransi.com



ကို တွေ့ရှိရသဖြင့် ရေများကို ရဟာန်းတစ်ပါးအား ဆက်လက် လှူဒါန်းပြန်သည်။ ရေက မကုန်၊ တစ်ပါးပြီး တစ်ပါး ဆက်လက် လှူဒါန်းလေသည်။ သံဃာအားလုံး ကုန်ဆုံးအောင် လှူသော်လည်း ရေက မကုန်ချေ။

အမျိုးသမီးငယ်သည် ရှင်လန်း ဝမ်းမြောက်လျက် ပြည့် မြဲသော ရေအိုးကို ရွက်ကာ အိမ်သို့ ပြန်လာခဲ့သည်။

အမျိုးသမီးငယ်၏ အိမ်ရှင် ပုဏ္ဏားကြီးသည် အမျိုးသမီး ငယ် ရေလှူသည် ကြားကာတည်းက –

'အမျိုးသမီးသည် ရွာနေသူတို့၏ ကတိကဝတ်ကို ဖျက်သည်။ ငါ့ကိုလည်း ကဲ့ရဲ့မှုကို ပြုပေ၏'

ဟု ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ ပြန်အလာ ကို စောင့်နေလေသည်။ ရောက်လာသောအခါ ဒေါသကို မထိန်းသိမ်းနိုင်ဘဲ အမျိုးသမီးငယ်ကို မြေ၌ လဲစေကာ ခြေ လက်တို့ဖြင့် ရိုက်နှက် ကန်ကျောက်ပစ်လေသည်။ မည်မျှ ဒေါသတကြီး ကန်ကျောက်ပစ်သည် မသိ၊ အမျိုးသမီးငယ် သည် ထိုဒဏ်ရာဖြင့်ပင် ခဏချင်း ကွယ်လွန်သွားရလေ သည်။

ထိုအမျိုးသမီးသည် ကွယ်လွန်လျှင် ကွယ်လွန်ခြင်း တာဝတိံသာ နတ်ဘုံဝယ် ကြီးကျယ်ခမ်းနားသော ဘုံဗိမာန် ၌ ခံစားရသည်။ ပဒေသာပင်တို့ဖြင့် တင့်တယ်ဝင်းရံလျက် ရှိ

www.dhammaransi.com



သည်။ ဖြူဖွေး သန့်စင် ငွေသဲဖြူတို့ဖြင့် ခင်းသော ကမ်းပါး ရှိသော မြစ်ရေအယဉ်သည် ကြည်လင်စွာ တသွင်သွင် စီးဆင်းလျက် ရှိသည်။

ထိုအခါ ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူ၍ -

"ချစ်သား အာနန္ဒာ ... ငါ တိုက်တွန်း၏ ရေတွင်းမှ ရေသွားခပ်ပါလေ" ဟု စေခိုင်းသည်။

"အရှင်ဘုရား ယခု ရွာသူရွာသားတို့က ရေတွင်းများကို ပိတ်ဆို့ ဖုံးအုပ်ထားပါသည် ဘုရား"

ဘုရားရှင်က သုံးကြိမ်မြောက် စေခိုင်းသောအခါ ရှင်အာနန္ဒာသည် သပိတ်ကိုယူကာ ရေခပ်ရန် ယွက်ခဲ့သည်။

ထိုအချိန်ဝယ် ရေတွင်းမှ ရေတို့သည် ပြည့်လျှံတက်လာပြီးလျှင် ထက်ဝန်းကျင် စီးဆင်းလေသည်။ ဆို့ပိတ်ထားသော ခပ်သိမ်းသော မြက် အမှိုက်၊ ဖွဲတို့လည်း အလိုလို ပေါ်တက်လာကာ ရေမျော၍ သွားလေသည်။

ထိုရေများ အဆင့်ဆင့် တိုးပွား များပြားကာ အခြားရေတွင်း ရေကန်တို့ပါ ပြည့်လျှံကုန်သည်။ ရွာကို ပတ်ချာဝိုင်းပြီးလျှင် တစ်ရွာလုံး ရေလွှမ်း၍ သွားလေသည်။

ထိုအံ့ဩဖွယ် ဘုရားရှင်၏ တန်ခိုးတော်ကို မြင်တွေ့ကြရသော ပုဏ္ဏားတို့သည် မဖြစ်စဖူး အံ့ဩ ထိတ်လန့်

www.dhammaransi.com



ကြောက်ရွံ့ကြပြီးလျှင် အပြေးအလွှား ဘုရားထံသို့ ရောက် လာကြပြီး တောင်းပန်ကြလေသည်။ ဘုရားရှင်ကို ကန်တော့ ကြသည်။

ထိုခဏမှာပင် ရေအလျဉ်သည် တန့်ရပ် ပျောက်ကွယ် သွားလေသည်။

ထိုအခါကျမှ မင်းပုဏ္ဏားတို့သည် ဘုရားရှင် သံဃာတော် များအတွက် နေရာထိုင်ခင်းများကို ချက်ချင်း စီမံပေးပြီးနောက် နေ့ဆွမ်းကိုပါ ဖိတ်ကြားကြသည်။

ဒုတိယနေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များကို မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ် လှူဒါန်း ကြလေသည်။

ဆွမ်းကိစ္စပြီးသော် ရှာသူ၊ ရှာသားတို့သည် ဘုရားရှင် ရှေ့သို့ ရောက်လာကြပြီး ရှိခိုးကာ ထိုင်နေကြသည်။

ထိုအချိန်တွင် နတ်သမီးသည် မိမိ၏ နတ်စည်းစိမ်ကို သုံးသပ် ဆင်ခြင်ကြည့်ရာ ဘုရားရှင်နှင့် သံဃာတော်များကို ရေလှူရသော အကျိုးကြောင့် စည်းစိမ်ရရှိသည်ကို သိရှိကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် –

'ငါသည် ယခုပင် ဘုရားရှင်ထံ သွားကာ ကန်တော့ အံ့၊ ကောင်းမြတ်သော အကျင့်ရှိသော ပုဂ္ဂိုလ်တို့၌ ပြု အပ်သော အနည်းငယ်သော ကောင်းမှု၏ များပြား

သော အကျိုးအာနိသင် ရရှိပုံတို့ကို လူ့လောကသို့
ထင်ရှားစွာ ပြအံ့'

ဟု ကြံစည်ပြီးလျှင် နတ်သမီးတစ်ထောင် ခြံရံလျက် ဥယျာဉ်ဗိမာန်ကြီးကျယ်သော နတ်တန်ခိုး အာနုဘော်ဖြင့် လာသည်။ လူအပေါင်းကိုလည်း မျက်မှောက် မြင်တွေ့စေသည်။

နတ်သမီးသည် လူများ မြင်စေ၍ ဘုံဗိမာန်မှ ဆင်း၍ ဘုရားရှင်ထံသို့ လာကာ ဘုရားကို ရိုသေစွာ ရှိခိုးလျက် လက်အုပ်ချီကာ ရပ်တည်နေလေသည်။

"နတ်သမီး သင်သည် နီဖလ်ရွှေတို့ဖြင့် မိုးအပ်သော လှေယာဉ်ကို တက်စီးကာ နေ၏။ နတ်ရေကန်သို့ သက်ဆင်းကာ ပဒုမာကြာပန်းကို လက်ဖြင့်လှမ်းကာ ဆွတ်ခူးနေပါ၏"

"အခန်းကန့်ကာ ညီညာသော ပုံစံအတိုင်းအတာ ရှိလျက် ပန်းတက်ပန်းခက် ပန်းလက် အချွန်းရတနာ မွန်တပ်သော ပြာသာဒ်ဆောင်ပေါက်သည့် သင် နတ်သမီး၏ ဗိမာန်သည် အရပ်လေးမျက်နှာ၌ လွန်စွာ တောက်ပ ထွန်းလင်းလှပေ၏"

"သင်သည် အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့ ရောင်ဝါဆင်းပ အဆင်းလှပါသနည်း။ အဘယ်ကုသိုလ်ကြောင့် တာဝတိံသာသို့ ရောက်ရပြီး ကောင်းကျိုး

www.dhammaransi.com



ချမ်းသာ ပြည့်စုံရပါသနည်း။ သင်သည် ရှေးလူဖြစ်စဉ်က အဘယ်ကုသိုလ်ပြု၍ ဤကဲ့သို့သော စည်းစိမ်များ ခံစားရပါသနည်း"

ဘုရားရှင်က ဤသို့ မေးခွန်းများ မေးသောအခါ နတ်သမီးသည် အားလုံးသော ရွာသူရွာသားများ မြင်စေလျက် ဘုရားရှင်ကို ပြောကြား လျှောက်ထားသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား - တပည့်တော်မသည် လူဖြစ်စဉ်အခါက ဤရွာမှ ကျွန်မတစ်ဦး ဖြစ်ပါသည်။ 'မခေါ်မပင့်ဘဲ ကြွရောက်တော်မူလာသော၊ ရေမွတ်သိပ်ဆာတော်မူကြ၍ ပင်ပန်းနွမ်းနယ်နေသော ရဟန်းတော်တို့ကို တွေ့မြင်ရ၍ လုံ့လပြုပြီး သောက်ရေကို ပေးလှူခဲ့ဖူးပါပြီ"

"အကြင်သူသည် နွေကာလ ရေမွတ်သိပ်ကြကုန်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်သူတို့အား အဆာပြေပျောက်စေရန် ရေကို ထကြွလုံ့လ များစွာဖြင့် လှူဒါန်း၏။ ထိုရေလှူဒါန်းသူအား များစွာစုံစုံ ပန်းများစွာ ပွင့်ကုန်သော၊ ကြာမျိုးစုံလင်သော၊ အေးမြကြည်လင်သော ရေစင်ရှိကုန်သော ရေကန်တို့သည် အမှန် ဖြစ်ပေါ်ပါသည်။

"အေးမြ စီးဆင်းသောရေ၊ အေးမြ ကြည်လင်သော ရေအလျဉ် ရှိကုန်၍ သဲဖြူခင်းကျင်းလျက် ရှိကုန်သော မြစ်များ၊ ပင်လုံးကျွတ်မျှ ပွင့်ကြကုန်သော

www.dhammaransi.com



သရက်၊ အင်ကြင်း၊ ပြည့်စင်၊ ငုသပြေ၊ သခွတ်ပင်များသည် ထိုရေလှူဒါန်းဖူးသူ၏ ဗိမာန်ကို အခါခပ်သိမ်း ဝန်းရံလျက် ဖြစ်ပေါ်ခဲ့ပါ၏"

"တပည့်တော်မသည် သောက်ရေ လှူဒါန်းရသော ကုသိုလ်ကြောင့် ဤတာဝတိံသာ နတ်ပြည်ဝယ် လွန်စွာတင့်တယ် ဆန်းပြားသော ဘုံဗိမာန်ကို ရရှိရပါ၏။ တပည့်တော်မ၏ ဘုံဗိမာန်သည် ပတ်ဝန်းကျင် အရပ် (၄) မျက်နှာတို့၌ လွန်စွာ တောက်ပကြပါ၏"

"ဤရေလှူခဲ့ဖူးသော ကုသိုလ်ထူးကြောင့် တပည့်တော်မအား ဤသို့ လွန်စွာ ပဝင်း အရောင်အဆင်း ဖြစ်ရပါ၏။ ထိုကုသိုလ်ကြောင့်ပင် ဤတာဝတိံသာဘုံ၌ စည်းစိမ်များ ပြည့်စုံရပါ၏။ တပည့်တော်မ၏ နတ်စည်းစိမ်သည် သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ရွှင်မြူးနှစ်သက်စေပါ၏ ဘုရား"

နတ်သမီးသည် ဤသို့လျှင် အကြောင်းစုံကို လျှောက်ထားခဲ့သည်။ ဘုရားရှင်သည် နတ်သမီးကို သစ္စာလေးပါး တရား ဟောပြောပြတော်မူရာ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ရောက်လာကြသော ရှာသူရှာသား ပရိသတ်တို့လည်း ၁ဒ္ဒါတရား ထက်သန်ကာ အကျိုးများစွာ ရကြလေသည်။

(ပိဋ္ဌဝဂ္ဂ – တတိယနာဝါဝိမာန်ဝတ္ထု)

www.dhammaransi.com



## နတ်ပြည်ရောက်မှ လူ့ပြည်ပြန်ပြ ဆတ္တမာဏဝ

သေတဗျရွာဝယ် အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏား လင်မယားနှဲ့ ရတောင့်ရခဲ ရှားရှားပါးပါး၊ ခဲခဲယဉ်းယဉ်း ရထားသော တစ်ဦးတည်းသောသား ဆတ္တအမည်ရှိ သားတစ်ဦးရှိသည်။

မိဘတို့သည် တစ်ဦးတည်းသောသားအား ငုံထားမတတ် ချစ်မြတ်နိုးကြသော်လည်း သား၏ ရှေ့ရေးကို မျှော်တွေးပြီး အရွယ်ရောက်လတ်သော် ဥက္ကဋ္ဌမြို့ရှိ နာမည်ကြီး ပေါက္ခရသာတိ ပုဏ္ဏားကြီးထံသို့ စေလွှတ်ကာ ဗေဒင်အတတ်ပညာတို့ကို သင်ယူစေခဲ့သည်။

ဆတ္တသည် ဉာဏ်ပညာ ထက်မြက်သည်။ ပျင်းရိနည်းပါးလုံ့လ ဝီရိယ များပြားသည့်အတွက်ကြောင့် မကြာခင် ပုဏ္ဏားတို့ တပ်အပ်သော အတတ်ပညာအားလုံး အပြီးဆုံးတိုင် တတ်မြောက်သွားလေသည်။

"ဆရာ၊ ကျွန်ုပ်သည် အတတ်ပညာတို့ကို စုံလင်စွာ တတ်မြောက်ပါပြီ။ ဆရာ့အတွက် ပေးသင့်ပေးထိုက်သော အဖိုးအခကို ပြောကြားပါလော့"

"ဆရာတို့အတွက် အဖိုးအခ ဟူသည်ကား တပည့်၏ ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲကို ကြည့်၍ ပေးစေရ၏။ သင်သည် ဥစ္စာအင်အား ရှိသူဖြစ်၍ အသပြာတစ်ထောင် ယူခဲ့ပါလော့"

www.dhammaransi.com



ဆတ္တလုလင်သည် ဆရာကို ရှိသေစွာ ရှိခိုးပြီးလျှင် မိဘ ရပ်ထံသို့ ပြန်ခဲ့သည်။ မိဘတို့ထံ ရောက်သော် မိဘတို့ကို ရှိသေစွာ ရှိခိုး၍ အကြောင်းစုံ ပြောပြသည်။ မိဘတို့ကလည်း အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

"ဖခင် ဆရာအတွက် ပေးသင့်သော အသပြာတစ်ထောင် ယနေ့ရက ကျွန်ုပ် ယနေ့ပင် ဆရာထံ ပြန်ပါမည်"

"ချစ်သား ယနေ့အဖို့ အချိန်မရှိတော့ပြီ၊ နက်ဖြန်မှ သွားပါလော့"

မိဘတို့သည် ထိုသို့ တားပြီး အသပြာတို့ကို အဆင်သင့် ထုပ်ထားလေသည်။ ခိုးသူတို့သည် ထိုအကြောင်း သတင်းကို ကြားသိကြပြီးနောက် –

"ဆတ္တလုလင်ကို သတ်၍ ပါလာသော အသပြာထုပ်ကို ယူကြမည်" ဟု ကြံစည်ကြကာ ဆတ္တလုလင်သွားမည့် ခရီးလမ်းဝယ် တောအုပ်တစ်ခုတည်း၌ ကြိုတင် ပုန်းအောင်း၍ နေကြလေသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူရာ ထိုနေ့ နံနက် မိုးသောက်သော် မဟာ ကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှု ဆင်ခြင် မိသည်။

ဆတ္တလုလင်၏ သရဏဂုံနှင့် သီလတို့၌ တည်ပြီး ခိုးသူတို့ သတ်၍ သေပြီးနောက် နတ်ပြည်၌ ဖြစ်ရမည်။ ထို

www.dhammaransi.com



နည်ပြတ်မှ ဗိမာန်နှင့်တကွ လာပြီးလျှင် ထိုအရပ်၌ စုဝေး ရောက်လာသော ပရိသတ်နှင့်တကွ တရားထူးကို ရလတ္တံ့သော အကြောင်းကို မြင်တော်မူသည်။

သို့အတွက် ဘုရားရှင်သည်လည်း ထိုနေ့ နံနက်စောစော ကြွ၍ ဆတ္တလုလင်လာမည့် လမ်းခရီး တစ်ခုသော သစ်ပင် ရင်းဝယ် ထိုင်နေတော်မူသည်။

ဆတ္တလုလင်သည် အသပြာထုပ်ကို ယူ၍ သေတဗျရွာမှ ထွက်ခဲ့သည်။ လမ်းခရီးကြား တစ်ခုသော သစ်ပင်ရင်းဝယ် ထိုင်နေသော ဘုရားရှင်ကို မြင်ရလျှင် အနီးသို့ ချဉ်းကပ်၍ ရပ်နေလေသည်။

"အဘယ်အရပ်သို့ သွားမည်နည်း"

"ဆရာဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားကြီးအား ဆရာ အတွက် ပူဇော်ရန် ဥက္ကဋ္ဌမြို့သို့ သွားရန် ဖြစ်ပါသည်ဘုရား"

"လုလင် သင်သည် သရဏဂုံ သုံးပါး၊ ငါးပါးသီလကို သိပါသလော"

"တပည့်တော် မသိပါ။ သရဏဂုံသုံးပါး ငါးပါးသီလ ဆိုတာတွေဟာ အဘယ်ဟာပါလဲဘုရား"

ဘုရားရှင်သည် ဆတ္တလုလင်ကို သရဏဂုံ သုံးပါးနှင့် ငါးပါးသီလတို့ကို လည်းကောင်း၊ သီလ၏ အကျိုးအပြစ်တို့ ကိုလည်းကောင်း ရှင်းလင်းဟောပြသည်။

www.dhammaransi.com



"သင်သည် ရှေးဦးစွာ သရဏဂုံ အစီအစဉ်ကို သိအောင် သင်ယူလော့"

"မြတ်စွာဘုရား၊ တပည့်တော်အား ဟောကြားပေးတော်မူပါဘုရား"

"လူရော နတ်ပါ ဖြဟ္မာမကျန် သုံးတန်သော သူတို့တွင် လောကဓမ္မ နှစ်ဝအရေး မြော်တွေးအပ်စပ် ဟောကြားတတ်သောသူတို့ထက် မနိုင်းယှဉ်အပ် မြင့်မြတ်တော်မူသော၊ သာကီနွယ် ရဟန်းမြတ် ဖြစ်တော်မူသော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ကောင်းစွာ အသီးသီး ပြုအပ်ပြီးသော မဂ်ကိစ္စရှိတော်မူသော၊ နိဗ္ဗာန်ကျွန်းထက် တစ်ဖက်ကမ်းသို့ ရောက်တော်မူပြီးသော၊ ကိုယ်အား ဉာဏ်အား လေးပါးလုံ့လနှင့် ပြည့်စုံတော်မူသော၊ သုံးလောကထွတ်တင် ဘုရားရှင်သည် ထင်ရှားရှိနေပါသည်။ ထိုဘုရားရှင်ကို သင်သည် ရှိသေစွာ ရှိခိုးပါ"

"တပ်မက်ခြင်းတရား အလွန်များသော ရာဂမှ ကင်းသော အရိယာမဂ်တရား လည်းကောင်း တုန်လှုပ်တတ်ခြင်းတဏှာတရားမှ ကင်းသော -

- စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိသော အရဟတ္တဖိုလ်တရားသည် လည်းကောင်း၊
- ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင်းလေးဖြာတို့ ပြုပြင်ရာ မဟုတ်သော စက်ဆုပ်ဖွယ်ရာ တစ်စုံတစ်ရာ မရှိသော နိဗ္ဗာန်တရားကို လည်းကောင်း၊

www.dhammaransi.com



ဤ မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားကို လည်းကောင်း၊

– သာလွန်ကောင်းမြတ် ချီးမွမ်းအပ်သည်ဖြစ်၍ ဒေသနာတော်ဉာဏ်သည် လေ့လာထပ်ထပ် ဖြစ်စေအပ်သော ကောင်းစွာ ဝေဖန်အပ်သော ပရိယတ် တရားကို လည်းကောင်း၊ နှောင်သံသရာ ချမ်းသာ ဖြိုးကြွယ် မငြိုးငယ်ရအောင် ကိုးကွယ် ဆည်းကပ် ပါလော့"

"လောဘ, ဒေါသ, မောဟ စသော၊ ကိလေသာတို့မှ စင်ကြယ်ကုန်သော မဖောက်မပြန် မှန်ကန်တည့်မတ် ယောကျ်ား မြတ်လေးစုံ ဟူကုန်သော မြင့်မြတ်ကျော်မော် အရိယာ သံဃာ တော်တို့၌ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူအပ်သော အလှူသည် မနှိုင်းယှဉ်အပ် များမြတ်သော အကျိုးရှိသည်ဟူ၍ ကောင်းစွာ ဖြစ်ပေါ် ဟောကြားတော်မူခဲ့ပြီးပါပြီ။ အစုံလေးစုံ ပုဂ္ဂိုလ်ရှစ် ယောက်ဟူသော အရိယာပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်ကြပါ၏။ ဤ မြင့်မြတ်လွှမ်းကျော် သံဃာတော်များကိုလည်း နှောင်သံသရာ ချမ်းသာဖြိုးကြွယ် မညှိုးငယ်အောင် ကိုးကွယ်ဆည်းကပ်ပါလော့"

ဘုရားရှင်သည် ဆတ္တလုလင်ကို သရဏဂုံဟူသော ရတနာ သုံးပါးကို ဆည်းကပ်ရခြင်း၏ အကျိုးကျေးဇူးများကို ကောင်းစွာ

www.dhammaransi.com



ရှင်းလင်း ဟောပြောပြပြီးသော် ဆတ္တလုလင်၏ နှလုံးအိမ်ထဲ ဝယ် ရတနာသုံးပါးဂုဏ်သည် ကောင်းမွန်စွာ တည်လေတော့ သည်။

ဘုရားရှင်သည် ဆက်လက်၍ ငါးပါးသီလ၏ အကျိုး အပြစ်တို့ကို ဆက်လက် ဟောကြားတော်မူရာ ဆတ္တလုလင် သည် ငါးပါးသီလတို့ကို ကောင်းစွာ ခံယူဆောက်တည်လေ သည်။

ဆတ္တလုလင်သည် သရဏဂုံ သုံးပါး၊ ငါးပါးသီလတို့ ကို ဆောက်တည်ပြီးနောက် ကြည်လင်သော စိတ်ထားရှိပြီး ဘုရားရှင်ထံ ခွင့်ပန်ကာ ခရီး ဆက်လက် ထွက်ခွာခဲ့လေသည်။

ဆတ္တလုလင်သည် လမ်းခရီးတစ်လျှောက် ဘုရားရှင် ဟောကြားလိုက်သော ရတနာသုံးပါးဂုဏ်နှင့် ငါးပါးသီလတို့ ကို အောက်မေ့ ဆင်ခြင်ပြီး လာခဲ့သည်။

'ဤ ဆတ္တလုလင်အား ဤမျှလောက် ကုသိုလ်သည် နတ်ပြည်သို့ ဖြစ်ခြင်းငှာ သင့်လျော်ပြီ'

ဟု သတ်မှတ်၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွတော်မူလေသည်။

ဆတ္တလုလင်သည် ခရီး ဆက်လက် ထွက်ခွာခဲ့ရာ ခိုးသူ တို့ ပုန်းအောင်းရာ နေရာသို့ ရောက်လာသည်။

ခိုးသူတို့သည် ဝိုင်းဝန်း ရောက်လာပြီး ဆတ္တလုလင်ကို ရိုက်နှက် ညှဉ်းဆဲကာ အသပြာထုပ်ကို ယူကြသည်။ ဆတ္တ

www.dhammaransi.com



လုလ်သည် ရိုက်နှက်ခံရနေစဉ် ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်အောက်မေ့နေလေသည်။

ဆတ္တလုလင်သည် ရိုက်နှက်သည့်ကြားမှပင် ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်ပြီး ရှေ့ဆက်လာက် ထွက်ခဲ့ရာ ခိုးသူတစ်ယောက်သည် ချုံကြားမှ ပုန်းကွယ်နေရင်း အဆိပ်လူးမြားဖြင့် ရုတ်တရက် ပစ်ခတ်လိုက်ရာ ဆတ္တလုလင်သည် ထိုနေရာမှာပင် ကွယ်လွန်ပြီး ကာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ဗိမာန်၌ အိပ်သောယောကျ်ား နိုးသော လားကဲ့သို့ နတ်သမီးတစ်ထောင် အခြံအရံ လှည်းအစီး ခြောက်ဆယ်တိုက်မျှရှိသော အဆင်တန်ဆာ ဒွါရာတို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်ရှိသော နတ်သား ဖြစ်သွားလေသည်။ နတ်သား၏ ဗိမာန်ရောင်သည် ယူဇနာ နှစ်ဆယ်ကျော် ပျံ့နှံ့တည်လေသည်။

ခိုးသူတို့သည် ဆတ္တလုလင် သေသော် ငွေထုပ်ကို ယူ၍ ထွက်ခွာသွားကြလေသည်။

ဆတ္တလုလင် သေဆုံးသည်ကို တွေ့မြင်ကြသော သေတဗျရွာသားတို့ကလည်း သေတဗျရွာရှိ ဆတ္တလုလင်၏ မိခင်၊ ဖခင်တို့ကို သွားရောက် ပြောကြား သတင်းပေးကြသည်။ ဥက္ကဋ္ဌမြို့သို့ ခရီးသွားလူတို့ကလည်း ဥက္ကဋ္ဌမြို့သို့ သွားပြီး ပေါက္ခရသာတိ ပုဏ္ဏားကြီးထံ အကြောင်းကြားကြလေသည်။

www.dhammaransi.com



ထိုသတင်းကို ကြားရသော ဆတ္တလုလင်၏ မိဘဆွေမျိုးတို့သည် လည်းကောင်း၊ ပေါက္ခရသာတိ ပုဏ္ဏားကြီးနှင့် နောက်ပါ အခြံအရံတို့သည် လည်းကောင်း မျက်ရည်ယိုစီး ငိုကြွေးကြလျက် ဆတ္တလုလင် အလောင်းရှိရာသို့ ရောက်လာကြသည်။

ထိုဆတ္တလုလင် သေသောနေရာသို့ သေတဗျရွာသားများ၊ ဥက္ကဋ္ဌမြို့သူ၊ မြို့သားများ၊ ဣစ္ဆာနင်္ဂလ ရွာသားများ စုဝေးကြကုန်၍ ကြီးမားသော လူထုကြီး ဖြစ်လာသည်။

ဆတ္တလုလင်၏ မိဘဆွေမျိုးတို့သည် လမ်းခရီး မနီးမဝေး တစ်ခုဝယ် အလောင်းမီးသဂြိုဟ်ရန် ထင်းပုံကို စီမံကြသည်။

ထိုအခါ ဘုရားရှင်သည် -

'ငါ ကြွရောက်တော်မူသည်ရှိသော် ဆတ္တလုလင်နတ်သားသည် ငါ့ကို ရှိခိုးခြင်းငှာ လာလတ္တံ့၊ လာရောက်ခြင်း အကြောင်းကိုလည်းကောင်း၊ ပြုခဲ့ဖူးသော ကောင်းမှုကံကို လည်းကောင်း လျှောက်သည်ရှိသော် ကံ၏ အကျိုးကို မျက်မြင်ပြုစေ၍ တရားတော်ကို ဟောကြားအံ့။ ဤသို့ ဟောကြားသည်ရှိသော် လူအပေါင်းအား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်သည် ဖြစ်လတ္တံ့.'

www.dhammaransi.com



ဟူ၍ အကြံဖြစ်တော်မူကာ ရဟန်းအပေါင်း ခြံရံလျက် ဆတ္တလုလင် အလောင်း မီးသင်္ဂြိုဟ်ရာသို့ ကြွတော်မူ၍ သစ်ပင်တစ်ပင်ရင်း၌ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ ထိုင်နေလေသည်။

ထိုအချိန်ဝယ် ဆတ္တလုလင် နတ်သားသည် မိမိ ရရှိသော စည်းစိမ်ကို ဆင်ခြင်၍ ထိုနတ်၏ စည်းစိမ်ချမ်းသာ ရခြင်းအကြောင်းကို စဉ်းစားသည်။

သရဏဂုံ သုံးပါး၌ တည်ခြင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း အကျိုးကို မြင်ရ၍ အလွန် အံ့ဩသောစိတ်၊ ကောင်းစွာ ကြည်ညိုသောစိတ်များ ခံစား ဖြစ်ပေါ်မိသည်။

"ငါသည် ယခုပင်သွား၍ ဘုရားနှင့် သံဃာအပေါင်းကို ရှိခိုးပါအံ့၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကိုလည်း လူအပေါင်း၌ မျက်မှောက်၌ပင်လျှင် ထင်ရှားသည်ကို ပြုအံ့"

ဟု ကျေးဇူးတရားသိမှုကို အမှီပြု၍ အလုံးစုံသော ထိုတောအရပ်ကို တစ်ပြိုင်နက်တည်းသော အလင်းရောင်ကို ထွန်းလင်း တောက်ပစေပြီး နေထိုင်ရာ ဘုံဗိမာန်နှင့်တကွ လာသည်။

ဗိမာန်မှ သက်ဆင်းကာ များစွာသော အခြံအရံနှင့် တကွ ကိုယ်ကို ထင်ရှားပြသည်။ ဘုရားရှင်ထံသို့ ချဉ်းကပ်

www.dhammaransi.com



ကာ ဘုရားရှင်၏ ခြေတော်အစုံ ဦးခေါင်းဖြင့် ဦးတိုက်ရှိကျိုး ရှိခိုးပြီးလျှင် လက်အုပ်ချီကာ သင့်လျော်သော အရပ်၌ နေလေသည်။

"ဤပုဂ္ဂိုလ်သည်ကား နတ်လေလော၊ ဗြဟ္မာလေလော၊ အဘယ်သူဖြစ်ပါသနည်း"

လူအများအပေါင်းသည် အံ့သြဖွယ်သရဲ ထူးကဲသော စိတ် ဖြစ်ကြလျက် ဘုရားရှင်ထံသို့ ဝိုင်းဝန်း ချဉ်းကပ်၍ ရောက်လာကြသည်။

"နှိုင်းယှဉ်စရာ ဥပမာမရှိအောင် မြားမြောင်လှစွာသော အရောင်အဆင်းရှိသည့် သင်၏ ဤဘုံဗိမာန်သည် ကောင်းကင်ပြင်၌ ထွန်းလင်း တောက်ပသည့်အတူ ဖုံသမည်သော ကြယ်တာရာသည်လည်း မထွန်းလင်း မတောက်ပနိုင်၊ လရောင်နေရောင်သည်လည်း မထွန်း ပြောင်နိုင်၊ ရောင်ဝါတင့်လျှမ်း နတ်နန်းဆောင်ပျံ ဘုံ ဗိမာန်နှင့်တကွ အထက်နတ်ပြည်မှ လူတို့ပြည် ခေါ် ဤမြေပေါ်သို့ သက်ဆင်းလာသော သင်သည် ကား အဘယ်သူပါနည်း။

"ထက်ပန်းကျင်တွင် စင်ကြယ်သန့်ရှင်း အညစ်အကြေး ကင်း၍ တင့်တယ်ခြင်းရှိသော ဗိမာန်သည် နေ၏ အရောင်တို့ကို ဖြတ်တောက် ပယ်ဖျောက်ဘိ၏။ ဗိမာန် ၏ အရောင်သည် နှစ်ဆယ့်ငါး ယူဇနာတိုင်တိုင် ပျံ့နှံ့

www.dhammaransi.com



တည်နေပါ၏။ ညဥ့်ကိုပင်လျှင် နေ့ကဲ့သို့ ပြုနိုင်၏။ များပြားလှစွာ ပဒုမ္မာကြာမျိုး၊ ဆန်းကြယ်သော ပုဏ္ဍားရိပ် ကြာဖြူမျိုးလည်းရှိသော ပန်းတို့ဖြင့် မွှမ်းကာ အညစ်အကြေးကင်းပြီး များစွာ ဆန်းကြယ်သော ရွှေကွန်ယက်ဖြင့် ဖုံးလွှမ်းအပ်သော ဗိမာန်သည် ကောင်းကင်ပျံ၍ နေသကဲ့သို့ ထွန်းလင်း တောက်ပဘိ၏။

"ကောင်းကင်ပြင်သည် ကြယ်တာရာတို့ဖြင့် ပြည့်ဘိသကဲ့သို့ နီသောအာရုံ ရွှေသောအဝတ် ရှိကုန်သော စန္ဒကူးနံ့သာတို့ဖြင့် မွှမ်းထုံအပ်သော ရွှေအဆင်းနှင့်တူသော သိမ်မွေ့နူးညံ့သော အရည်အဆင်း ရှိကုန်သော နတ်သမီးတို့ဖြင့်လည်း ပြည့်ဘိ၏။

"အမျိုးမျိုး အဖုံဖုံ ရှုချင်စဖွယ် အဆင်းရှိကုန်သော နတ်ပန်းတို့ဖြင့် ဆင်ယင်အပ်သော၊ တန်ဆာရှိကုန်သော၊ ဆံထုံး စသည်တို့၌ ရွှေစည်းကြိုး အစရှိသည်တို့ဖြင့် ဖွဲ့ယှက်အပ်ကုန်သော၊ ရွှေတန်ဆာတို့ဖြင့် ဖုံးလွှမ်းအပ်သော၊ ဝမ်းမြောက်သော စိတ်ရှိကုန်သည့် နတ်သား၊ နတ်သမီးတို့သည် သင် နေထိုင်ရာ ဤဗိမာန်၌ များလှပါဘိသည်။

"လေတိုက်ခတ်သဖြင့် ကြွေကျကုန်သော ပန်းတို့သည် သင် နေထိုင်ရာ ဤဗိမာန်ကြီး အတွင်း၌ မွှေးကြိုင်သော ရနံ့တို့ဖြင့် ပျံ့လှိုင်စေပါသည်။

www.dhammaransi.com



"ဤသို့သော အကျိုးများသည် အဘယ်သို့ သဘောရှိသော စောင့်စည်းမှု၏ အကျိုးများ ဖြစ်ပါသနည်း။ အဘယ်ကို ပြုသော ကုသိုလ်ကံ အကျိုးကြောင့် သင်သည် ကြီးမားသော ရောင်ဝါဝင်းလျှံ ဗိမာန်ကြီး၌ ဖြစ်လာရပါသနည်း၊ ဤ အကြောင်းစုံကို ပြောကြားပေးပါလော့"

"ဘုရားရှင်သည် ဤလမ်းခရီး ဆိုက်ရောက်လာသော လုလင်နှင့် တွေ့ဆုံ၍ သနားစောင့်ရှောက် ချီးမြှောက်တော်မူလိုသောကြောင့် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဟောကြားဆုံးမတော်မူခဲ့ပါသည်။ ထိုတရားကို ကြားနာပြီး လိုက်နာကျင့်သုံးရန် ကတိခံဝန်ချက် ပြုခဲ့ပါသည် ဘုရား"

ဟူ၍ ဘုရားနှင့်တွေ့ပုံ ဘုရားရှင် သရဏဂုံ သုံးပါး၊ ငါးပါးသီလ သင်ကြားပေးပုံ လမ်းခရီး၌ ခိုးသူတို့က သတ်ဖြတ်ပုံ အကြောင်းစုံကို ပြန်လည် လျှောက်ထားပြလေသည်။

"မြတ်စွာဘုရား – တပည့်တော်မှာ ဤသရဏဂုံ သုံးပါးပွားများမှုကုသိုလ်နှင့် ငါးပါးသီလ စောင့်ထိန်းမှု ကုသိုလ်မှတစ်ပါး အခြားကုသိုလ် မရှိခဲ့ပါဘုရား၊ ဤကုသိုက်ကံမျှနှင့်ပင် တာဝတိံသာ နတ်ပြည်၌ ဤမျှ ကြီးကျယ်သော စည်းစိမ်ကို ခံစား စံစားရပါသည် ဘုရား"

www.dhammaransi.com



"လူ, နတ်, ဗြဟ္မာ သတ္တဝါအများကို သံသရာတွင်းမှ လွတ်အောင် ဟောပြောပြနေသော ဘုရားရှင်ဘုရား၊ တခဏမျှ စောင့်စည်းသော သီလ၏ အကျိုးသည်လည်းကောင်း၊ တရားနှင့် လျော်ညီစွာ ကျင့်သော အကျင့်၏ အကျိုးသည်လည်းကောင်း၊ အကျိုးပေးပုံထူးမှုကို ကြည့်ပါဘုရား၊ ယခု တပည့်တော်၏ စည်းစိမ်နှင့် တပည့်တော်၏ ဘဝကို တွေ့မြင်ကြရသော အခြားသူတို့သည် တပည့်တော်ကဲ့သို့ ဖြစ်စေရန် ဆုတောင်းနေကြပါသည် ဘုရား"

"မကျဉ်းမကျယ် အနည်းငယ်မျှသော အရှင်ဘုရားဒေသနာတော်၏ အဆင့်ဆင့်ပွားတိုး အကျိုးတရားသည် နတ်ပြည်ရောက်ရပြီး နတ်စည်းစိမ်တို့ကို ခံစားရပါသည် ဘုရား၊ သို့တွက် ရဟန်းရှင်တို့သည် နေ့စဉ်မပြတ် ဘုရားရှင်၏ တရားတော်များကို ကောင်းစွာနာကြားသင့်ပါသည် ဘုရား၊ ထိုသူတို့သည် သေသည့်အခါ စုတိပျက်ကြွေ ကင်းရာ မြတ်နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်ဟု ထင်ပါသည် ဘုရား"

ဆတ္တလုလင် နတ်သားသည် ဘုရားရှင်ကို မိမိ ပြုအပ်ခဲ့သော ကျေးဇူးကို သိသည်အဖြစ်ဖြင့် တည်၍ ဘုရားရှင်ကို ဆည်းကပ်ရခြင်း၏ အကျိုးကိုလည်းကောင်း၊ တရားတော်

www.dhammaransi.com



နာကြားရခြင်း၏ အကျိုးကိုလည်းကောင်း ထင်ရှားစွာ လျှောက်ထားပြသည်။

ဘုရားရှင်သည် ဆတ္တလုလင် နတ်သားနှင့် ထိုအရပ်ရှိ ပရိသတ်တို့၏ အလိုအာသယကို ကြည့်ရှုတော်မူ၍ အစဉ်အတိုင်း တရားတော်ကို ဆက်လက် ဟောကြားတော်မူသည်။

တရားနာ ပရိသတ်တို့၏ ခန့်သောစိတ်ရှိသည် အဖြစ်ကို သိ၍ သစ္စာလေးပါးတရားကို ဆက်လက် ဟောကြားတော်မူသည်။

ဒေသနာတော်၏ အဆုံး၌ ဆတ္တလုလင် နတ်သားနှင့် မိဘတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ဤပရိသတ်တို့သည်လည်း သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်ကြလေသည်။

သောတာပန် ဖြစ်သွားသော ဆတ္တလုလင် နတ်သားသည် မိမိ၏ သောတာပန် ဖြစ်ခြင်းကိုလည်းကောင်း၊ အထက်မဂ်ရခြင်း၏ အကျိုးကိုလည်းကောင်း ပြလို၍ ဆက်လက် လျှောက်ထားလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား - အကြင်ပုဂ္ဂိုလ်တို့သည် ဤသာသနာတော်ဝယ် အကျင့်မှန်ကို ကျင့်ကြမည်ဆိုပါက ငါးဖြာအာရုံ ကာမဂုဏ်တို့ကို ခံမင်နှစ်သက်ခြင်းကို ကောင်းစွာ ပယ်နိုင်ကြပါမည်။ အမိ

www.dhammaransi.com



ဝမ်းတွင်း ပဋိသန္ဓေနေရခြင်းကို မကပ်ရောက်နိုင်တော့ပါ။ ပါရမီ ရှိကြသော ပုဂ္ဂိုလ်အပေါင်းသည် တွေဝေတတ်သော မောဟတရားကို ပယ်ရှား၍ ရုပဘုံဝယ် ငြိတွယ်တတ်လှ ဘဝရာဂကိုလည်း ကောင်းစွာ စွန့်ပယ်နိုင်ပါသည်။ ထိုသူတို့သည်လည်း အမိဝမ်းတွင်း ပဋိသန္ဓေနေရခြင်းကို မကပ်ရောက်နိုင်ကြပါ။ ကိလေသာ ငြိမ်းကုန်သော ယောကျ်ားမြတ်တို့သည် ဒုက္ခ အေးငြိမ်းရာ နိဗ္ဗာန်သို့ ကြွရောက်ကြပါကုန်၏ ဘုရား”

ဆတ္တလုလင် နတ်သားသည် မိမိ သောတာပန် တည်သော အဖြစ်ကို လျှောက်ကြားလျက် ဘုရားရှင်ကို ရှိခိုးကာ လက်ယာရစ် လှည့်သည်ကို ပြုပြီးလျှင် ရဟန်းသံဃာများကို ရိုသေလေးမြတ်သော အမူအရာကို ပြ၍ အမိအဖတို့ကို ပန်ကြားပြီး နတ်ပြည်သို့ ပြန်လေတော့သည်။

ဘုရားရှင်သည် ရဟန်းသံဃာများနှင့်တကွ နေရာမှ ထကာ ကြွသွားတော်မူလေသည်။ လုလင်၏ မိဘ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့် ပရိသတ်တို့သည် ဘုရားရှင်ကို လိုက်ပို့ကြသည်။ ဘုရားရှင် ဇေတဝန်ကျောင်းသို့ ဝင်သော် ပရိသတ်တို့သည် အသီးသီး ပြန်ကြလေတော့သည်။

(မဟာဝဂ္ဂ ဆတ္တမာဏဝကဝိမာနဝတ္ထု)

www.dhammaransi.com



## ရှင်မဟာကစ္စည်းနှင့် ဖခင်ကြီးကို ပြန်လည်ပူဇော်သော သုဇာတနတ်သား

မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန်ပြုခဲ့သည်။ ဘုရားရှင်၏ သရီရ ဓာတ်တော်များကို ဝေဖန်ခွဲခြား၍ မြို့ရွာအသီးသီး၌ စေတီပုထိုး တည်ထား ကိုးကွယ်ကြသည်။

အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ်တို့ သည် ဘုရားဟော တရားတော်များကို သံဂါယနာတင်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ ခွဲခြားကာ တာဝန်အသီးသီး ပေး၍ သင်ကြားစေသည်။

ရဟန္တာမထေရ်မြတ်တို့သည် ဝေနေယျ သတ္တဝါတို့အား သနားငဲ့ညှာ၍ တရားရေအေး တိုက်ကျွေးစေရန် နေရာအသီးသီး သို့ ကြွကာ သီတင်းသုံးကြသည်။

ရှင်မဟာကစ္စည်း မထေရ်မြတ်ကြီးသည် ပစ္စန္တ ရာဇ်ဒေသ တစ်ခုဖြစ်သော တောအရပ်၌ သီတင်းသုံးနေတော်မူသည်။

ထိုအချိန်ဝယ် အဿကတိုင်း ပေါတလိမြို့၌ အဿကမင်း သည် မင်းပြုနေသည်။ ထိုမင်းကြီး မိဖုရားကြီး၏ သားသည် ကား သုဇာတ အမည်ရှိလေသည်။

ထိုသုဇာတမင်းသားသည် ကဿပဘုရားရှင်၏ သာသနာ တော်၌ ရဟန်းပြုခဲ့ဖူးသည်။ သီလမှု အကျင့်မျှ၌သာ တည်ရှိ ခဲ့၍ သေသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရသည်။

www.dhammaransi.com



ဤဘုရားရှင် လက်ထက်ဝယ် အဿက မင်းကြီး၏ မိဖုရားခေါင်ကြီး၏သား လာဖြစ်ရသည်။

ထိုမင်းသား၏ မယ်တော် ကွယ်လွန်သော် မင်းကြီးက ဒုတိယမိဖုရားတစ်ပါးကို တင်မြှောက်သည်။ ထိုမိဖုရားမှ သား တစ်ယောက် ဖွားမြင်သည်ရှိသော် မင်းကြီးကလိုသောဆု တောင်း ဟု ဆုပေးခဲ့ရာ မိဖုရားက ပထမ မတောင်းသေးဘဲ နောင် မိမိသား အရွယ်ရောက်၍ ထီးနန်း အရိုက်အရာခံ အိမ်ရှေ့မင်း အဖြစ်ကို တောင်းသည်။

မင်းကြီးသည် မိမိသားကြီးရှိလျက် ထိုသူကို မပေးနိုင်၊ ကတိကဝတ်က ရှိပြန်၍ မပေး၍ကလည်း မဖြစ်သောကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားနေရသည်။

ထိုအကြောင်းကို သိသော သားကြီး သုဇာတမင်းသား သည် ခမည်းတော် စိတ်ချမ်းသာစေရန် မင်းကြီးထံ ခွင့်ပန်၍ တောသို့ ထွက်ခဲ့လေသည်။ သုဇာတမင်းသားသည် တောသို့ ထွက်ခဲ့ပြီး မုဆိုးတို့ကို အမှီပြုကာ နေလေသည်။

ထိုသုဇာတမင်းသား ရဟန်းပြုစဉ်က မိတ်ဆွေ ဖြစ်ခဲ့ ဖူးသော နတ်သားတစ်ယောက်သည် သုဇာတမင်းသား၏ ကောင်းကျိုးကို လိုလား၍ မင်းသား တောပစ်ထွက်စဉ် မင်းသား ရှေ့မှ သားကောင်ယောင်ဆောင်ပြီး ရှင်မဟာကစ္စည်း သီတင်း သုံးရာနေရာ ရောက်အောင် ဖြားယောင်းခေါ်သည်။

www.dhammaransi.com



မင်းသားသည် ဤသမင်ကို ယခုပင် မိအောင် ဖမ်းမည်ဟု ကြိမ်းဝါးလျက် တစိုက်မတ်မတ် လိုက်သည်။ ရှင်မဟာကစ္စည်းကျောင်းရှေ့သို့ ရောက်သော် သမင်သည် ပျောက်သွားသည်။

မင်းသားသည် ပတ်ဝန်းကျင်၌ သမင်ကို လှည့်လည်ကြည့်ရှုသည်။ သို့သော် သစ်ခက်တဲမိုးကျောင်းရှေ့ ကွပ်ပစ်၌ ထိုင်နေသော ရှင်မဟာကစ္စည်းကို မြင်၍ လေးမြားကို ထောက်ကာ ရပ်ကြည့်နေလေသည်။

ရှင်မဟာကစ္စည်းသည် မင်းသား၏ ဘဝအစုံကို သိသော်လည်း ချီးမြှောက်လိုသောကြောင့် မသိဟန်ဆောင်ကာ မေးသည်။

"ခိုင်ခံ့သော လေးရှိသော သင်သည် သစ်သားနှစ်လေးကို ထောက်ကာ ရပ်နေဘိ၏။ သင်သည် ပြည့်ရှင်မင်းလော၊ မင်းသားလော၊ မုဆိုးလော"

"အရှင်ဘုရား တပည့်တော်သည် ဒဓသကမင်း၏ သားဆောင် သုဇာတမင်းသား ဖြစ်ပါသည်။ တော ဦ မုဆိုးတို့နှင့် အတူနေပြီး သားသမင်ကို ဖမ်းဆီးရင်း အရှင်ဘုရား သီတင်းသုံးရာ ဤသစ်ခက်တဲအနီးသို့ အရောက် သမင်ပျောက်၍ ရှာဖွေစဉ် အရှင်ဘုရားကို မြင်၍ ရပ်နေပါသည် ဘုရား"

"ဘုန်းကြီးသော မင်းသား၊ သင်၏ လာရောက်ခြင်းသည် ကောင်းသောလာရောက်ခြင်းပေတည်း။ ဤရေအိုးမှ ရေကိုယူ၍

www.dhammaransi.com



သင်၏ခြေကို ဆေးကြောလော့။ ဤသောက်ရေသည် အေးမြပါ၏။ တောမြောင်ချောက်ကြားမှ ခပ်ယူထား၏။ မင်းသား၊ ထိုရေကို သောက်၍ အခင်းပေါ်၌ ထိုင်ပါလော့"

"ရဟန်းတော်အရှင်မြတ်ဘုရား၊ အရှင်မြတ်၏ စကားသည် ကောင်းလေစွတကား၊ နာပျော်ဖွယ်ရှိပါသေး၏။ အပြစ်ကင်းစင်ပါ၏။ အကျိုးစီးပွားနှင့် စပ်ပါပေ၏။ သာလည်းသာယာပါ၏။ အကျိုးစီးပွားကို သိ၍ ပြောဆိုတော်မူပါပေ၏ဘုရား။

"ရဟန်းတော် အရှင်မြတ်ဘုရား၊ တောမြိုင်တန်း၌နေသော အရှင်ဘုရား၏ တောမှာနေပျော် မွေ့လျော်မှုသည် အဘယ်ပါနည်း။ မိန့်ကြားပေးပါ။ အရှင်ဘုရားစကားကို နာယူ၍ ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးရှိတရားကို ကျင့်ကြံလိုပါ၏ဘုရား"

"ငါ၏ တရားကို နာကြားလို ကျင့်ကြံလိုသော မင်းသား၊ ခပ်သိမ်းသော သတ္တဝါတို့ကို ရိုက်ပုတ်ပစ်ခတ် သတ်ဖြတ်ညှဉ်းဆဲခြင်း အစရှိသည်ကို ငါတို့ မနှစ်သက်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်စေတတ်သော အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်နှလုံးတို့ဖြင့် ညီညွတ်စွာ ကျင့်ခြင်း၊ ပရိသတ်တရား၌ အကြားအမြင်များခြင်း၊

www.dhammaransi.com



သူတစ်ပါးတို့ ပြုအပ်သော ကျေးဇူးကို သိခြင်း၊ ဤတရားတို့ကား ယခု ပစ္စက္ခဘဝ၌ပင် ချီးမွမ်းအပ် ချီးမွမ်းထိုက်သော တရားတို့ ဖြစ်ပေသည်"

ရှင်မဟာကစ္စည်းသည် အနာဂတံသဉာဏ်ဖြင့် မင်းသား၏ အသက် အပိုင်းအခြားကို ကြည့်မိသည်။ မင်းသားသည် ငါးလ မျှသာလျှင် အသက်ရှည်ပေအုံ့သော အကြောင်းကို မြင်တော်မူသည်။ မင်းသားကို ထိတ်လန့်စေလျက် သံဝေဂ ဖြစ်စေပြီး အကျင့်တရား၌ မြဲမြံစွာ တည်စေလိုသော ဆန္ဒဖြင့် -

"မင်းသား သေခြင်းသဘောသည် သင့်အနီး၌ တည်၏။ သင်သည် ငါးလအတွင်းသာ အသက်ရှင်တော့မည်။ မင်းသား သိပါစေလော့။ အပါယ်ငရဲမှ လွတ်ပါစေလော့"ဟု မိန့်ကြား တော်မူသည်။

ထိုစကားကို ကြားရသောအခါ မင်းသားသည် ထိတ်လန့် ကြောက်ရွံ့သွားသည်။ မိမိ၏ သေရမည့် ဘေးမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို သိလိုသော ဆန္ဒ ဖြစ်ပေါ်လာမိသည်။

"အရှင်ဘုရား၊ တပည့်တော်သည် အဘယ်ဇနပုဒ် ကျေးရွာသို့ သွား၍ အဘယ်သို့သော အမှုကိုလည်း ကောင်း၊ အဘယ်သို့သော ယောက်ျားများ ပြုသင့် ပြုထိုက်သော ကိစ္စကိုလည်းကောင်း ပြုပြီး အဘယ်

www.dhammaransi.com



မည်သော အတတ်ဖြင့် မအို မသေ ဖြစ်ရပါအံ့နည်း ဘုရား"

"မင်းသား သတ္တဝါတို့၏ မအိုမသေရာ အရပ်မည်သည် မရှိ၊ မအိုမသေ ပြုလုပ်ရာ အတတ်၊ ယောကျ်ားတို့ ပြုအပ်သော ကိစ္စမည်သည် မရှိပါ။ များစွာရရှိကုန်သော မင်းမျိုး၌ ဖြစ်ကုန်သော မင်းတို့သည်ပင် တစ်နေ့ သေကြရသည်သာ ဖြစ်သည်။

"အန္ဓကဝေဏှုတို့၏ သားတို့သည် ရဲရင့်သတ္တိရှိကုန်သည်၊ လုံ့လရှိကုန်၏၊ ရန်သူအင်အားကို နှိမ်နင်း ရက်စက်နိုင်လေ့ရှိ၏ ဟု သင်မင်းသား ကြားဖူးသည် မဟုတ်ပါလော။ မျိုးရိုးစဉ်ဆက်က နေတို့နှင့်တူသော ထိုမင်းသားတို့သော်မှ သေကြရသည်သာ ဖြစ်သည်။

"မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး၊ ဒွန်းစဏ္ဍားမျိုး၊ ပန်းမှိုက်ဟူသော ဇာတ်အားဖြင့် ရှိကုန်သော သူတို့သည်လည်း အချိန်တန်လျှင် အိုရ၊ နာရ၊ သေရချည်သာ ဖြစ်ကြပါသည်။

"ဗေဒင်ကျမ်းကို တတ်မြောက်ကုန်သော ဗေဒင်ပညာရှိတို့သည်လည်းကောင်း၊ တစ်ပါးသော အတတ်ပညာသည်တို့သည်လည်းကောင်း အမှန် အိုရ၊ နာရ၊ သေရပါသည်။

"တရားလမ်းဖြင့် ငြိမ်းချမ်းသော ကာယကံ၊ ဝစီကံရှိကုန်သော စောင့်စည်းအပ်သော စိတ်ရှိကုန်သော၊ လောဘဇော

www.dhammaransi.com



စသော ကိလေသာတို့ကို ပူပန်စေတတ်သော ငြိုးငြင်သော အကျင့်ရှိကုန်သော ပုထုဇဉ် ရသေ့မြတ်တို့သော်မှ ကံစွမ်း အလျောက် သေပျောက်ချိန် ရောက်သောအခါ ခန္ဓာကိုယ်ကို စွန့်လွှတ်ကာ သေပွဲဝင်ကြရသည်။

"ဘာဝနာဖြင့် အခါခါ အထပ်ထပ် ပွားများပြီးသော စိတ်ရှိသော၊ ပြည့်စုံပြီးသော မဂ်ကိစ္စရှိကုန်သော အာသဝေါတရား လေးပါးမှ ကင်းလွတ်ပြီးကုန်သော ရဟန္တာအရှင်မြတ်တို့သော်မှ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ပါးကုန်ခြင်းကြောင့် ရုပ်၊ နာမ် နှစ်ဖြာ ခန္ဓာကိုယ်ကို စွန့်ရပါသည် မင်းသား"

"ရဟန်းတော် အရှင်မြတ်ဘုရား၊ အရှင်ဘုရားသည် အကျိုးစီးပွားရှိသော တရားတို့ကို ကောင်းစွာ ဟောပါ၏။ တပည့်တော်ကို ကောင်းစွာ သိမြင်စေပါသည်။ အရှင်ဘုရား သည်သာ တပည့်တော်၏ ကိုးကွယ်ရာ၊ အားထားရာ ဖြစ်ပါစေ လော့"

"မင်းသား၊ သင်သည် ငါ၏ ကိုးကွယ်ရာဟူ၍ မဆည်း ကပ်လင့်၊ ငါသည် ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်၏။ သာကီဝင် မင်းသားဖြစ်သော ကြီးမားသော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည်သာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ လော့"

"အရှင်မြတ်ဘုရား၊ အရှင်မြတ်၏ ဆရာဘုရားသည် အဘယ်ဇနပုဒ် မြို့ရွာ၌ ရှိပါသနည်း။ တပည့်တော်သည်

www.dhammaransi.com



အတုမရှိ မြတ်သော ထိုဘုရားရှင်ကို ကြည်ညို ဖူးမြော်ရန် သွားပါမည် ဘုရား”

“သြကွာက မင်းမျိုးမှ ဆင်းသက်၍ ယောကျ်ားမြတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလေပြီ”

ရှင်မဟာကစ္စည်း၏ တရားကိုနာရသော မင်းသားသည် တရား၌ ကြည်ညိုသောစိတ်ဖြစ်ကာ သရဏဂုံနှင့် သီလတို့ကို ခံယူဆောက်တည်လေသည်။

သရဏဂုံနှင့် သီလ ဆည်ပြီးသော မင်းသားကို ရှင်မဟာကစ္စည်းက ဤသို့ ဆက်လက် မိန့်ကြားတော်မူသည်။

“မင်းသား၊ သင်သည် ဤတောတွင်း၌ နေသဖြင့် အကျိုးမရှိ။ သင်မင်းသား၏ အသက်သည် မကြာမြင့်တော့ပေ၊ ငါးလအတွင်း၌ပင်လျှင် သေလွန်တော့မည်။ သင်သည် ခမည်းတော်ထံသို့သာလျှင် ပြန်၍ ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါ။ သူမြတ်များ ပျော်စံရာ နတ်ပြည်သို့ ရောက်ပါလိမ့်မည်”

ရှင်မဟာကစ္စည်းသည် ဤသို့ မိန့်ကြားပြီးလျှင် မိမိထံ၌ ရှိသော ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို ကိုးကွယ်ရန် ပေး၍ လွှတ်လိုက်လေသည်။

“အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရား မိန့်ကြားအပ်သော စကားဖြင့် ဤနေရာ အရပ်မှ ပြန်သွားပါတော့အံ့။ အရှင်ဘုရားတို့သည် တပည့်တော်အား အစဉ်သနားချီးမြှောက်

www.dhammaransi.com



သောအားဖြင့် တပည့်တော် နေထိုင်ရာ အဿကတိုင်းပြည်သို့ ကြွရောက်စေချင်ပါသည် ဘုရား”

မင်းသားသည် ရှင်မဟာကစ္စည်းကို ဖိတ်ကြားသည်။ ရှင်မဟာကစ္စည်းက မင်းသား ဖိတ်ကြားချက်ကို သည်းခံတော်မူသည်။

မင်းသားသည် ရှင်မဟာကစ္စည်းကို ရှိသေစွာ ရှိခိုး၍ မထေရ်ကို လက်ယာရစ် လှည့်လည်ပြီး မိမိတိုင်းပြည်သို့ ပြန်လေသည်။

မိမိပြည်သို့ရောက်လျှင် ဥယျာဉ်တော်သို့ ဝင်ကာ မိမိ ရောက်လာသော အကြောင်းကို ခမည်းတော်မင်းကြီးအား သံတော်ဦး တင်လေသည်။ မင်းကြီးသည် သားတော် ရောက်လာကြောင်း သတင်းကြားရလျှင် အခြွေအရံနှင့်တကွ ဥယျာဉ်တော်သို့ ထွက်တော်မူပြီးလျှင် သုဇာတမင်းသားကို ပွေ့ဖက်၍ နန်းတော်သို့ ခေါ်ဆောင်သည်။ သားတော်ကို အဘိသိက် သွန်းပြီး မင်းမြှောက်လိုကြောင်းလည်း ပြောပြသည်။

“ခမည်းတော် မင်းမြတ်၊ ကျွန်ုပ်၏ အသက်အပိုင်းအခြားသည် အနည်းငယ်မျှသာ ရှိပါတော့သည်။ ဤနေ့မှ နောက် လေးလ ရောက်လေလျှင် စုတေမနေ သေလွန်ပါတော့အံ့။ ကျွန်ုပ်အား မင်းအဖြစ်သည် အဘယ်အကျိုးရှိပါအံ့နည်း။ ခမည်းတော် မင်းမြတ်ကို အမိပြု၍ ကောင်းမှုကုသိုလ်သာလျှင် ဆည်းပူးပြုလုပ် အားထုတ်ပါတော့အံ့”

www.dhammaransi.com



ဟု ဆို၍ မင်းသားသည် ရှင်မဟာကစ္စည်း မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်နှင့်အာနုဘော်တို့ကိုလည်းကောင်း သံတော်ဦးတင်လေလျှင် ခမည်းတော် မင်းကြီးသည် သားတော်စကားကို ကြားရလျှင် တုန်လှုပ်မှုထိတ်လန့်ခြင်းသို့ ရောက်သည်။

ရတနာသုံးပါး၌ လည်းကောင်း၊ ရှင်မဟာကစ္စည်း၌ လည်းကောင်း အလွန်ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍ ကြီးစွာသော ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် ရှင်မဟာကစ္စည်း မထေရ်မြတ်ထံသို့ တမန်တော်လွှတ်ကာ ပင့်ဆောင်စေသည်။

ရှင်မဟာကစ္စည်း မထေရ်မြတ်သည် အဿကမင်းကြီးနှင့် တိုင်းသူပြည်သားတို့ကို ချီးမြှောက်လိုသောကြောင့် ကြွရောက်တော်မူသည်။ မင်းကြီးသည် အခြံအရံနှင့်တကွ အဝေးမှ ပင်လျှင် ခရီးဦးကြိုဆိုခြင်းပြုကာ မထေရ်မြတ်ကို ကျောင်းတော်သို့ ပင့်ဆောင်၍ ပစ္စည်းလေးပါးဖြင့် ရိုသေစွာ ပြုစု လုပ်ကျွေးထောက်ပံ့သည်။ မိမိလည်း သရဏဂုံနှင့် သီလတို့ကို ဆောက်တည်လေသည်။

သုဇာတမင်းသားသည် သီလကို ဆောက်တည်၍ မထေရ်မြတ်တို့နှင့် ရဟန်းသံဃာတော်များကို ရိုသေလေးစားစွာ လုပ်ကျွေး ပြုစုနေလေသည်။

လေးလေလွှန်မြောက်သော မင်းသားသည် ကွယ်လွန်လေပြီး တာဝတိံသာ နတ်ပြည်ဝယ် နတ်သား ဖြစ်လေသည်။

ထိုနတ်သား၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် ရတနာ ခုနစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ခုနစ်ယူဇနာ ပမာဏ ရှိသော နတ်ရထားကြီးသည် ဖြစ်ပေါ်၍ လာလေသည်။ အထောင်မက များစွာသော နတ်သမီး အခြံအရံများလည်း ဖြစ်ပေါ်၍ လာလေသည်။

အသကမင်းကြီးသည် သားတော်၏ အလောင်းကို သင်္ဂြိုဟ် ပူဇော်ပွဲလုပ်၍ ရဟန်းအပေါင်းအားလည်း ကြီးစွာသော အလှူကို ပြုလုပ်သည်။ စေတီအားလည်း ပူဇော်လေသည်။

ထိုပူဇော်ပွဲသို့ လူများအပေါင်းလည်း လာကြသည်။ ရှင်မဟာကစ္စည်း မထေရ်သည်လည်း အခြံအရံနှင့်တကွ ထိုအရပ်သို့ ကြွတော်မူလေသည်။

နတ်သားသည် မိမိ၏ နတ်စည်းစိမ် ရရှိခံစားရပုံနှင့် ကောင်းမှုကို ဆင်ခြင်ကြည့်သည်။ ရှင်မဟာကစ္စည်း မထေရ် မြတ်၏ ပြုခဲ့ဖူးသော ကျေးဇူးကို အောက်မေ့မိသည်။

"ငါသည် မထေရ်မြတ်ကို ယခု သွား၍ ရှိခိုးပါအံ့။ သာသနာတော်၏ ဂုဏ်ကျေးဇူးကိုလည်း ထင်ရှားအောင် ပြုပါအံ့"

နတ်သားသည် မိမိရှိသော နတ်ရထားဖြင့် နတ်သမီး

www.dhammaransi.com



များစွာ ခြံရံကာ လူအများ မြင်စေရန် ထင်ရှားသော ကိုယ်ဖြင့် လာသည်။ လူအများမြင်စဉ် ရထားမှ ဆင်း၍ ရှင်မဟာကစ္စည်း၏ ခြေတော်အစုံကို ဦးတိုက်၍ ရှိခိုးသည်။ ခမည်းတော်မင်းကြီးကိုလည်း အစေ့အစပ်စကား ပြောကြားခြင်းကို ပြုကာ လက်အုပ်ချီ၍ နေလေသည်။

ရှင်မဟာကစ္စည်းသည် ထိုနတ်သားကို အများရှေ့မှာပင် မေးခွန်းကို မေးလေသည်။

"နေမင်းသည် အရပ်မျက်နှာတို့ကို လှည့်လည်၍ ထွန်းလင်း တောက်ပနေသလို သင်၏ ရထားကြီးသည် နေဗိမာန်နှင့် တူလှလေသည်။ သင်၏ ရထားကို ရွှေပြားဖြင့် ဖုံးလွှမ်းထားပါ၏။ လှည်း သံရင်းကို ပုလဲ၊ ပတ္တမြားတို့ဖြင့် အဆန်းတကြယ် ပြုလုပ်ထားပါ၏။ ရွှေ, ငွေ, ရတနာ, ကြောင်မျက်ရွဲဖြင့် ရထားကို စီခြယ်ထားသည်မှာ ရှုချင်စဖွယ် ရှိလှပါသည်။ ရထား၏ ဝက်စွယ်ရင်းကို ကြောင်လည်ရွဲဖြင့် ပြုလုပ် ဖန်ဆင်းအပ်ပါ၏။ ထမ်းပိုးကို ပတ္တမြားနီဖြင့် အဆန်းတကြယ် ပြုလုပ်ပြီး ရွှေတန်ဆာ ငွေတန်ဆာဖြင့် ဆင်ယင်ထားပါသည်။ ရထား၌ က,သောမြင်းတို့သည် စိတ်ကဲ့သို့ လျင်မြန်ပြီး ရှုချင်စဖွယ် တင့်တယ်သော အဿထိုရ်မြင်းတို့ ဖြစ်ပါသည်။ အခြံအရံကြီးသော နတ်သား၊ သင်သည် ရထားပေါ်၌ သိကြားမင်း တည်နေသကဲ့သို့ တည်နေပါ၏။ အလုံးစုံသော အရပ်ကို လွှမ်းမိုး၍

www.dhammaransi.com



တည်နေပါ၏။ အဘယ်သို့သော ကုသိုလ်ကံ အစွမ်းကြောင့် ဤမျှများမြတ်သော အခြံအရံကို ရပါသနည်း”

ထိုအခါ သုဇာတနတ်သားသည် မိမိဘဝဇာတ်ကြောင်းစုံကို ရှင်မဟာကစ္စည်းမထေရ်အား လျှောက်ထားပြလေသည်။

ထို့နောက် မထေရ်မြတ်ကို လက်ယာရစ် လှည့်လည်၍ ခမည်းတော်ကို ပန်ကြားပြီးလျှင် နတ်ရထားစီးကာ နတ်သမီးအခြံအရံများနှင့်အတူ နတ်ပြည်သို့ ပြန်လေသည်။

(မဟာရထဝဂ်၊ ရုဋ္ဌရထဝိမာနဝတ္ထု)

## ဖခင်ကို ပြန်လည်လာ၍ ဆုံးမသော မဋ္ဌကုဏ္ဍလီနတ်သား

သာဝတ္ထိမြို့ဝယ် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပြီးလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အနည်းငယ်သော ပစ္စည်းကို မပေးဘူး၍ ‘အဒိန္နပုဗ္ဗက’ အမည်ရှိသော ပုဏ္ဏားကြီးတစ်ယောက် ရှိလေသည်။

ထိုပုဏ္ဏားကြီးတွင် အလွန်တစ်ရာ ချစ်မြတ်နိုးရသော သားတစ်ယောက်ရှိသည်။ ထိုပုဏ္ဏားသည် သား ဝတ်ဆင်ရန် နားဋောင်းကို ပြုလုပ်ရာဝယ် ရွှေပန်းတိမ်အပ်က လက်ခ အဖိုးပေးရမည်ကို စိုးရိမ်ပြီး ရွှေတုံးကို မိမိဘာသာစပ်၍ ပြေပြစ်သော နားဋောင်းကို ပြုလုပ်ပြီး သားကို ပန်ဆင်ပေးခဲ့သည်။

www.dhammaransi.com



သို့အတွက် သားကိုလည်း 'မဋ္ဌကုဏ္ဍလီ' အမည်တွင်ခဲ့သည်။ ထိုသား အသက် (၁၆) နှစ်အရွယ်သို့ ရောက်သောအခါဝယ် ကိုယ်လက် ဖြော့တော့သော ပဏ္ဍုရောဂါသည် ဖြစ်လာသည်။ မိခင်သည် သား၏ အခြေအနေကို သိသောအခါ ပုဏ္ဏားကြီးကို သားရောဂါ ရနေပုံ အကြောင်းစုံကို ပြောပြသည်။ ဆေးဆရာပင့်၍ ကုသပေးရန် တိုက်တွန်းသည်။

"အို... ရှင်မ ဆေးဆရာကို ပင့်ခေါ်လျှင် ဆေးဖိုးဝါးခကို ပေးရလိမ့်မည်။ သင်သည် ငါ၏ဥစ္စာ ကုန်ဆုံးသည်ကို မကြည့်ဘူးလား"

"ဆေးဆရာကိုမှ ခေါ်၍ မပြသ မကုသလျှင် သားရောဂါကို အဘယ်သို့ ပြုမည်နည်း"

"ချစ်နှမ အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် ငါ၏ဥစ္စာမကုန်၊ ထိုအခြင်းအရာဖြင့် ပြုမည်"

ပုဏ္ဏားကြီးသည် ထိုသို့ ပြောပြီးလျှင် ဆေးဆရာထံသို့ သွားကာ 'ဤမည်သော ရောဂါမျိုးဖြစ်က အသင်တို့ အဘယ်သို့သော ဆေးကို ပေး၍ ကုသပါသလဲ' ဟု မေးသည်။ ဆေးဆရာကလည်း ဆေးမြစ်၊ ဆေးဥတို့၏ အမျိုးအမည်ကို ပြောပြသည်။

ပုဏ္ဏားကြီးသည် ဆေးဆရာပြောသော ဆေးမြစ်၊ ဆေးဥ ဆေးနည်းတို့ကို မှတ်သားပြီးလျှင် ကိုယ်တိုင် တောသို့ဝင်ကာ

www.dhammaransi.com



လိုအပ်သော သစ်မြစ်၊ သစ်ဥတို့ကို ရှာဖွေ တူးဖော်သည်။ အိမ်ရောက်သော် ထုထောင်း ဖျော်စပ်၍ သားကို တိုက်ကျွေးလေသည်။

သို့သော် သား၏ ရောဂါသည် မသက်သာလာပါ။ တဖြည်းဖြည်း တိုးသထက် တိုးလာသည်။ ပုဏ္ဏားကြီးကိုယ်တိုင် ကုစား၍ မရတော့ပေ။ သားသည် တဖြည်းဖြည်း အားနည်းလာသည်ကို သိ၍ ဆေးဆရာတစ်ယောက်ကို ပင့်ကာ ခေါ်ပြလေသည်။

ဆေးဆရာသည် လူနာကို လာရောက်ကြည့်သည်။ ရောဂါကျွမ်းသည်ကို သိ၍ မကုသနိုင်တော့သောကြောင့် -

"ငါတို့မှာ အခြားပြုဖွယ်ကိစ္စ ရှိသေးသည်။ အခြားဆရာကို ပင့်၍ ကုစားပါလေ"

ဟုဆိုကာ ဆေးဆရာက စွန့်ခွာသွားလေသည်။

ပုဏ္ဏားကြီးသည် သားငယ်၏ သေအံ့မူးမူး ဖြစ်နေသော အခြေအနေကို သိရှိ ရိပ်မိသွားသည်။

"ဤသူငယ်အား ကြည့်ရှု သတင်းမေးခြင်းငှာ များစွာသော သူတို့သည် လာကုန်သည်ရှိသော် ငါ့အိမ်အတွင်း၌ သိမ်းဆည်းထားသော ပစ္စည်းဥစ္စာများကို မြင်ကြပေလိမ့်မည်။ သူငယ်ကို အိမ်ပြင်သို့ ထုတ်ထားမှ သင့်မည်"

ပုဏ္ဏားကြီးသည် ဤသို့ ကြံစည်ပြီးလျှင် သားငယ်ကို အိမ်ဦးအပြင်၌ ထုတ်၍ထားလေသည်။

www.dhammaransi.com



ထိုနေ့ နံနက်မိုးသောက်သော် ဘုရားရှင်သည် မဟာကရုဏာသမာပတ်မှ ထ၍ လောကကို ကြည့်ရှုသည်ရှိသော် အိမ်ဦးကြမ်း၌ ပြင်းပြသော ရောဂါဝေဒနာကို ခံစားနေရသော မဋ္ဌကုဏ္ဍလီကို ဘုရားရှင်၏ ဒိဗ္ဗစက္ခုညာဏ်တော် ကွန်ယက်အတွင်း၌ ထင်လာသည်။

'ငါဘုရား ကြွသွားသဖြင့် ဤသတို့သားအား အကျိုးစီးပွားသည် ရှိလတ္တံ့လော'ဟု ဘုရားရှင်က ဆင်ခြင်ကြည့်သည်။

မဋ္ဌကုဏ္ဍလီသည် ဘုရားကို ကြည်ညိုစိတ်ဖြစ်၍ သေပြီးနောက် တာဝတိံသာ နတ်ပြည်၌ နတ်သမီး တစ်ထောင် အခြံအရံရှိသော နတ်သားဖြစ်မည်ကို လည်းကောင်း၊ ဖခင်ကို လာရောက် ဆုံးမမည့် အဖြစ်ကိုလည်းကောင်း၊ မိမိသည် နတ်သားနှင့် ပုဏ္ဏားကို တရားဟောရ၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ အကျွတ်တရား ရမည်ကိုလည်းကောင်း သိရှိတော်မူလေသည်။

ထို့ကြောင့် ဘုရားရှင်သည် နံနက်စောစော ရဟန်းအပေါင်း ခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူလေသည်။

ဘုရားရှင်သည် အစဉ်အတိုင်း ကြွလာရာ အဒိန္နပုဗ္ဗကပုဏ္ဏားအိမ်ရှေ့ တံခါးဝသို့ ရောက်လာသည်။ ထိုအချိန်ဝယ် မဋ္ဌကုဏ္ဍလီသည် အိမ်တွင်းသို့ ရှေ့ရှု ကြည့်နေသော အခိုက်

www.dhammaransi.com



ဖြစ်နေ၍ ဘုရားရှင်ကို မမြင်ပေ၊ ဘုရားရှင်က ရောင်ခြည်တော် ကွန်ယက်ကို လွှတ်တော်မူသည်။

'ဤရောင်ကား အဘယ်ရောင်နည်း'

မဋ္ဌကုဏ္ဍလီသည် ပြင်းပြစွာ ရောဂါဝေဒနာ ခံစားရင်း ပြန်လှန် လျောင်းလျက်ပင် ကြည့်ရှုသည်။ မြတ်စွာဘုရားကို ထင်ရှားစွာ ဖူးတွေ့ရ၍ -

'ငါသည် အလွန်တစ်ရာ မိုက်မဲသော အဖကို မှီရခြင်းကြောင့် ဤသို့သဘောရှိသော မြတ်စွာဘုရားကို ညွှတ်တွားဆည်းကပ်လျက် ကိုယ်ဖြင့် အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းငှာလည်းကောင်း၊ ဒါတပ္ပဝတ္တုကို ပြုစုပေးလှူခြင်းငှာ လည်းကောင်း၊ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသော ဘုရားရှင်၏ တရားကို ကြားနာရခြင်းငှာလည်းကောင်း အခွင့်ကိုမရ။ ယခုခါ ရောဂါဗျာဓိ ပြင်းစွာဖိ၍ မချိဒုက္ခ ခံစားရသော ငါသည် နှစ်ဖြာထွေးယှက် လက်အုပ်ချီမိုး ရှိခိုးခြင်းမျှ မပြုနိုင်သဖြင့် တစ်ပါးသောအမှု ပြုဖွယ် မရှိချေ။

ဟု စိတ်တွင် ဆင်ခြင်မိပြီး စိတ်ကို ဘုရား၌ ကြည်ညိုစေခြင်း ဖြစ်စေပြီး လက်အုပ်ချီလိုက်သည်။

'ဤလုလင်ကား ဤမျှသော စိတ်ကြည်ညိုခြင်းဖြင့် သင့်လျော် လျောက်ပတ်လောက်ပြီ'

ဘုရားရှင်သည် ဤသို့ နှလုံးသွင်းပြီး ကြွသွားတော်မူသည်။

www.dhammaransi.com



မဥ္စကုဏ္ဍလီသည် ဘုရားရှင် ကြွသွားသည်ကို တစိုက်မတ်မတ် ကြည့်နေပြီး ဘုရားရှင် ကွယ်သွားသောအခါ စုတိမနေ သေလွန်လေသည်။ တာဝတိံသာ နတ်ပြည်ဝယ် အိပ်သောယောကျာ်း နိုးသောလားကဲ့သို့ ဖြစ်ပြီး ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သား ဖြစ်ရလေသည်။

ဖခင် အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးသည် သားအလောင်းကို ကောင်းစွာ သင်္ဂြိုဟ်သည်။ ထို့နောက် သုသာန်သချိုင်းသို့ နေ့စဉ်သွားပြီး –

“အို ... တစ်ယောက်တည်းသော ငါ့သားကလေး၊ ဖခင်ကို စွန့်ထားလျက် အဘယ်အရပ်သို့ သွားနေပါသနည်း”

ဟု မြေကြီး၌ လျောင်းကာ လူးကာ ငိုကြွေးလေသည်။

မဥ္စကုဏ္ဍလီ နတ်သားသည် မိမိ၏ စည်းစိမ်ချမ်းသာကို ဆင်ခြင်ကြည့်သောအခါ မြတ်စွာဘုရား၌ ကြည်လင်ညွတ်ရှိုင်းသော စိတ်ကြောင့် ရှင်ပျော်ခံစားရသည်ကို သိသည်။ ဖခင်ကြီး သုသာန်၌ လာရောက် ငိုနေသည်ကိုလည်း သိသည်။

“ဤဖခင်ဖြစ်သော ပုဏ္ဏားသည် ငါ့အား မချမ်းမသာ ရောဂါဖြစ်ပွားစဉ်အခါ ဆေးကုသခြင်း အမှုကိုမျှမပြု၊ မကြည့်ရှုအံ့။ ယခုမှ သချိုင်းသို့လာ၍ ငိုဘိသည်။ ထိုပုဏ္ဏားအား ဖောက်ပြန်သော အခြင်းအရာ ရောက်အောင် ပြုခြင်းငှာအပ်၏”

ဟု ကြံ၍ မဥ္စကုဏ္ဍလီ သတို့သား အသွင်ဖြင့် လာ၍

www.dhammaransi.com



သုသာန်အနီး၌ လက်မောင်းနှစ်ဖက်ကို မြှောက်ပင့်လျက် လွန်စွာ ငိုကြွေး၍ ရပ်တည်နေသည်။

အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ထိုသူငယ်ကို မြင်၍ -

'ငါသည်ကား (၁၆) နှစ်ရွယ် သားသူငယ် ကွယ်လွန်ခဲ့၍ ဝမ်းနည်းပူဆွေးစွာ ငိုကြွေးနေရ၏။ ဤသူငယ်သည် အဘယ်ကိစ္စကြောင့် ဤမှာ လာပြီး ငိုကြွေး ပူဆွေးနေရသတိ သနည်း'ဟု စဉ်းစားပြီး ထိုသူငယ်အနားသို့ သွားသည်။

"ငါ၏ သေလွန်သွားသော သားနှင့် တူလှစွာသော သူငယ်၊ အဘယ်ကြောင့် ဤနေရာ၌ ပြင်းစွာ လာငိုနေရပါသလဲ"

"အသင်ပုဏ္ဏား၊ အသင်၏သားနှင့် တူသည်ဆိုသော ငါ့တွင် အရောင်တောက်ပလှပသော ရထားအိမ်တစ်ခု ရှိပါသည်။ ထိုရထားအိမ်၌ ရထားဘီး မရှိပါ။ ထိုလှည်းဘီးများ မရ၍ ငိုကြွေးနေရပါသည်"

"အိုလုလင်၊ သင်သည် ရွှေ၊ ငွေ၊ ပတ္တမြား၊ သံ၊ လှည်းဘီးတို့တွင် အဘယ်လှည်းဘီးကို လိုချင်ပါသလဲ။ ငါ့သား နှင့် တူသည့်အတွက် ငါဖခင် ပြုလုပ်ပေးပါမည်"

ပုဏ္ဏား၏ ထိုစကားကို ကြားသောအခါ နတ်သား သည် -

'ဤပုဏ္ဏားသည် သားမကျန်းမာစဉ်ကတော့ ငွေကုန်မှာကြောက်၍ ဆေးကုမပေးခဲ့၊ ယခုတော့ သားနှင့် တူသည်

www.dhammaransi.com



ဟုဆိုကာ စေတနာကောင်းပြီး ရွှေ, ငွေ, ပတ္တမြား လှည်းဘီး တောင် လုပ်ပေးမည်ဟု ပြောနေသည် ရှိစေဦး၊ ထိုပုဏ္ဏားကို ထင်ရှားအောင် နှိပ်ပြဦးအံ့’ဟု ကြံစည်ပြီး မေးခွန်း ဆက်မေးသည်။

“အသင်ပုဏ္ဏား၊ ငါ့အား အဘယ်မျှလောက်သော လှည်းဘီးအစုံကို ပြုလုပ်ပေးမည်နည်း”

“လုလင်၊ အသင်လိုချင်သော လှည်းဘီးပမာဏကို လုပ် ပေးပါမည်”

“ပုဏ္ဏားကြီး၊ ကောင်းကင်၌ ထွန်းလင်း တောက်ပနေ သော နေနှင့်လ အပိုင်းနှစ်ခု ရှိပါသည်။ ထိုလ, နေ တို့ကို ရထားဘီး ပြုလုပ်က ကျွန်ုပ်ရထားသည် သိပ်လှသွားပါမည်။ သို့အတွက် ထိုကောင်းကင်၌ လ, နေ ရထားလှည်းဘီးအတွက် လိုချင်ပါသည်”

“အမောင်လုလင်၊ ကမ္ဘာ့တန်ဆာ နေနှင့်လကို ရထား လှည်းဘီး လုပ်လို၍ သင်တောင့်တသည်မှာ အလွန်မိုက်မဲရာ ကျလေသည်။ လ, နေတို့ကို တောင့်တ၍ သင်သာ အသက် သေသွားပါမည်။ လ, နေတို့ကို ရဖို့ မလွယ်ပါ”

“ပုဏ္ဏား၊ လ, နေ တို့ကို တောင့်တသော ငါနှင့် မိမိ လည်းမရ၊ အရိပ်မျှမထင်၊ မမြင်သော အရာကို အခါခါ တောင့်တပြီး ငိုကြွေးနေသော သင်သည် အဘယ်သူက ပို၍ မိုက်မဲရာကျပါသနည်း”

www.dhammaransi.com



'ဤလုလင်သည် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော စကားကိုသာ ပြောကြားလေသည်'ဟု နှလုံး သွင်းမိသော ပုဏ္ဏားကြီးသည် သတိတရားရ၍ ဤသို့ ပြောပြန်သည်။

"အမောင်လုလင်၊ သင်သည် မှန်ကန် ကောင်းမြတ်သော လျောက်ပတ်သော စကားကို ဆိုဘိ၏။ ကောင်းကင်မှာ လ, နေတို့ကို တောင့်တလေဘိသကဲ့သို့ သေလွန်၍ မတွေ့မမြင်ရသော သားကို တောင့်တသော ငါသည် အမှန် မိုက်မဲရာကျပါသည်။

"မောင်လုလင် ထောပတ်ဆီလောင်းသွန်းသော အရှိန်ကြောင့် တထိန်ထိန် ဦးတက်ကြွကာ တောက်ပနေသော မီးလျှံကို ချမ်းအေးသော ရေဖြင့် သွန်းလောင်း၍ ငြိမ်းဘိသကဲ့သို့ သေလွန်သော သားငယ်ကြောင့် သောကမီး လောင်မြိုက်ခံနေရသော ငါ့အား တရားစကားတည်းဟူသော ရေစင်ဖြင့် သွန်းလောင်း၍ ငြိမ်းစေဘိသည်။ သားငယ် သေလွန်သောဝန်ကြောင့် နှလုံးဝမ်း၌ စိုက်စူးမူးနေသော သောကမြားကဲ့သို့သော ဆင်းရဲကို လုလင်က နုတ်ပယ်ပေးသောကြောင့် ငါ ချမ်းသာရာ ရပေသည်။ အသင်၏ တရားစကားကြောင့် သားအပေါ်၌ စွဲလမ်းသော သောက ငြိမ်းအေးရပါသည်။ ယနေ့မှ စ၍ ငါသည် သောက ပူဆွေးငိုကြွေးခြင်း မပြုတော့ပါ။

"အမောင်လုလင်၊ သင်သည် စတုမဟာရာဇ် နတ်မင်း ပါလော။ တူရိယာ အရပ်ရပ်တို့ကို တတ်မြောက်သော ဂန္ဓဗ္ဗ

www.dhammaransi.com



နတ်မျိုးပါလော။ ဒါမှမဟုတ် သိကြားမင်းပါလော။ ဒါမှမဟုတ် လူသားစစ်စစ် ဇကန် ဖြစ်ပါသလော"

"အို ... ပုဏ္ဏား၊ သင်သည် သားငယ် သေသောကြောင့် ဤသချိုင်း၌ သားငယ်ကို စွဲသော သောက အပူမီးဖြင့် လာရောက် ငိုနေပါသည်။ ထိုသားငယ်သည် ကိုးကွယ် ဆောက်တည်ရာ ကောင်းစွာပြုအပ်သော တစ်ခုသော ကောင်းမှုကြောင့် ယခု တာဝတိံသာ နတ်ပြည်၌ ဖြစ်ရသော အသင့်သား မဋ္ဌကုဏ္ဍလီ သည် ငါပင် ဖြစ်ပါသည်"

"လုလင်၊ အနည်းငယ်သော ဝတ္ထုပစ္စည်း၊ များစွာသော ဝတ္ထုပစ္စည်းများ လှူဒါန်းပေးမှုမရှိ၊ ဥပုသ်သီတင်း စောင့်သုံးမှု လည်း မရှိသော သင်သည် အဘယ်ကဲ့သို့သော ကံအကျိုး ဆက်ဖြင့် အထက်နတ်ပြည်သို့ သွားရောက် ခံစားရပါသနည်း"

ထိုအခါ နတ်သားက မိမိသည် မဋ္ဌကုဏ္ဍလီ ဘဝ ရောဂါ ခံစားနေရစဉ် ဘုရားရှင်ကို ကြည်ညိုသော စိတ်ဖြင့် ရှိခိုး ကန်တော့ခဲ့သော ကုသိုလ်ကြောင့် နတ်ပြည်၌ ခံစားရပုံ အကြောင်းစုံကို ပြောပြလေသည်။

"အို ...လုလင်၊ သင်သည် ဘုရားရှင်ကို လက်အုပ်ချီ ရုံမျှဖြင့် ဤမျှသော အကျိုးကို ခံစားရသည် ဆိုသည်မှာ အလွန် အံ့ဩချီးမွမ်းဖွယ် ကောင်းလှပါသည်။ ဤအဖြစ်မျိုးသည် မဖြစ်ဖူးဘဲ အံ့ဩဖွယ်ကြီး တစ်ပါးပင် ဖြစ်ပါသည်။ လုလင်

www.dhammaransi.com



ငါသည် ယနေ့မှစ၍ ဘုရားရှင်ကို ဆည်းကပ် ကိုးကွယ်ပါတော့မည်”

“ပုဏ္ဏား၊ သင်သည် နှစ်သက် ကြည်ညိုလေးမြတ်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ပါ။ သူ့အသက် မသတ်ခြင်း ၊ သူ့ဥစ္စာ မခိုး ခြင်း၊ သူ့သားမယား မပြစ်မှားခြင်း၊ လိမ်ညာ မပြောဆိုခြင်း၊ သေရည်သေရက် မသောက်ခြင်းဟူသော ငါးပါးသီလကိုလည်း မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်ပါလော့”

“နတ်မင်း၊ သင်သည် ငါ၏ အကျိုးစီးပွား တိုးတက်ခြင်းကို အလိုဆန္ဒ ရှိပေသည်။ ငါသည် သင်၏စကားကို ရိုသေစွာ လိုက်နာပါမည်။ သင်သည် ကျိုးကြောင်း ညွှန်ပြသော ငါ၏ဆရာ ဖြစ်ပါသည်။ ငါသည် ဘုရား စသော ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်၍ ငါးပါးသီကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပါမည်”

“အသင်ပုဏ္ဏား၊ သင်၏အိမ်၏ ဥစ္စာ ရွှေ, ငွေ ရတနာများစွာ ရှိပါသည်။ သင်သည် ဘုရားရှင်ထံ ဆည်းကပ်၍ ဒါနကို စွမ်းနိုင်သမျှ ပြုပါ။ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော တရားတော်ကို မပြတ် အားထုတ်၍ နာပါ၊ အမေးပုစ္ဆာတို့ကိုလည်း မေးပါလော့”

နတ်သားသည် ဤသို့ တိုက်တွန်းစကား ပြောဆိုပြီးလျှင် ထိုနေရာမှ ကွယ်လေသည်။

www.dhammaransi.com



နတ်သား ကွယ်ပျောက်သော် ပုဏ္ဏားကြီးသည် အိမ်သို့ လျင်မြန်စွာ ပြန်၍ ပုဏ္ဏေးမကို ခေါ်ကာ –

"ရှင်မ၊ ငါသည် ရဟန်းဂေါတမကို ပင့်ဖိတ်၍ ပြဿနာကို မေးမည်။ ပူဇော်သက္ကာရကိုလည်း ပြုပါမည်"

ဟု ပြောဆိုခဲ့ပြီးလျှင် ဘုရားရှိရာ ဇေတဝန်ကျောင်းသို့ လိုက်သွားပြီးနောက် နေ့ဆွမ်းကို ဖိတ်ကြားလေသည်။

ဘုရားရှင်ကလည်း သည်းခံတော်မူ၍ နောက်နေ့တွင် ရဟန်းအပေါင်း ခြံရံလျက် ပုဏ္ဏားအိမ်သို့ ဆွမ်းစား ကြွလေသည်။ အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ကောင်းစွာ စီမံထားသော ဆွမ်းဘောဇဉ်တို့ဖြင့် ဘုရား အမှူးရှိသော သံဃာတော်များကို ကောင်းမွန်စွာ ပြုစုလုပ်ကျွေးလေသည်။

ထိုဆွမ်းကျွေးပွဲသို့ မိစ္ဆာဒိဋ္ဌိ အမှူးရှိသော ဘုရားနှင့် သမ္မာဒိဋ္ဌိ အယူရှိသော သူတို့သည် စုရုံးရောက်လာကြသည်။

"ယနေ့ ရဟန်းဂေါတမကို အမေးပုစ္ဆာ ပြဿနာပြု လျက် ညှဉ်းပန်းအပ်သည်ကို ငါတို့ ကြည့်ကြကုန်အံ့"

ဟူသော အကြံဖြင့် မိစ္ဆာဒိဋ္ဌိ အယူရှိသူ တို့က လာရောက် စုဝေးကြခြင်း ဖြစ်သည်။

"ယနေ့ မြတ်စွာဘုရား၏ တင့်တယ်ခြင်းကို ကြည့်ရှုကြ ကုန်အံ့" ဟု သမ္မာဒိဋ္ဌိ အယူရှိသူတို့က စုဝေး ရောက်လာကြသည်။

ဆွမ်းစားပြီးသောအခါ ပုဏ္ဏားကြီးသည် ဘုရားရှင်ရှေ့ သို့ သွားရောက် ထိုင်ပြီးလျှင် –

www.dhammaransi.com



"အရှင်ဂေါတမ၊ အသင်တို့အား တစ်စုံတစ်ရာ၊ တစ်ခုမျှ မပေးလှူဖူး၊ သီလလဲ မဆောက်တည်ဖူးဘဲ တရားလဲ မနာဖူးပါဘဲလျက် သက်သက် စိတ်၏ ကြည်ညိုကာ မေတ္တာမျှဖြင့် နတ်ပြည်၌ ဖြစ်ရသောသူ ရှိဖူးပါသလော" ဟု မေးခွန်းထုတ်လေသည်။

"ပုဏ္ဏား၊ ငါ့ကို အသင်သည် အဘယ်ကြောင့် မေးလေဘိသနည်း။ သင်၏သား မဋ္ဌကုဏ္ဍလီသည် ငါ့ကို ကြည်ညိုပြီး နတ်ပြည်၌ ဖြစ်ရသည်ကို အသင့်အား ပြောဆိုသွားပြီး မဟုတ်ပါလော"

"အရှင်ဂေါတမ အဘယ်ခါ ကာလ၌ ဆိုခဲ့ပါသနည်း"

ထိုအခါ ဘုရားရှင်က မဋ္ဌကုဏ္ဍလီနတ်သားနှင့် ပုဏ္ဏားတို့၏ တွေ့ဆုံပုံ ဖြစ်ပျက်စုံရာ အကြောင်းစုံကို ပြန်လည် မိန့်ကြားတော်မူသည်။

"အို ... ပုဏ္ဏား၊ ငါဘုရား၌ စိတ်ကို ကြည်ညိုစေသည်ဖြစ်၍ နတ်ပြည်၌ ဖြစ်ကြကုန်သော သူတို့သည် ဤမျှအတိုင်းအရှည်ရှိသော တစ်ရာ နှစ်ရာတို့ဟူ၍ ရေတွက် ပိုင်းခြား၍ပင် မရနိုင်ပါ"

ထိုအခါ စုဝေးရောက်လာသောသူတို့သည် နှလုံးနှစ်ခွ စိတ်ဒွိဟ ဖြစ်ကြပြီး ယုံမှားခြင်း ရှိကြလေသည်။ ထို ယုံမှားခြင်း ဖြစ်ကြသည်ကို ဘုရားရှင်သည် သိတော်မူ၍ -

www.dhammaransi.com



"မဋ္ဌကုဏ္ဍလီ နတ်သားသည် ခြွေရံ စည်းစိမ်နှင့်တကွ လာရောက်စေသတည်း" ဟု အမိန့်ရှိတော်မူသည်။

မဋ္ဌကုဏ္ဍလီ နတ်သားသည် နတ်ဝတ်တန်ဆာတို့ဖြင့် သုံးဂါဝုတ်မျှ ပမာဏရှိသော ခန္ဓာကိုယ်ဖြင့် ဗိမာန်နှင့်တကွ ရောက်လာသည်။ ဗိမာန်မှ ဆင်း၍ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်သော အရပ်၌ နေလေသည်။

"အို ... နတ်သား၊ သင်သည် ကောင်းကင်အလယ်၌ သောက်ရှူးကြယ်ကဲ့သို့ နှစ်လိုဖွယ် အဆင်းသဏ္ဌာန် အလျှံလျှံ လျှပ်တို့ဖြင့် အရပ် (၁၀) မျက်နှာတို့ကို ရောင်ဝါရွှန်းရွှန်း ထွန်းလင်း၍ တည်ဘိ၏။ ကြီးသော အာနုဘော်ရှိသော အို နတ်သား ... အသင်အား လူများစွာတို့ ကောင်းစွာ သိရှိအောင် ငါဘုရားသည် မေးပါ၏။ သင်သည် ရှေးလူ့ဘဝက အဘယ် ကောင်းမှုကို ပြုစု ဆည်းပူးခဲ့ပါသနည်း။ အဘယ် ကောင်းမှုကြောင့် ဤမျှသော စည်းစိမ်ကို ခံစားရပါသနည်း"

"မြတ်စွာဘုရား ... တပည့်တော် ဤကဲ့သို့ စည်းစိမ်ချမ်းသာ ခံစားရခြင်းသည် အရှင်ဘုရားတို့၌ စိတ်ကို ကြည်စေသော ကောင်းမှုကံကြောင့် ရွှင်ပြုံး ပျော်ပါး ခံစားရပါသည် ဘုရား"

"သင်သည် ငါဘုရားကို ကြည်ညိုစေခြင်းကြောင့် ဤ စည်းစိမ်ချမ်းသာကို ရသလော"

www.dhammaransi.com



ဟု ဘုရားရှင်က ထပ်မံမေးသည်။

"မှန်လှပါသည် ဘုရား"

ထိုနတ်သား၏ စကားကို ကြားရသောအခါ များစွာသော လူအပေါင်းသည် ထိုနတ်သားကို ကြည့်လျက် အလွန် အံ့ဩဖွယ် ရှိပေစွ၊ အလွန် အံ့ဩဖွယ် ရှိပေစွဟု ဆိုမြည်တမ်းကြသည်။

"မြတ်စွာဘုရားရှင် ဂုဏ်ကျေးဇူးတော်တို့သည် အလွန် အကျူး အထူး ချီးမွမ်းဖွယ်ကြီးပါတကား၊ အဒိန္နပုဗ္ဗက ပုဏ္ဏား၏သား မဋ္ဌကုဏ္ဍလီသည် တစ်ပါးသောကုသိုလ် မပြုဘဲ မြတ်စွာဘုရားရှင်ကို ကြည်လင်ဖွယ်သော စိတ်ကို ဖြစ်စေခြင်းကြောင့် ဤသို့သဘောရှိသော နတ်စည်းစိမ်ချမ်းသာကို ရွှင်ပျော်စွာ ခံစားရသည်"

ဟု ချီးမွမ်း ပြောဆိုကြလေသည်။

"ကုသိုလ်၊ အကုသိုလ်တို့ကို စီမံ အားထုတ်ပြုလုပ်သောအရာ၌ စိတ်သာလျှင် မြတ်၏။ ကြည်ညို မြတ်နိုးသော စိတ်ဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် နတ်ပြည်သို့လည်းကောင်း၊ လူ့ပြည်သို့လည်းကောင်း ပြောင်းရွှေ့ရသော ပုဂ္ဂိုလ် သို့ အရိပ်တမျှ ပမာဏကဲ့သို့ မိမိကိုယ်ကို မစွန့်ဖူး၍ ထပ်ကြည့်မကွာ အစဉ်တစိုက် လိုက်ပါသတည်း"

ဟု ဟောတော်မူသည်။

www.dhammaransi.com



ထို့နောက် ရဟန်းများကို ဤသို့ ဟောကြားပါသည်။

“ရဟန်းတို့ နာမက္ခန္ဓာ တရားသုံးပါးတို့သည် ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်း ရှိပါ၏။ စိတ်သာလျှင် အမြတ်တန်း ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ အကယ်၍ သဒ္ဒါ အစရှိသည်တို့ကြောင့် ကြည်လင်သော စိတ်ဖြင့် အမှတ်မထင် တစ်စုံတစ်ခု တစ်ယောက်သောသူသည် ပြောဆို ပြုလုပ်ကြံစည်သည် ရှိသော် ထိုပြောဆို ပြုလုပ် ကြံစည်သည်နောက်သို့ အရိပ်သည် အစဉ်လိုက်ပါသကဲ့သို့ လူ, နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသည် ထိုပုဂ္ဂိုလ်သို့ အစဉ်လိုက်ပါ၏”

(ဓမ္မပဒ မဋ္ဌကုဏ္ဍလီ)

✍ ✍ ✍

www.dhammaransi.com

# အခန်း(၄)

# နတ်ပြည်ရောက် သေရွာပြန်များ

## ဝိညာဉ်မချုပ်ခင် နတ်ပြည်ဝင်ခဲ့သော မောင်ကံ

ကစ္စနားသည် မြန်မာပြည်တွင် မွေးဖွားခဲ့သော ဟိန္ဒူ အမျိုးသားတစ်ဦး ဖြစ်သည်။ မိဘက ရိုးရာဟိန္ဒူဘာသာ ဝင်ဖြစ်ခဲ့သော်လည်း မိမိသည် ငယ်စဉ်က လေးအိမ်စုကျောင်း ဆရာတော်ထံတွင် စာသင်ခဲ့ဖူး၍ ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သည်။

မိမိဘဝ အရွယ်ရောက်သည့်တွင် ရိုးရာအရ အိမ်ထောင် ပြုပြီး မိဘရိုးရာလယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ သို့သော် လူ့လောက လူ့ဘဝ ကြမ္မာဟူသည် မမျှော်လင့်သော အကုသိုလ်ဝင်တတ်သည့် အားလျော်စွာ ၁၉၄၉-၅၀-ခုနှစ် ပြည်တွင်းသောင်းကျန်းမှု စစ်ပွဲတွင် ကစ္စနားတို့ မိသားစု အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးသည် ဆန်ကော တွင်ထည့်သော ဇီးဖြူသီးကဲ့သို့ အလူးအလိမ့်ခံကြရသည်။

www.dhammaransi.com



အဆိုးဆုံးထဲတွင် ကစ္စနားတို့ မိသားစုပါဝင်ခဲ့သည်။ ပြည်တွင်းစစ်၏ အထွတ်အထိပ် နာမည်ကျော်အကြမ်းဖက် ကေအင်ယူတို့၏ ဖြူးလူသတ်ပွဲတွင် ကစ္စနား မိသားစုလည်း ပါဝင်သွားခဲ့သည်။ ကစ္စနားသော်မှ တစ်နေရာရောက်နေ၍ အသက်ဘေးမှ လွတ်ခဲ့သည်။

ကစ္စနားသည် ဖြူးမြို့သို့ အစိုးရတပ်မှ ပြန်သိမ်းပိုက်သော အခါ အခြားသူများနှင့်အတူ ပြန်ဝင်လာခဲ့သည်။ မိသားစု တစ်ခုလုံး အသေဆိုးနှင့် သေဆုံးခဲ့ရသည့်အတွက် ကစ္စနားအဖို့ ဆောက်တည်ရာမရ ရှိခဲ့သည်။ အလုပ်ကလည်း မည်မည်ရရ မရှိ။ ဘဝတွင် ဆက်လက်နေလိုသော စိတ်ပင် ကုန်ခန်းသည်အထိ ဖြစ်ခဲ့ရသည်။

တစ်နေ့ စိတ်ပျက်ပျက်နှင့် ကားလမ်းအတိုင်း မြို့တောင် ဘက်သို့ ထွက်ခဲ့သည်။ ငှက်ပျောတော ဥယျာဉ်ကြီး သရက်ပင်နှင့် သစ်သီးပင်တို့ဖြင့် ငြိမ်သက်တိတ်ဆိတ်နေသော ကျောင်းဝင်းကြီး တစ်ခုကို တွေ့ရ၍ စိတ်အလိုရ ဝင်သွားမိသည်။ ထိုကျောင်း ကြီးသည် ဒက္ခိဏာရုံကျောင်းတိုက်ဟူသော ကျောင်းတိုက်ကြီး ဖြစ်သည်။

ဆရာတော် သံဃာတော်များသည် ပြည်တွင်းစစ်ရှောင်ရာမှ ယခုပြန်ရောက်စဖြစ်၍ ရဟန်းသံဃာတော် သိပ်မရှိသေးပေ။ ကစ္စနားသည် ကျောင်းထဲဝင်ပြီး ကျောင်းဝင်းအတွင်း တံမြက်စည်း လှည်းနေသော ကျောင်းထိုင်ဘုန်းကြီးကို ဝင်ရောက်ဖူးမြော်သည်။

www.dhammaransi.com



ဆရာတော်မှာ ဖြူးမြို့ကို ကေအင်ယူများ သိမ်းစဉ်က ပိန္နဲကုန်းရွာဘက်သို့ အတူတူထွက်ပြေးခဲ့သော ဆရာတော်ဖြစ်ပြီး မိမိကပင် ဆွမ်းအုပ်ပို့ခဲ့ဖူးသော ဆရာတော် ဖြစ်နေသည်။

ဆရာတော်ကို ဖူးမြော်ပြီး ဆရာတော်က အကြောင်းကိစ္စမေးသောအခါ မိမိဘဝဇာတ်ကြောင်းကို လျှောက်ထားပြရသည်။

မိမိဘဝကိုလည်း ဤကျောင်းဝင်းထဲ၌နေပြီး ကျောင်းဝေယျာဝစ္စ လုပ်လိုသော ဆန္ဒဖြစ်ပေါ်ခံစားမိသည်။

သို့အတွက် ဆရာတော်ကို ဤကျောင်းမှာနေပြီး ဝေယျာဝစ္စပြုလုပ်ခွင့် တောင်းပန်လျှောက်ထားရသည်။

ဆရာတော်ကလည်း မေတ္တာကရုဏာစိတ်ထားပြီး ကစ္စနားကို နေခွင့်ပြုသည်။ ကစ္စနားသည် ဆရာတော်ထံမှ ခွင့်ပြုချက်ရသောအခါ ကျောင်းမှာပင်နေပြီး ဆရာတော်ကို ဆွမ်းချက်ကပ်သည်။ ကျောင်းဝေယျာဝစ္စများကို ပြုလုပ်သည်။ သံဃာတော်များ သုံးဆောင်ရန် ရေဝတ်ကိုအမြဲပြုသည်။ ကျောင်းတွင်းရှိ ငှက်ပျောပင်တောကို သန့်ရှင်းရေးပြုလုပ်သည်။ မြက်ပေါင်းပင်များကို သန့်ရှင်းပေးသည်။ ငှက်ပျောတောမှထွက်သော ငှက်ပျောသီးတို့ကို မှည့်အောင်အုပ်ပြီး သံဃာတော်များကို ကပ်လှူသည်။ ပိုလျှံသော ငှက်ပျောသီးတို့ကို နဝကမ္မ ဝေယျာဝစ္စအတွက် ဆောင်ရွက်စီမံပေးခဲ့သည်။

www.dhammaransi.com



ဤသို့ဖြင့် ကစ္စနားသည် ဒက္ခိဏာရုံစာသင်တိုက်ဝယ် ကပ္ပိယကောင်းကြီး တစ်ဦးဖြစ်လာသည်။ သံဃာတော်များက ကစ္စနားကို မြန်မာနာမည် မောင်ကံဟူ၍ ခေါ်ကြသည်။ ဒက္ခိဏာရုံ စာသင်တိုက်ဝယ် စာသင်သားသံဃာတော်များ တဖြည်းဖြည်း တိုးတက် များပြားလာသလို ကပ္ပိယကြီး မောင်ကံ၏ ဝေယျာဝစ္စ ကုသိုလ်အလုပ်ကလည်း များလာသည်။ မောင်ကံသည် အသက် ကလည်း ကြီးလာပြီဖြစ်၍ သံဃာ့ဝေယျာဝစ္စအားလုံးကို မလုပ် နိုင်တော့၍ ဆရာတော်ကပင် သံဃာတော်များကို အလှည့်ကျ ကူညီဆောင်ရွက် လုပ်ကိုင်စေခဲ့ပါသည်။

အသက်ကြီးလာသော မောင်ကံသည် ကျန်းမာရေးက ချို့ယွင်းလာသည်။ ထိုကာလမှာပင် မောင်ကံ၏တူတစ်ယောက် မောင်ကံကို ပြုစုစောင့်ရှောက်ရန် လာခေါ်၍ မောင်ကံသည် ဖြူးမြို့တောင်ဘက်ရှိ ဟိန္ဒူအမျိုးသားများနေသော ဂျကပူးရွာသို့ ပြန်လည်လိုက်ပါသွားသည်။

မောင်ကံသည် ဂျကပူးရွာရောက်သော် တစ်ဖက်က တူ၏ အိမ်ဝေယျာဝစ္စကို တတ်နိုင်သလောက် လုပ်ပေးပြီး တစ်ဖက် ကလည်း ဒက္ခိဏာရုံဆရာတော် သင်ပေးလိုက်သော သီလ ကျင့်စဉ်နှင့် တရားကျင့်စဉ်ကို့တင်ါနိုင်သရွေ့ စောင့်ထိန်းသည်။ ကျင့်ကြံပွားများအားထုတ်ခဲ့သည်။

ဤသို့ဖြင့် နေလာခဲ့ရာ မောင်ကံဘ၀၊ ဘ၀နေဝင်ချိန်သည် တဖြည်းဖြည်း နီးလာခဲ့သည်။ မမြဲသော ခန္ဓာ၊ ပျက်စီးတတ်သော

www.dhammaransi.com



ခန္ဓာကိုယ်ကြီးက ဖော့ဘွာခိုနိုပ်စက်မှုကို အလူးအလိမ့်ခံစားရသည်။ တူတော်သူကလည်း တတ်နိုင်သရွေ့ ပြုစုစောင့်ရှောက်သည်။ ဆေးဝါးကုသပေးသည်။

သို့သော် မောင်ကံ၏ဘဝ ခန္ဓာအိုးအိမ်က မခိုင်မာတော့။ ယိုယွင်းပျက်စပြုလေပြီဖြစ်သည်။

တစ်နေ့သောအချိန်တွင် မောင်ကံသည် ရောဂါဝေဒနာ ဖေါက်ပြီး သတိမေ့သွားသည်။ တူနှင့် တူမ ဆွေမျိုးသားချင်း အားလုံးက မောင်ကံသေပြီဟု ယူဆကာ ငိုကြွေးပူဆွေးကြသည်။

မောင်ကံမျက်နှာသည် ကြည်လင်နေသည်။ ပြုံးနေသည်။ ကြည်လင်သော ပြုံးမျက်နှာဖြင့် သေသွားသော မောင်ကံကို သူတို့တွေ ဘယ်လိုမှ အမှတ်မထားကြ။ သေသည်ဟုပင် အာရုံပြုမိနေကြသည်။

သေသူကို သူတို့ ဘာသာသဘာဝအရ အလောင်းကို မြေကျရန် စီမံပြင်ဆင်ကြသည်။ ထိုခဏမှာပင် မောင်ကံ သတိပြန်လည်လာသည်။သူ့ကို အလောင်းပုံသဏ္ဌာန် ပြင်ဆင်ထားသည်ကို တွေ့ရသောအခါ အံ့သြပြီး-

"ငါ့ကို ဘာလုပ်ထားကြတာလဲ"ဟု တအံ့တသြ မေးသည်။

"ဦးလေး သေပြီထင်ပြီး စီမံကြတာပါ"

တူ၊ တူမ၊ ဆွေမျိုးတွေ ဝမ်းသာအားရ တအံ့တသြ ဖြေကြသည်။

www.dhammaransi.com



"ငါ မသေသေးပါဘူးကွာ။ ငါ အထက် ဘုံဗိမာန် တစ်ခု ရောက်သွားတာကွ၊ ငါနေရမယ့် ဘုံဗိမာန်လို့ အဲဒီက နတ်သမီးတွေက ပြောတယ်။ ပြီးတော့ ကြီးမားတဲ့ ဘုရားကြီးတစ်ဆူထံသို့လည်း ပို့ကြတယ်။ အဲဒီဘုရားကြီးကိုလည်း ငါဖူးခဲ့တယ်။ ငါ ဗုဒ္ဓဘာသာဘုန်းကြီး တရားနာချင်တယ်ကွာ။ ငါ့ကို ငါ့ဆရာတော် ပင့်ပေးပါ"

မောင်ကံက ပကတိကြည်လင်သောအသံဖြင့် ပြောသည်။ တူ၊ တူမတွေမှာ ဘာမှနားမလည်။ တူကသာ သူ့ဦးလေး အလိုဆန္ဒအတိုင်း ဒက္ခိဏာရုံ ကျောင်းတိုက်သံဃာတော်များကို ပင့်ပေးသည်။ ဆရာတော်မရှိ၍ စာချဆရာတော်နှင့် သံဃာတော် (၅)ပါးကြွလာသည်။ စာချဆရာတော်သည် မောင်ကံနှင့် ရင်းနှီးပြီးသား။ မောင်ကံအပေါ်၌လည်း သံယောဇဉ်ရှိသော ဆရာတော်ဖြစ်သည်။

ဆရာတော်သံဃာတော်များ ကြွလာသောအခါ မောင်ကံက ရောဂါဝေဒနာ ခံစားနေရပုံ ပုံသဏ္ဌာန်မပြ။ ကြည်ကြည်လင်လင်နှင့်ပင် အိပ်ရာထက်မှ လက်အုပ်ချီပြီး မေ့သွားစဉ် ရောက်ခဲ့ရသော ဘုရားနှင့် ဘုံဗိမာန်အကြောင်း လျှောက်ထားပြသည်။ ပရိတ်နာလိုကြောင်း လျှောက်သည်။

ဆရာတော်က "မောင်ကံ မင်းပြုခဲ့တဲ့ သံဃာဝေယျာဝစ္စကုသိုလ်အကျိုးတွေ မင်း ခံစားရဖို့ ကြုံလာတာ ဖြစ်ပါမယ်"ဟု

မိန့်ကြားပြီး သံဃာတော်များနှင့်အတူ မောင်ကံကို ဝိုင်း၍ ပရိတ်မေတ္တာ ရွတ်ဖတ်ပေးကြသည်။

ဆရာတော်များ ပရိတ်မဆုံးခင် မောင်ကံသည် ရင်ဘက်ပေါ်တွင် လက်တင်ရှိခိုးကာ ကြည်လင်အေးမြသော မျက်နှာဖြင့် ဘဝဇိဝိန် ချုပ်ငြိမ်းသွားပါတော့သည်။

"မောင်ကံသည် မသေခင်ကပင် မိမိရောက်ရမည့် ဘုံဗိမာန်သို့ ကြိုတင်ရောက်သွားခဲ့ပြီး ပြန်လာကာ ပရိတ်နာလျက် မိမိဘုံဗိမာန်သို့ ပြန်သွားသူဖြစ်ပေသည်"

ဟုဆရာတော်က မိန့်ကြားကာ မောင်ကံအလောင်းကောင်မှ ထ,၍ ကျောင်းသို့ ပြန်ကြွသွားခဲ့ကြပါတော့သည်။

## ရှင်မထီးတန်ဆောင်းမှ တာဝတိံသာစူဠာမဏီသို့ ရောက်ရသော ဆရာဝန်ကြီးဦးသိန်း

ကျွန်တော်တို့ သာထွန်းပြန့် ဓမ္မစာစောင် အယ်ဒီတာအဖွဲ့သည် အယ်ဒီတာအဖွဲ့ရုံးတွင် စာမူကိစ္စများ ဆွေးနွေး ညှိနှိုင်းနေကြပါသည်။ ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာနမှ အကြံပေးပညာရှင်အဖွဲ့ရုံး၌ အကြံပေးပညာရှင်နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဝိနယပိဋကဌာန၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာကြီးဦးအောင်ခိုင် (သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ)သည် စာရေးသူတို့အယ်ဒီတာအဖွဲ့သို့ ရောက်လာပါသည်။

www.dhammaransi.com



"ကိုရင်သီရိတို့အဖွဲ့ စာမူတွေ ရွေးနေကြတာလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကိုရင်သီရိက သေရွာပြန်တွေအကြောင်း ရေးနေလို့ ဟောဒီမှာ ဆရာကြီးရဲ့မိတ်ဆွေ ဦးထွန်းက သူ့ရဲ့မိတ်ဆွေကြီး ဦးသိန်းတာဝတီံသာနတ်ပြည်ရှိ စူဠာမဏိစေတီ ဖူးရတာတို့ ဆိုတဲ့အကြောင်းတွေက ကျွန်တော်တို့ သာထွန်းပြန့် ဓမ္မစာစောင် မူဝါဒနဲ့ ကိုက်ညီမလား"

ဆရာကြီးက ပြောပြောဆိုဆို စာမူကို ထိုးပေးသည်။

အယ်ဒီတာအဖွဲ့ဝင် ဦးသန်းစိုးက ဆွေးနွေးသည်။

"ကိုက်ညီပါတယ်ဗျ၊ ကိုသီရိလဲ သိသားပဲဟာ။ ဇာတက အဋ္ဌကထာ(၁)မှာ 'မကိုဋ္ဌနှင့်တကွ ဆံတော်ကို စေတီအတွင်းမှာ ထည့်သွင်း၍ ဌာပနာထားသောစေတီသည် တာဝတိံသာနတ်ပြည်တွင်ရှိသည်။ တောထွက်တော်မူလာသော ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် မကိုဋ္ဌနှင့်တကွ ဆံထုံးတော်မြတ်ကိုဖြတ်၍ ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မူ ဤဆံထုံးသည် မြေသို့မကျဘဲ ထက်ကောင်းကင်မှာ တည်စေသတည်း၊ ဘုရားမဖြစ်ခဲ့မူ ဤဆံထုံးသည် မြေသို့ကျစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ပစ်တင်လိုက်လေသည်။ သိကြားမင်းသည် ဒိဗ္ဗစက္ခုဖြင့်မြင်ရ၍ ရတနာပန်းကလာပ်ဖြင့် ခံယူလျက် တာဝတိံသာနတ်ပြည်မှာ စေတီတည်ထားကိုးကွယ်သည်။ ယင်းစေတီတော်သည်

www.dhammaransi.com



မကိုဋ်တော်နှင့် ဆံတော်ကို အစွဲပြု၍ စူဠာမဏိစေတီဟု တွင်သည်။ စေတီတော်၏ ဉာဏ်တော်အမြင့်သည် ၃၂ ယူဇနာရှိသည်။ ရတနာခုနစ်ပါးဖြင့် ပြီးသည်’ဟု ဖော်ပြထားတယ် မဟုတ်လား”

“ဟုတ်ပါတယ်ဆရာကြီး၊ ဒီဃနိကာယ်အဋ္ဌကထာမှာလည်း ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့ ဒေါဏပုဏ္ဏားခေါင်းပေါင်းကြားမှာ ဝှက်ထားသော လက်ျာစွယ်တော်ကို သိကြားမင်းသည် ရွှေပန်းကလားပ်ဖြင့် ယူပြီး စူဠာမဏိစေတီမှာပင် ထားပြီး ကိုးကွယ်ထားတယ်လို့ ဖွင့်ဆို ရေးပြထားတာလဲ ရှိပါတယ်”

“အေး…ဒီတော့ တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီရှိတာကတော့ သေချာပြီ။ နောက် ယခု ဦးသိန်းက ဘုရားလက်ထက်က ဓမ္မိကဥပါသကာကြီးလို မသေခင် နတ်ပြည်ရောက်ပြီး အဲဒီစေတီကို ဖူးတွေ့ခဲ့ရတဲ့ သေရွာပြန်ကြီးဗျ။ အဲဒီအကြောင်းကို သူ့မိတ်ဆွေ ဦးထွန်းက မှတ်တမ်းတင်ရေးထားတာ။ အဲဒါကို ဖတ်ကြည့်ပြီး ဗုဒ္ဓဘာသာဝင်တို့အတွက် အားကျ အတုယူရစေဖို့ သင့်ရာစာစောင်မှာ ထည့်ပေးစေလိုပါတယ်ဗျာ”

“ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်ဖတ်ကြည့်မယ်၊ သင့်တော်ရင် သုံးပါ့မယ်”

ကျွန်တော်သည် ဆရာကြီးကို ထိုကဲ့သို့ ဝန်ခံခဲ့ပြီး သူပေးသော သေရွာပြန် တာဝတိံသာရောက် ဦးသိန်းအကြောင်း စာမူကို ယူခဲ့ပါသည်။ ရုံးမှ အိမ်ပြန်ရောက်ပြီး အနားယူချိန်တွင်

www.dhammaransi.com



ဦးသိန်းအကြောင်းကို ဖတ်မိပါတော့သည်။ ထိုစာမူကို ရေးသားသူမှာ ဦးသိန်း၏မိတ်ဆွေ ဦးထွန်း ဖြစ်ပြီး အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

ဦးသိန်းနှင့် ကျွန်တော် တစ်ဦးနှင့်တစ်ဦး သိကျွမ်းခဲ့သည်မှာ နှစ်ပေါင်း ၂၀-မျှ ကြာညောင်းခဲ့ပါသည်။ တစ်ယောက်နှင့်တစ်ယောက်မှာလည်း အထူး ချစ်ခင်လေးစားခဲ့ကြပါသည်။

စ,၍ သိခဲ့ရသော အကြောင်းရင်းမှာ ထိုစဉ်အခါက ကျွန်တော်သည် မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း၌ အလုပ်လုပ်နေချိန် ဖြစ်ပါသည်။

ရွှေတိဂုံ ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမောင်မောင်ညွန့်က ရှင်မထီးတန်ဆောင်းပြင်ရန် တာဝန်ယူနိုင်,မယူနိုင် ကျွန်တော့်ကို မေးခဲ့ပါသည်။ ကျွန်တော်က တာဝန်ယူ ပြင်ဆင်နိုင်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။

ထိုအချိန်က ဦးသိန်းသည် ရှင်မထီးတန်ဆောင်း၌ ဓမ္မမိတ်ဆွေများအား ကိုယ့်စရိတ်ဖြင့် ဧည့်ခံကျွေးမွေးပြီး တရားဟောပြောခြင်း၊ တရားဆွေးနွေးခြင်းများကို အပတ်စဉ်တိုင်း ပြုလုပ်နေချိန် ဖြစ်ပါသည်။

ဦးသိန်းသည် ရွှေတံဆိပ်ရ ကျောက်ဝက်သက်ရောဂါအထူးကုသမားတော်ကြီးတစ်ဦး ဖြစ်ပါသည်။ ကိုယ်တွေ့ကုထုံးကျမ်းတစ်ကျမ်းကိုလည်း ရေးသားပြုစုခဲ့သူ ဖြစ်ပါသည်။

www.dhammaransi.com



ဦးသိန်းသည် အလွန် စိတ်စေတနာ ကောင်းလှပါသည်။ သူတော်သူမြတ်စိတ် အပြည့်အဝရှိသည်။ ကုသိုလ်ရေး၌ အထုံဝါသနာ အလွန်ကြီးလှပါသည်။ သူသည် ရှင်မထီးတန်ဆောင်းမှာပင် သူ့ဘဝအချိန်ကို ကုန်စေခဲ့ပါသည်။ ဘုရားကိစ္စ တရားကိစ္စ သံဃာကိစ္စများ၌ ဂရုတစိုက် ဆောင်ရွက်လေ့ရှိပါသည်။ အချိန်ရတိုင်းလည်း ကုသိုလ်ရေးကိုသာ အမြဲ ရှာဖွေနေလေ့ရှိပါသည်။

ဤသို့ဖြင့် ရှင်မထီးတန်ဆောင်း၌ တရားဓမ္မမွေ့လျော်ပြီး သာသနာပြုနေသော ဦးသိန်းနှင့် ရှင်မထီးတန်ဆောင်းကို ပြုပြင်ခွင့်ရသော ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး အလွန်တရာ ချစ်ကျွမ်းဝင်သော မိတ်ဆွေများ ဖြစ်လာခဲ့ကြပါသည်။

၁၉၈၀ ခုတွင်၊ ဦးသိန်းသည် အသက်(၈၀)ကျော်လာပြီ ဖြစ်ပါသည်။ ထိုနှစ်မှာပင် သူ၏ စိတ်ထားဖြူစင်သော ဇနီးဖြစ်သူ ဒေါ်သန်း ကွယ်လွန်ခဲ့ပါသည်။

လူ့ဘဝဖြစ်လာမှုအစသည် ပျက်စီးခြင်းသာလျှင် အဆုံးရှိသည်ဆိုသော တရားစကား ရှိခဲ့ပါသည်။

၁၉၈၄ ခု နောက်ပိုင်းတွင် ဦးသိန်းသည် မကျန်းမမာ ဖြစ်လာပါတော့သည်။ ရှင်မထီးတန်ဆောင်း၌ တရားဓမ္မလာရောက် မဟောပြောနိုင်တော့ပါ။ ကျွန်တော်တို့ ဓမ္မမိတ်ဆွေများက ခဏခဏ သွား၍ အားပေးစကား ပြောကြားခဲ့ရပါသည်။

နောက်ပိုင်းတွင် အိပ်ရာမှ မထနိုင်တော့ပါ။ စကားကိုမူ

www.dhammaransi.com



ကောင်းစွာ ပြောဆိုနိုင်ပါသည်။ တရားသမားဖြစ်၍ သူသေမည့် နေ့ကို ကြိုတင်ပြင်ဆင်ထားဟန် ရှိပါသည်။

ကျွန်တော်နှင့်တွေ့တိုင်း တရားဟောပြောခြင်းနှင့် ရှင်မထီး တန်ဆောင်းအကြောင်းသာ မေးလေ့ရှိပါသည်။ ကျွန်တော် နောက်ဆုံးအခေါက် ရောက်ပြီး ၂-ရက်အကြာတွင် ဦးသိန်းသည် သတိမေ့သွားပါသည်။ ၃-၄ နာရီလောက် ကြာပါသည်။ ကျွန်တော်တို့လည်း သတင်းရ၍ သွားကြပါသည်။ ကျွန်တော်တို့ ရောက်သွားသောအခါ သတိပြန်လည်လာသည်နှင့် ကြုံတွေ့ရပါသည်။

ကျွန်တော်ရောက်နေကြောင်း ပြောပြသောအခါ မျက်စိဖွင့် ကြည့်ပြီး-

"ဦးထွန်း လာသလား"

ဟု ပြုံးရွှင်စွာ မေးပါသည်။ စကားကိုလည်း ဆက်ပြောပါသည်။

"ကျွန်တော် အခုပဲ တစ်နေရာ ရောက်သွားတယ်ဗျ။ ရေကန်ကြီးကလည်း အကြီးကြီးပဲဗျ။ ပေါက်နေတဲ့ ကြာတွေကလည်း လှလိုက်တာဗျာ။ ရေကန်နားမှာရှိနေတဲ့ ငှက်ပျောပင်နားမှာ သီးနေတဲ့ ငှက်ပျောသီးတစ်လုံး။ တစ်လုံးကလည်း တစ်တောင်လောက်ရှည်တယ်။ အဲဒီကလူတွေက ကျွန်တော့်ကိုကျွေးတယ်။ ကျွန်တော် မစားခဲ့ဘူးဗျ"

www.dhammaransi.com



ဦးသိန်းရောက်သွားသည့်ဘုံမှာ နတ်ပြည်အောက်ဆုံးဘုံဖြစ်သော စတုမဟာရာဇ်ဘုံ ဖြစ်လိမ့်မည်ဟု သူက ခန့်မှန်းဆိုပါသည်။

နောက်တစ်ကြိမ် သတိမေ့ပြန်ပါသည်။ သတိရလာသောအခါ ထိုရေကန်သို့ရောက်ပြီး ထိုလူများက ထိုငှက်ပျောသီးများကိုပင် ကျွေးကြောင်း၊ သူ မစားခဲ့ကြောင်း ပြောပြပါသည်။

ထို့နောက် ဆုံးခါနီး တစ်ရက်အလိုတွင် ဦးသိန်းထံ ကျွန်တော် ထပ်မံရောက်သွားပါသည်။ သတိမေ့ပြီး သတိရခါစပဲ ရှိသေးသည်ဟု သူ၏ သားသမီးများက ပြောပါသည်။

သူ့မှာ အလွန်အားနည်းနေပါသည်။ မျက်စိမှိတ်ပြီး မှိန်းနေပါသည်။ ကျွန်တော်က သူ့ကို ခေါ်လိုက်ပါသည်။

"ဩော်...ဦးထွန်းလား၊ အေးဗျာ၊ ခင်ဗျားကို ပြောပြချင်လိုက်တာ။ ကျွန်တော် ယခင်က ရေကန်နဲ့ ငှက်ပျောတောပဲ ပြန်ရောက်သွားတယ်ဗျ။ အဲဒီကလူတွေက သူတို့ငှက်ပျောသီး မစားရင် ပြန်သွားလို့ ပြောလိုက်တော့ ကျွန်တော် ထွက်လာလိုက်တာ တစ်နေရာရောက်သွားတယ်ဗျ။ အဲဒီရောက်သွားတဲ့နေရာမှာ ဇရပ်ကြီးကလည်း အကြီးကြီးပဲ။ အလွန်ခမ်းနားလှပပြီး ရတနာခုနစ်ပါးအရောင်တွေက တဖျပ်ဖျပ် တောက်ပနေတယ်ဗျ။ ဇရပ်ကြီးအနီးမှာလည်း စေတီကြီးတစ်ဆူရှိနေတယ်။ ရွှေတိဂုံဘုရားထက် အများကြီး ကြီးတယ်။ ဖြိုးဖြိုးဖျပ်ဖျပ် ရွှေရောင်တဝင်းဝင်းတောက်နေတာ တွေ့ရတယ်ဗျ၊ ဇရပ်ကြီးပေါ်မှာ တရားနာနေသူတွေ၊ ဇရပ်ဆီသို့လာနေကြတဲ့သူတွေက အလွန်

www.dhammaransi.com



လှလည်းလှ၊ ကျက်သရေရှိတဲ့ ယောကျာ်း မိန်းမတွေပါပဲ။ အဝတ်အစားတွေကလည်း အလွန်တောက်ပ ကောင်းမွန်လိုက်တာ၊ လူ့ပြည်က ပိုးဖဲကတ္တီပါနဲ့တောင် နှိုင်းယှဉ်လို့ မရပါဘူး။ အသေးစိတ်ပြည့်စုံအောင် ပြောပြလို့လည်း လွယ်မယ်မထင်ဘူး။ ကျွန်တော် အဲဒီနေရာမှာ နေမယ်လို့ ဆုံးဖြတ်မိတယ်ဗျ"

ဦးသိန်းသည် ကျွန်တော့်အား ဤသို့ စကားရှည်လျားစွာ ပြောပြီး အားနည်းလာသဖြင့် ပြန်မှိန်းနေပါသည်။ ကျွန်တော်လည်း အလိုက်သိစွာ သူ အနားရစေရန် ထ,၍ ပြန်လာခဲ့ပါသည်။

ကျွန်တော်ပြန်သွားပြီးနောက် မကြာခင် ၁၉၉၄ ခု၊ အောက်တိုဘာ ၂၄ ရက်တွင်ပင် ကွယ်လွန် အနိစ္စရောက်သွားပါတော့သည်။

မသေခင်ကပင် နတ်ပြည်နိမိတ်ထင်နေခဲ့သော ဦးသိန်းသည် မုချ ဆက်ဆက် တာဝတိံသာနတ်ပြည်ရောက်ပြီး စူဠာမဏိစေတီကို တွေ့ရပြီး သုဓမ္မာဇရပ်မှာ တရားနာနိုင်ကာ နတ်စည်းစိမ်ကို ခံစားနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သည်။

**ဦးထွန်း၊ ဗဟန်း(၂)လမ်း**

**ရန်ကုန်။**

* * *

စာရေးသူသည် ဦးသိန်း၏ ဘဝအတွေ့အကြုံကို အားရကျေနပ် နှစ်သက်မိရင်း မိမိအိမ် ဘုရားစင်ရှေ့ တရားထိုင်နေကျ

www.dhammaransi.com



နေရာဆီသို့ ရှေ့ရှုသွားရောက်လျက် သတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများနေမိပါတော့သည်။

တက္ကသိုလ်သျှင်သီရိ
(မဟာစရိယ၊ ဘီအေ)

www.dhammaransi.com


## အသိမှန် အမြင်မှန်ဖြင့် နည်းလမ်းမှန်

## တိုးတက်အောင်မြင်လိုသူများအတွက် စာအုပ်ကောင်းတစ်အုပ်

- ဗုဒ္ဓသာသနာတော်အတွက် ငွေကျပ် သန်းပေါင်းများစွာ မြှုပ်နှံလှူဒါန်းသူ
- တောင်ပေါ်မြေပြန့် ဒေသအနှံ့ သာသနာပြုကျောင်း များစွာကို တည်ထောင်ခဲ့သူ
- မကြုံဖူး မကြားဖူး အသက်နှင့် ကိုယ်ခန္ဓာကို သာသနာ့အကျွန် အဖြစ်လှူသူ
- လူငယ် လူရွယ်များအား ပေါင်းသင်းဆက်ဆံရေးနှင့် တိုးတက်ကြီးပွား ချမ်းသာနည်းများကိုပေးသူ
- ပစ္စည်းကိုမချစ် သမိုင်းကိုသာချစ်သူ

# နိုင်ငံကျော် ဓမ္မကထိက ဦးလှသိန်း၏

# ဟောပြောချက်တရားတော်များ

## အတွဲ (၁)

**မုဏာနာဂျေမန်း**

**[မြတ်ပန်းရတုံစာပေဦးချုပ်]**

**စီစဉ်တင်ဆက်သည်။**

မြတ်ပန်းရတုံစာပေမှ ဖြန့်ချိ၍ အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.dhammaransi.com

- အသက်ကိုပင် ပမာမထား စွန့်စားလိုသောစိတ်ဓာတ်
- အနစ်နာခံ ကြိုးပမ်းတတ်သည့် ဖွဲလုံ့လနှင့် အားနွဲ့သူကို ဖေးကူလိုသည့် စေတနာ
- ကောင်းမွန်မြင့်မြတ်သည့် အထက်တန်းကျသော လုပ်ရပ် စေတနာနှင့် မေတ္တာ ကရုဏာတရားတို့ မွေးကြိုင် သင်းပျံ့နေသည့်...

## ဝိက္ကမာဒိတျမင်းတရားကြီး၏ သောနတိုင်း

# ဘုရင့်သမီးတော်

နှင့်

# အခြားပုံဝတ္ထုများ

ရဟန်းမြေမန်း စိစဉ်တင်ဆက်သည်

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.dhammaransi.com


ဘဝကို အကျိုးရှိရှိ တည်ဆောက်လိုသူများအတွက်
ဘာသာရေးစာစောင်ကောင်းတစ်ခု

**စာတည်းချုပ်-ရတနာရွှေမန်း**

တည်းဖြတ်၍

**မြတ်ပန်းရုံ ဦးခင်မောင်ဦး**

စီစဉ်ထုတ်ဝေသည့်

# မြတ်ပန်းရုံ

ရုပ်စုံဝမ္မစာစောင်

တစ်လတစ်ကြိမ် အချိန်မှန်ထွက်နေပြီ

ဖြန့်ချိရေး - မြတ်ပန်းရုံစာပေ

၅/၉၁၉၊ ရော (၆)လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.dhammaransi.com

တက္ကသိုလ် ချစ်သိရီ
ဓမ္မာစရိယ၊ဘီအေ

# နတ်ပြည်ရောက်လူသားတို့၏ ဘဝအတွေ့အကြုံများ

